ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

ချမ်းသာခြင်းအကြောင်းတရား

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 29 July 2020 ၁၀၀၈၈

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလတွင် ရုပ်ရှင်လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေးနှင့်စပ်လျဉ်း၍ ဦးဆောင်စီမံဆောင်ရွက်နေသူများနှင့် အပြန်အလှန်ဆွေးနွေး





Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလတွင် ရုပ်ရှင်လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေးနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးညီညီထွန်းလွင်၊ မင်္ဂလာရုပ်ရှင်ရုံများအုပ်စုဥက္ကဋ္ဌ ဦးဇော်မင်းတို့နှင့် အပြန်အလှန်ဆွေးနွေးစဉ်။

နေပြည်တော် ဇူလိုင် ၂၈

Coronavirus Disease 2019(COVID-19)ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလတွင် ရုပ်ရှင်လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေးနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးညီညီထွန်းလွင်၊ မင်္ဂလာရုပ်ရှင်ရုံများအုပ်စုဥက္ကဋ္ဌ ဦးဇော်မင်းတို့နှင့် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံ၍ လက်တွေ့အခြေအနေများကို အပြန်အလှန်ဆွေးနွေးသည်။

ရှေးဦးစွာ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယခုအခါတွင် ကိုဗစ်နှင့်ပတ်သက်ပြီး ပြည်သူများပေါ့ဆလာသည်ကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက များစွာစိုးရိမ်နေပါကြောင်း၊ ယခုအချိန်သည် ပေါ့ဆ၍ရသည့်အချိန် မဟုတ်သေးသည့်အတွက် ဆက်လက်၍ သတိနှင့် နေထိုင်ရမည်ဖြစ်ပါကြောင်း၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

- ☆ ရုပ်ရှင်ရိုက်နေသည့်အချိန်တွင် ရောဂါမကူးစက်အောင် ထိန်းသိမ်းရမည်
- ☆ ရုပ်ရှင်များရိုက်ပြီးပြီဆိုပါက ပရိသတ်များ ကြည့်ရှုနိုင်ရန်အတွက် ရုပ်ရှင်ရုံများသည် များစွာအရေးကြီး
- ☆ စည်းမျဉ်းစည်းကမ်း ညွှန်ကြားချက်များနှင့် ကိုက်ညီအောင် ဆောင်ရွက်နိုင်သည့်အချိန်တွင် ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်နိုင်မည်

COVID-19 ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းနှင့် လက်ရှိအခြေအနေအား ယေဘုယျခြုံငုံသုံးသပ်ချက် အကျဉ်းချုပ်

နေပြည်တော်၊ (၂၀၂၀)ပြည့်နှစ်၊ ဇူလိုင် (၂၈) ရက်

- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ဤ COVID-19 ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ခဲ့ခြင်းလုပ်ငန်းကို ပြည်သူ့ကျန်းမာရေးရှုထောင့်၊ ကပ်ရောဂါဗေဒဆိုင်ရာရှုထောင့်၊ ကုသရေးပိုင်းဆိုင်ရာရှုထောင့်၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေးနှင့် အခြားရှုထောင့်မျိုးစုံမှကြည့်ရှု၍ သုံးသပ်ပြီး ဆောင်ရွက်ခဲ့ပါသည်။
- ယင်းသို့ ကာကွယ်ထိန်းချုပ်ရာ၌ ဤကပ်ရောဂါ၏ ဖြစ်ပွားမှုပုံသဏ္ဌာန်၊ ကူးစက်ပြန့်ပွားမှု အရှိန်အဟုန်ပေါ်မူတည်၍ ထိန်းချုပ်ရေးလုပ်ငန်းများကို လိုအပ်သလို အားထည့်မှုပြုပြီး ပြောင်းလဲကျင့်သုံးကာ ဆောင်ရွက်ခဲ့ပါသည်။
- ယခုအခါထိန်းချုပ်မှုများကို ဖြေလျှော့မှုများ ပြုလုပ်ရာ၌လည်း "စပရိန်တစ်ခုကို ဖိထားရာမှ ရုတ်ချည်းလွှတ်လိုက်ပါက တွန်းကန်ခုခံထွက်သွားနိုင်သဖြင့် တဖြည်းဖြည်းသာ ဖိအားကိုလျှော့ချရသည့် အလားသဏ္ဌာန်နှင့်တူစွာ" ရောဂါ၏ ဖြစ်ပွားမှုအရှိန်အဟုန်နှင့် ပျံ့နှံ့ကူးစက်မှုပေါ်မူတည်၍ ဖြေလျှော့မှုများကို တစ်ဆင့်ချင်း၊ တစ်ဆင့်ချင်း လျှော့ချ၍ ဆောင်ရွက်လျက်ရှိပါသည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

နေပြည်တော် ဇူလိုင် ၂၈

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်း ပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စု ရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်



ကျန်းစုမြို့နယ်၌ မြစိမ်းရောင်ငါးကဏ္ဍ ကျေးရွာကော်မတီပြန်လည်ဖွဲ့စည်း

ကျန်းစု ဇူလိုင် ၂၈

တနင်္သာရီတိုင်းဒေသကြီး ကျန်းစုမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသည် ကျေးရွာနေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းရရှိ၍ မိသားစုဝင်ငွေတိုးကာ ဆင်းရဲမှုလျော့ချနိုင်ရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်လျက် ကံမော်ကျေးရွာ မြစိမ်းရောင်ငါးကဏ္ဍ စီမံကိန်းအား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ဒုတိယအကြိမ် ကျေးရွာကော်မတီ ပြန်လည်ရွေးချယ် တာဝန်ပေးအပ်ခြင်းကို ယမန်နေ့ မွန်းလွဲပိုင်း တွင်ကံမော်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ခမ္မာရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးညီညီလင်းထွဋ်က ကျေးရွာကော်မတီများ ပြန်လည်ရွေးချယ်ရာတွင် သတ်မှတ် အရည်အချင်းနှင့်ကိုက်ညီသူ၊ စိတ်ပါဝင်စားစွာ လုပ်ကိုင်နိုင်သူတို့ကို ရွေးချယ်ပေးကြရန် ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာသူ ကျေးရွာသားများက ယခင်ကော်မတီဥက္ကဋ္ဌ ဦးသန်းဌေးပါ ခုနစ်ဦးကိုသာ ဆက်လက် တာဝန်ပေးအပ်ရန်နှင့် ရပ်ကွက်(၂)မှ လိုအပ်သော ကော်မတီဝင်နှစ်ဦးအား ထပ်မံထည့်သွင်းဖွဲ့စည်းပေးရန် တင်ပြချက်အရ ဆန္ဒမဲပေး ရွေးချယ်စေပြီး စုစုပေါင်း ကျေးရွာကော်မတီ ကိုးဦးဖြင့် ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၂၈-၇-၂၀၂၀)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာ ဝောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၁၀,၀၀၀	၁၀,၅၀၀	၂,၄၁၉	၂၄,၂၄၂,၀၀၀
MTSH	၃,၈၀၀	၃,၇၅၀	၃,၀၀၄	၁၁,၃၀၇,၁၅၀

MCB	၈,၂၀၀	၈,၂၀၀	၁	၈,၂၀၀
FPB	၂၂,၀၀၀	၂၂,၀၀၀	၄၀	၈၈၀,၀၀၀
TMH	၂,၇၅၀	၂,၇၅၀	၀	၀
EFR	၂,၇၅၀	၂,၇၀၀	၇	၁၉,၁၅၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဇူလိုင် ၂၈

ရန်ကုန်(ရွှေဈေး) ၁၂၈၅၀၀၀ မန္တလေး(ရွှေဈေး) ၁၂၈၅၀၀၀

စက်သုံးဆီအမျိုးအစား		ရန်ကုန်		မန္တလေး
(က) အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၅၅၀/၅၈၅	ကျပ်	၅၈၅/၆၀၅ ကျပ်
(ခ) ဒီဇယ်	တစ်လီတာ	၅၄၀/၅၇၀	ကျပ်	၅၇၀/၅၉၀ ကျပ်
(ဂ) အောက်တိန်း ၉၅	တစ်လီတာ	၆၂၀/၆၃၅	ကျပ်	၆၇၅/၇၀၀ ကျပ်
(ဃ) အောက်တိန်း ၉၂	တစ်လီတာ	၄၉၀/၅၂၀	ကျပ်	၅၅၀/၅၇၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ်	တစ်လီတာ	၄၉၀/၅၀၅	ကျပ်
အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၅၀၀/၅၁၅	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၄၅၅/၄၆၅	ကျပ်

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

နိုင်ငံခြားငွေလဲလှယ်နှုန်း			မြန်မာငွေကျပ်
(က) အမေရိကန်	တစ်ဒေါ်လာ	=	၁၃၆၁.၃
(ခ) ဥရောပ	တစ်ယူရို	=	၁၅၉၅.၄
(ဂ) တရုတ်	တစ်ယွမ်	=	၁၉၄.၃၇
(ဃ) ထိုင်း	တစ်ဘတ်	=	၄၃.၁၁၃
(င) မလေးရှား	တစ်ရင်းဂစ်	=	၃၂၀.၀၈
(စ) အိန္ဒိယ	တစ်ရူပီး	=	၁၈.၁၉၁
(ဆ) ဩစတြေးလျ	တစ်ဒေါ်လာ	=	၉၇၂.၄၀
(ဇ) စင်ကာပူ	တစ်ဒေါ်လာ	=	၉၈၆.၂၀
(ဈ) ဂျပန်	တစ်ရာဃနိုး	=	၁၂၉၁.၇
(ည) တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၁၃.၄၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် – ဦးစိုးမိုးနိုင်
စာတည်းမှူး – ဦးဝင်းနိုင်
သတင်းထောက်မှူး – ဦးမြင့်စိုး
စာတည်းများ – ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ – ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း – ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဦ၊
သတင်းထောက်များ – ဒေါ်နေဇာဇာထွန်း
အငယ်တန်း – ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊
သတင်းထောက်များ – ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် – ဦးခင်မောင်ဝင်း
သုတေသန – ဒေါ်ဇင်မာဝင့်
စာပြင် – ဒေါ်ခင်နှင်းယု၊ ဦးဝေမင်းသူနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း – ဦးခိုင်ဝင်း၊ ဦးကျော်သူရဏ္ဍနှင့် အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း – ဦးစိုးချစ်ဦး၊ ဦးဒီပါထွန်းနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေးရုံး – ၀၁-၈၆၁၀၆၈၅၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၄၅၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ကိုဗစ်ကင်းဝေး အချက်သုံးချက်လိုက်နာပေး

ကိုဗစ်-၁၉ ကပ်ရောဂါကို အဆိုးရွားဆုံး ကျန်းမာရေးအရေးပေါ်အခြေအနေအဖြစ် ရင်ဆိုင်နေဆဲဖြစ်သည်ဟု ယမန်နေ့က ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲက ပြောကြားခဲ့သည်။ ကြောက်မက်ဖွယ်ကောင်းသော ကူးစက်ကပ်ရောဂါဘေးကို ကမ္ဘာ့သမိုင်းတွင် ကြုံတွေ့ခဲ့ကြရပြီးဖြစ်သည်။ ကပ်ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း လူသိန်းသန်းချီ သေဆုံးပျက်စီးခဲ့မှုများမှာ အချိန်ကာလတစ်ခုအထိ ကြာမြင့်ခဲ့သည်။

ကပ်ရောဂါအသစ်အဆန်းများသည် စတင်ဖြစ်ပွားပြီးနောက် အလိုအလျောက် ပျောက်ပျက်သွားခြင်းမရှိဘဲ ရောဂါကာကွယ်ဆေး စမ်းသပ်ဖော်ထုတ်မတွေ့ရှိသရွေ့၊ လူအများအားလုံး ရောဂါကာကွယ်ရေးဆိုင်ရာ ကျန်းမာရေးအချက်အလက်များကို မလိုက်နာသရွေ့ ကူးစက်ရောဂါမှာ အရှိန်အဟုန်ဖြင့် ကာလတစ်ခုအထိ အချိန်ကြာမြင့်စွာရှိနေတတ်သည်ကို ရောဂါဖြစ်စဉ်သမိုင်းများနှင့် လက်ရှိဖြစ်ပေါ်နေမှု အနေအထားများအရ ဆင်ခြင်သတိပြုမိကြရမည်ဖြစ်သည်။

လက်ရှိတွင် ရောဂါဖြစ်ပွားနေသော ကမ္ဘာပေါ်ရှိနိုင်ငံများ၏ ဖြစ်စဉ်အတွေ့အကြုံများအရ ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးဆိုင်ရာ လိုက်နာရမည့်အချက်များကို တိကျစွာလိုက်နာဆောင်ရွက်ကြသော နိုင်ငံများတွင် ရောဂါကူးစက်မှုကို ဟန့်တားထိန်းချုပ်နိုင်ပြီး ရောဂါများ တစ်စတစ်စ ပျောက်ကင်းသက်သာ ကင်းစင်လာသည်ကိုတွေ့ရသည်။ ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးဆိုင်ရာလိုက်နာရမည့်အချက်များကို လိုက်နာရန် အားနည်းသောနိုင်ငံများတွင် ရောဂါကူးစက်မှုကို မထိန်းချုပ်နိုင်ဘဲ နေ့စဉ်နှင့်အမျှ တိုးတက်များပြားလာသည်ကို တွေ့ရမည်ဖြစ်သည်။

ကျန်းမာရေးဆိုင်ရာ လိုက်နာရမည့်အချက်များကို လိုက်နာကြ၍ ရောဂါကို ကာကွယ်ထိန်းချုပ်နိုင်သော နိုင်ငံများတွင်လည်း ရောဂါကင်းစင်လာပြီဟူ၍ ပေါ့ဆလိုက်သည်နှင့်တစ်ပြိုင်နက် ရောဂါပြန်လည်ကူးစက်ဖြစ်ပွားလာသည်ကို တွေ့ရမည်ဖြစ်သည်။ ကမ္ဘာ့နိုင်ငံများ၏ဖြစ်စဉ်များကို ခြုံငုံသုံးသပ်ကြည့်မည်ဆိုလျှင် ရောဂါဘေးထက် နိုင်ငံအရေး၊ လူအများအရေး၊ ကိုယ့်သဘောဆန္ဒအလျောက် ကိုယ့်စိတ်နှင့်ကိုယ် နေထိုင်ကြသော အရေးတို့ကြောင့် ရောဂါကူးစက်မှုနှင့်သေဆုံးမှုများ တိုးပွားနေဆဲဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးပညာရှင်များ၏ သုံးသပ်ချက်အရ ရောဂါဖြစ်ပွားမှုကို ထိန်းချုပ်ရန်ခက်ခဲနေသည့် နိုင်ငံများသည် ရောဂါစတင်ဖြစ်ပွားစဉ် အသွားအလာကန့်သတ်မှုများကို စောစီးစွာမပြုလုပ်နိုင်ခဲ့ခြင်း၊ သက်ကြီးရွယ်အို များအား အထူးဦးစားပေး ကာကွယ်စောင့်ရှောက်မှု မပေးနိုင်ခဲ့ခြင်း၊ ရောဂါပိုး ကူးစက်ခံရခြင်းရှိ၊ မရှိကို အလေးအနက်ထားပြီး မစစ်ဆေးခြင်းနှင့် ရောဂါကူးစက်ခံနေရသော နေရာဒေသများသို့ သွားရောက်ခဲ့သူများအား ခြေရာမခံနိုင်ခြင်း စသည့်အချက်များကြောင့် ရောဂါကူးစက်မှုနှင့် သေဆုံးမှုများ ဆက်လက်တိုးပွားနေသည်ဟု ဆိုပါသည်။

မြန်မာတို့၏ဆိုရိုးစကားအရ အပ်နှင့်ထွင်းရမည်ကို ပုဆိန်နှင့်ပေါက်ရသည့် အဖြစ်မျိုးသို့ ရောက်သွားသောကြောင့် ထိန်းမနိုင်သိမ်းမရ အခြေအနေနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ၂၀၂၀ ပြည့်နှစ်အစ ကမ္ဘာတွင် ရောဂါစတင်ဖြစ်ပွားစဉ်ကတည်းက ရောဂါကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး လွှမ်းခြုံကာ အလေးထားဆောင်ရွက်နိုင်ခဲ့သည်။ နိုင်ငံတော်အစိုးရ၏ ကြိုတင်လက်ဦး ဆောင်ရွက်ပေးနိုင်မှုများနှင့် ပြည်သူလူထုအားလုံး၏ အသိတရားဖြင့် လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ပေးနိုင်မှုများကြောင့် ရောဂါဖြစ်ပွားမှုကို လက်ဦးမှုရယူဆောင်ရွက်နိုင်ခဲ့သည်။

လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို တရားဝင်ရှာဖွေဖော်ထုတ် အတည်ပြုကုသနိုင်ခြင်းမရှိသေးပေ။ စမ်းသပ်ကုသနေဆဲ အဆင့်သာ ရှိသေးသည်။ ကမ္ဘာတွင် ကိုဗစ်-၁၉ ရောဂါ အရှိန်မကျသေးဘဲ ဆက်လက်တိုးတက်ဖြစ်ပွားနေသည်ကို တွေ့ရသည်။ မည်သို့ပင်ဖြစ်စေ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် လက်ဝယ်ရှိပြီး အဓိကအချက်သုံးချက်ကို အားလုံးလိုက်နာကြလျှင် ရောဂါကင်းစေးမည်ဖြစ်သည်။ လူစုလူဝေးများကို ရှောင်ရှားခြင်း၊ နှာခေါင်းစည်းများကို ဝတ်ဆင်ခြင်းနှင့် လက်ကိုသန့်ရှင်းစင်ကြယ်စွာ ဆေးကြောခြင်းပင် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ယခုအခါ ကိုဗစ်-၁၉ ရောဂါပိုးတွေ့သူ ၃၅၀ ရှိပြီး ရောဂါမှ ပြန်လည်သက်သာလာသူ ၂၉၂ ဦး ရှိသည်။ သေဆုံးသူမှာ မဆိုစလောက်သာ ရှိပြီး ရောဂါနှင့်ပတ်သက်၍ စောင့်ကြည့်ရမည့်လူ ခြောက်ထောင်ကျော်ကို ဂရုစိုက်စောင့်ကြည့်လျက်ရှိသည်။ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အဓိက စောင့်ကြပ်ကြည့်ရှု ကာကွယ်ကုသမှုပေးလျက်ရှိသောမြို့မှာ ရန်ကုန်မြို့ပင်ဖြစ်ပြီး ရန်ကုန်မြို့တွင် ရောဂါကင်းစင်လျှင် တစ်နိုင်ငံလုံး ရောဂါဘေးအတွက် စိတ်အေးရမည်ဖြစ်သည်။ လက်ရှိတွင် အဓိကအချက်ဖြစ်သည့် ပြည်တွင်းနေသူအချင်းချင်း၌ ရောဂါကူးစက်မှုမရှိသည်ကို ပေါ့ပေါ့ဆဆ နေထိုင်လုပ်ကိုင်သွားလာမှုများရှိလာသည်မှာ စိတ်မအေးဖွယ်ဖြစ်သည်။ မျှော်လင့်မထားသော၊ မမျှော်မှန်းနိုင်သော ရောဂါပေါ်ပေါက်လာမည်ကို စိုးရိမ်ပူပန်ကာ သွားသတိ၊ လာသတိ သတိဝိရိယဖြင့် နေထိုင်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအတွက် နိုင်ငံအတွင်းရှိ ပြည်သူများအားလုံး ကျန်းမာရေးဌာနမှထုတ်ပြန်ထားသော လိုက်နာရမည့် အချက်များအနက် တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊ နှာခေါင်းစည်းများ ဝတ်ဆင်ခြင်း၊ လက်ကို သန့်ရှင်းစင်ကြယ်စွာ ဆေးကြောခြင်းဟူသည့် အချက်သုံးချက်ကို ရောဂါကင်းစင်သည်အထိ ဆက်လက်လိုက်နာကျင့်သုံးကြပါရန် လေးစားစွာ တိုက်တွန်းအပ်ပါသည်။ ။

ပြည်သူသာလျှင် အဓိက

☆ ရှေ့ဖုံးမှ

ရုပ်ရှင်လုပ်ငန်းကိုလည်း အခြားလုပ်ငန်းများနည်းတူ အမြန်ပြန်လည် လည်ပတ်စေလိုပါကြောင်း၊ ရုပ်ရှင်လုပ်ငန်းများကို အမြန်ပြန်လည် လည်ပတ်စေလိုသော်လည်း တစ်ဖက်တွင် ကျန်းမာရေးအတွက် စဉ်းစားစရာများရှိပါကြောင်း၊ တချို့နိုင်ငံများတွင် ကိုဗစ်ရောဂါကို ထိန်းချုပ်နိုင်ပြီဟု ထင်မြင်ပြီးမှ ပြန်လည်၍ တစ်ကျော့ပြန်ဖြစ်ပွားနေပါကြောင်း။

ကျန်းမာရေးစည်းမျဉ်းများ ထိန်းသိမ်း

မိမိတို့နိုင်ငံတွင် ကိုဗစ်ရောဂါကာကွယ်ရေးသည် အဓိကကျပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် ကုသရေးစရိတ်သည် မိမိတို့နိုင်ငံကဲ့သို့ ဖွံ့ဖြိုးမှုမရှိသေးသည့် နိုင်ငံအတွက် များစွာကြီးလေးသည့် ဝန်တစ်ခုဖြစ်ပါကြောင်း၊ ထို့ကြောင့် ကာကွယ်ရေးကို ဂရုစိုက်ရခြင်းဖြစ်ပါကြောင်း၊ ရုပ်ရှင်လုပ်ငန်းများနှင့်ပတ်သက်၍ ယနေ့တွင် အကြမ်းအားဖြင့် နှစ်မျိုးဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ ရုပ်ရှင်ရိုက်ကူးထုတ်လုပ်မှုများနှင့် ရုပ်ရှင်ရုံများတွင် ပြသခြင်းတို့ဖြစ်ပါကြောင်း၊ မည်သည့်လုပ်ငန်းများသည် ကျန်းမာရေး စည်းမျဉ်းစည်းကမ်းများကို ထိန်းသိမ်းနိုင်ရန် အတိုင်းအတာတစ်ခုအထိ ခက်ခဲမှုရှိမည်ဆိုသည်ကို စဉ်းစားရပါကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေးက ရုပ်ရှင်လုပ်ငန်းကို အောင်မြင်အောင် ပြန်လည်ရိုက်ကူးနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ရုပ်ရှင်လောကသားများသည် အပြန်အလှန်တစ်ဦးနှင့်တစ်ဦး ပံ့ပိုးရန်လိုအပ်ပါကြောင်း၊ ရုပ်ရှင်လုပ်ငန်းသည် အလွန်ကြီးမားသည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့်အပြင် ရုပ်ရှင်လုပ်ငန်းနှင့်ပတ်သက်၍ လူများစွာ အလုပ်အကိုင်ရရှိကြပါကြောင်း၊ ထို့ပြင် ရုပ်ရှင်လုပ်ငန်းသည် ပြည်သူများကိုလည်း စိတ်ချမ်းသာပျော်ရွှင်အောင် လုပ်ဆောင်နိုင်ပြီး ဘဝပညာပေးကိစ္စများကိုလည်း လုပ်ဆောင်နေသည့် လုပ်ငန်းဖြစ်ပါကြောင်း။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကို မြင်စေလိုသည်မှာ ရုပ်ရှင်လုပ်ငန်းအား ကူညီပံ့ပိုးသူများ၊ ရုပ်ရှင်လုပ်ငန်းများဖြစ်သည့် ရိုက်ကူးထုတ်လုပ်မှု၊ ပြသမှု စသည်တို့တွင် ရောဂါမဖြစ်အောင် ကူညီပံ့ပိုးနေသူများဟုမြင်စေချင်ပါကြောင်း၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန် ကူညီပံ့ပိုးနိုင်ရန် ရည်ရွယ်ပါကြောင်း၊ ရုပ်ရှင်များ အမြန်ဆုံးပြန်လည်ရိုက်ကူးလိုပါက ရုပ်ရှင်လုပ်ငန်းတွင် ပါဝင်ပတ်သက်သူများအားလုံးသည် ကိုဗစ်ရောဂါနှင့် ပတ်သက်ပြီး မည်သို့အန္တရာယ်ရှိသည်၊ မည်သည့်လက္ခဏာရှိသည်၊ ဆောင်ရန်၊ ရှောင်ရန် စသည်တို့ကို ကျေကျေညက်ညက်သိရှိရန်လိုပါကြောင်း၊ ပြည်သူများကို မပေါ့ဆစေလိုသည်မှာ နောက်ဆုံးတွေ့ရှိချက်အရ ၆၀ ရာခိုင်နှုန်းသော ပိုးတွေ့လူနာများသည် ရောဂါလက္ခဏာမပြပါကြောင်း၊ ပြည်သူများထဲတွင် လက္ခဏာမပြဘဲ ပိုးရှိသူများစွာရှိနေနိုင်သည်ကို သတိထားရန်လိုပါကြောင်း၊ ထို့ပြင်ယခင်က ချောင်းဆိုးပါက အမှုန်အမွှားလေးများမှာ လေးပေ၊ ငါးပေခန့်သာရောက်ရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ထားသော်လည်း ယင်းထုတ်ပြန်ချက်မှာ ယခုအချိန်တွင် မမှန်တော့ပါကြောင်း၊ အမေရိကန်နိုင်ငံ၊ ဘရာဇီးနိုင်ငံ၊ အိန္ဒိယနိုင်ငံများတွင် ကူးစက်နှုန်းမှာများစွာမြန်နေပါကြောင်း၊ ချောင်းဆိုးလိုက်သည့်အခါ ထွက်ရှိလာသည့် အမှုန်အမွှားလေးများသည် လေထဲတွင်ပျံ့လွင့်နေပြီး ယင်းအမှုန်အမွှားများအားရှူရှိုက်မိပါက ရောဂါကူးစက်ပါကြောင်း၊ ယင်းမှာ များစွာကြောက်စရာကောင်းပါကြောင်း၊ ယခုဗိုင်းရပ်စ်၏ သဘောသဘာဝနှင့် အပြုအမူများသည် အမြဲပြောင်းလဲနေပါကြောင်း၊ ယခုအချိန်တွင် ကိုဗစ်ရောဂါကုသရန်ဆေးမှာ တိတိကျကျမရှိသေးပါကြောင်း၊ ဖြစ်ပေါ်လာသည့် ရောဂါလက္ခဏာအပေါ် မူတည်ကာ ဆေးကုသခြင်းဖြစ်ပါကြောင်း၊ ရောဂါကူးစက်မှုသည်လည်း မြန်ဆန်သည့်အပြင် လူတစ်ဦးပိုးတွေ့ရှိပါက အချိန်ကြာမှ ပိုးပျောက်ကင်းပါကြောင်း။

လျင်မြန်စွာ ပွားများနိုင်

ယခုအခါ စာသင်ကျောင်းများ၊ စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်လိုက်သည့်အတွက် များစွာဂရုစိုက်ရပါကြောင်း၊ ဂရုမစိုက်ပါက ဒုတိယလှိုင်း၊ တတိယလှိုင်းများ ဖြစ်ပွားလာနိုင်ပါကြောင်း၊ အမေရိကန်နိုင်ငံတွင် တစ်ရက်လျှင် ဂုဝဝဝ အထိ တက်လာပါကြောင်း၊ အိန္ဒိယနိုင်ငံတွင် ပိုးတွေ့သူအသစ် ၄၈၀၀၀ ခန့်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် ထိုကဲ့သို့ ဖြစ်ပွားလာလျှင် ခံနိုင်ရည်ရှိမည် မဟုတ်ပါကြောင်း၊ ယင်းသို့မဖြစ်ပွားအောင် ယခုကတည်းက ကြိုးစားလုပ်ဆောင်နေပါကြောင်း၊ ရောဂါကူးစက်နိုင်ခြေရှိသည်မှာ ပါးစပ်၊ နှာခေါင်း၊ မျက်စိတို့မှတစ်ဆင့် ဖြစ်ပါကြောင်း၊ ယင်းနေရာများကို ကာကွယ်ထားပါက ရောဂါမကူးစက်နိုင်ပါကြောင်း၊ လက်ဆေးရာတွင် စက္ကန့် ၂၀ ခန့်ကြာအောင် လက်ဆေးရန်လိုပါကြောင်း၊ ဗိုင်းရပ်စ်တစ်ကောင်သည် ခန္ဓာကိုယ်ထဲ ဝင်ရောက်သွားပါက ဆပွားကာ မရေမတွက်နိုင်အောင် လျင်မြန်စွာပွားများနိုင်ပါကြောင်း။

ရုပ်ရှင်ရိုက်ကူးရာတွင် သရုပ်ဆောင်များအားလုံးက မိမိကိုယ်တိုင် ဖျားသည်ဖြစ်စေ၊ ချောင်းဆိုးသည်ဖြစ်စေရိုက်ကွင်းသို့ လုံးဝမလာရန် လိုပါကြောင်း၊ မိမိအိမ်တွင်ရှိသူတစ်ယောက် ဖျားသည်ဖြစ်စေ၊ ချောင်းဆိုးသည်ဖြစ်စေရိုက်ကွင်းသို့ မလာရန်လိုပါကြောင်း၊ ရောဂါရှိသူနှင့် နှစ်ပတ်ခန့်က Contact ရှိပါကလည်း ရိုက်ကွင်းသို့ မလာစေလိုပါကြောင်း၊ ယင်းမှာ များစွာအရေးကြီးပါကြောင်း၊ ရုပ်ရှင်ရိုက်ကူးရာတွင် တစ်ဦးနှင့်တစ်ဦး နီးနီးကပ်ကပ်နေရ၊ စကားပြောရပါကြောင်း၊ ရိုးရိုးစကားပြောဆိုပါက အမှုန်အမွှားများသည် ငါးပေခန့်သွားပါကြောင်း၊ ချောင်းဆိုးပါက တစ်စက္ကန့်လျှင် ၃၃ ပေနှုန်းဖြင့် အနည်းဆုံး ခြောက်ပေအထက်သွားပါကြောင်း၊ နှာချေပါက အနည်းဆုံး ၁၉ ပေ၊ ပေ ၂၀ အထက်သွားပါကြောင်း၊ ရုပ်ရှင် ရိုက်ကူးရာတွင် ရောဂါပိုးရှိသူတစ်ဦးဦးက ချောင်းဆိုးပါက အခန်းတွင်းရှိသူအားလုံးထံ ရောက်ရှိသွားမည်ဖြစ်ပါကြောင်း၊ နှာချေပါက ပိုဆိုးပါကြောင်း၊ ရုပ်ရှင်ရိုက်ကူးရာတွင် ကင်မရာလုပ်ဆောင်ချက်များ၊ animation များကို သုံးစေလိုပါကြောင်း၊ မဖြစ်ခင်ကာကွယ် စေလိုပါကြောင်း၊ ဖြစ်ပြီးမှ ဆိုလျှင် ပေးဆပ်ရသည်မှာ များပြားပါကြောင်း။

အမြန်ဆုံးပြန်လည်ရိုက်ကူးနိုင်ရန်

မိမိတို့အနေဖြင့် အမြန်ဆုံးပြန်လည်ရိုက်ကူးနိုင်ရန် ဇွန် ၃၀ ရက်က ပြန်ကြားရေးဝန်ကြီးဌာနတွင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရုပ်ရှင်လုပ်ငန်းနှင့်ပတ်သက်သည့် တာဝန်ရှိသူများနှင့် အစည်းအဝေးလုပ်ပါကြောင်း၊ ယင်းအစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာနက ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးကာလတွင် ရုပ်ရှင်ပြန်လည်ရိုက်ကူးမည့် အစီအစဉ်မူကြမ်းအား ရေးထားပါကြောင်း၊ ယင်းမူကြမ်းသည် ဖလော်ရီဒါ၊ နယ်သာလန်စသည့် နိုင်ငံတကာမှ အတွေ့အကြုံများကိုယူကာ ရေးသားထားခြင်းဖြစ်ပါကြောင်း၊ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ရုပ်ရှင်ရိုက်ကူးရန် မည်သို့ကြိုတင်ပြင်ဆင်သည်နှင့် မည်သို့ရိုက်ကူးသည်ကို မသိပါကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ရောဂါနှိမ်နင်းရေးတွင် ကျွမ်းကျင်သည့် ဒုတိယညွှန်ကြားရေးမှူးချုပ်တစ်ဦး၊ ကပ်ရောဂါဗေဒထိန်းသိမ်းရာတွင် ကျွမ်းကျင်သည့် ညွှန်ကြားရေးမှူးတစ်ဦး၊ ပြည်သူများအား ကျန်းမာရေးအသိပညာပေးရာတွင် ကျွမ်းကျင်သည့် ညွှန်ကြားရေးမှူးတစ်ဦးတို့နှင့်အတူ သွားရောက်ကြည့်ရှုခဲ့ပါကြောင်း။

ထားရှိရန်၊ ပစ္စည်းကိရိယာများကို ပိုးသတ်ဆေးဖျန်းရန်၊ ရှူတင်ထမင်းကို တစ်ယောက်စာ ထမင်းဘူးဖြင့် ကျွေးမွေးရန်၊ နားနေခန်းတွင် တစ်ဦးနှင့်တစ်ဦး ခြောက်ပေခွာနေထိုင်ရန်၊ လေဝင်လေထွက်ကောင်းရန်၊ အမှိုက်များကို စနစ်တကျ စွန့်ပစ်ရန် စသည့်စည်းကမ်းများရှိပါကြောင်း၊ ရုပ်ရှင်ရိုက်ကူးရေးအတွက် တချို့စည်းကမ်းချက်များသည် အခက်အခဲရှိပါကြောင်း။

ရိုက်လက်စ ရပ်သွားသည့် ဇာတ်ကား ၁၀ ကားရှိပြီး ယင်းဇာတ်ကားများကို ပြန်လည်ရိုက်ကူးရန်အတွက် အခက်အခဲဖြစ်နေပါကြောင်း၊ ရိုက်ကူးရေး၊ ပြသရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများကို လိုက်နာနိုင်ရန်အတွက် စာအုပ်များကို ထုတ်လုပ်သူများနှင့် ဒါရိုက်တာများထံ ဝေငှထားပါကြောင်း၊ ယင်းစည်းကမ်းချက်များကို လိုက်နာနိုင်မှသာ ရိုက်ကူး၍ရမည်ဖြစ်သည့်အတွက် ၎င်းတို့အား လေ့လာခိုင်းထားပါကြောင်း ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ မင်္ဂလာရုပ်ရှင်ရုံများအုပ်စုဥက္ကဋ္ဌ ဦးဇော်မင်းက မြန်မာ့ရုပ်ရှင်ကို ၁၉၂၀ ပြည့်နှစ်တွင် မေတ္တာနှင့်သူရာ ဇာတ်ကားဖြင့် စတင်ပြသခဲ့ပါကြောင်း၊ မြန်မာ့ရုပ်ရှင်စတင်ခဲ့ချိန်မှ ယခုအထိဆိုလျှင် နှစ်ပေါင်းတစ်ရာပြည့်ပြီဖြစ်ပါကြောင်း၊ ရုပ်ရှင်ရာပြည့်ပွဲတော်ကျင်းပရေးကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများဖြင့် ဆွေးနွေးဆောင်ရွက်လျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါမဖြစ်ပွားမီ အချိန်ထိ မြန်မာ့ရုပ်ရှင်သည် အရှိန်အဟုန်တစ်ခုအထိ ပြန်လည်ကောင်းမွန်လာပါကြောင်း၊ ယခင်က ရုပ်ရှင်ရုံပေါင်း ၂၀၊ ၃၀ မှ ယခုဆိုလျှင် ရုံပေါင်း ၂၂၀ ခန့်ရှိ

☆ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလတွင် ရုပ်ရှင်၊ ရုပ်သံရိုက်ကူးထုတ်လုပ်ပြသရေး လက်စွဲစာစောင်ကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပညာရှင်များပူးပေါင်းကာ အသစ်ထုတ်ဝေဖြန့်ဖြူးခဲ့

☆ ရုပ်ရှင်မရိုက်မီ မည်သို့ဆောင်ရွက်ရမည်၊ ရုပ်ရှင်ရိုက်နေချိန်တွင် မည်သို့ ဆောင်ရွက်ရမည်၊ ထမင်းစားရာတွင် မည်သို့စားရမည်၊ စတူဒီယိုထဲတွင် မည်သို့နေရမည်၊ ရိုက်နေစဉ် မည်သို့လုပ်ရမည်၊ ရိုက်ပြီးချိန်မည်သို့ လုပ်ရမည် စသည့်အချက်များပါဝင်သည့် အချက် ၂၉ ချက်ဖြင့် လုပ်ဆောင်သွားမည်

☆ ပထမ နှစ်ပတ်ခန့်အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကြီးကြပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး နှစ်ပတ်ကျော်ပါက ရုပ်ရှင်ရိုက်မည့်သူများက မိမိဘာသာလုပ်ဆောင်ရမည်

ထိုသို့သွားရောက်ကြည့်ရှုရာ Forever Group တွင် တွေ့ရှိချက် ၂၂ ချက် တွေ့ရှိပြီး ၁၉ ချက် အကြံပေးခဲ့ပါကြောင်း၊ ရုပ်ရှင်မြွင့်တင်ရေးတွင် ၁၁ ချက်တွေ့ရှိပြီး အကြံဉာဏ် ၁၇ ချက် ပေးခဲ့ပါကြောင်း၊ ထို့ပြင် အထွေထွေခြုံငုံသုံးသပ်ပြီး အကြံဉာဏ်ရှစ်ချက်ပေးခဲ့ပါကြောင်း၊ ယင်းတွေ့ရှိချက်များကို အခြေခံ၍ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကာလတွင် ရုပ်ရှင်၊ ရုပ်သံရိုက်ကူးထုတ်လုပ်ပြသရေး လက်စွဲစာစောင်ကို ပြန်ကြားရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ပညာရှင်များပူးပေါင်းကာ အသစ်ထုတ်ဝေ ဖြန့်ဖြူးခဲ့ပါကြောင်း။

ရုပ်ရှင်မရိုက်မီ မည်သို့ဆောင်ရွက်ရမည်၊ ရုပ်ရှင်ရိုက်နေချိန်တွင် မည်သို့ဆောင်ရွက်ရမည်၊ ထမင်းစားရာတွင် မည်သို့စားရမည်၊ စတူဒီယိုထဲတွင် မည်သို့နေရမည်၊ ရိုက်နေစဉ် မည်သို့လုပ်ရမည်၊ ရိုက်ပြီးချိန်မည်သို့လုပ်ရမည် စသည့် အချက်များပါဝင်သည့် အချက် ၂၉ ချက်ဖြင့် လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ပထမနှစ်ပတ်ခန့်အား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကြီးကြပ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး နှစ်ပတ်ကျော်ပါက ရုပ်ရှင်ရိုက်မည့်သူများက မိမိဘာသာလုပ်ဆောင်ရမည်ဖြစ်ပါကြောင်း။

သတိ၊ ဝိရိယဖြင့် နေထိုင်

ယခုအခါ ပညာပေးလုပ်ငန်းများကို တစ်နေ့ငါးကြိမ် မလုပ်သလောက်ဖြစ်နေပြီဖြစ်ပါကြောင်း၊ မြို့ထဲ၊ စားသောက်ဆိုင်၊ စူပါမားကက်များတွင် နှာခေါင်းစည်းများ မတပ်ကြပါကြောင်း၊ ယင်းမှာများစွာအန္တရာယ်ကြီးပါကြောင်း၊ အမေရိကန်၊ ဘရာဇီးနှင့် အိန္ဒိယနိုင်ငံများကဲ့သို့ ဖြစ်ပွားပါက မိမိတို့နိုင်ငံအနေဖြင့် မလွယ်ပါကြောင်း၊ ယခုအခါကျောင်းများ၊ ရုပ်ရှင်ရုံများပြန်လည်ဖွင့်လှစ်လာပါက များစွာသတိထားရပါကြောင်း၊ ပြည်သူများအားလုံးက နောက်ထပ် နှစ်လခန့်အထိ သတိ၊ ဝိရိယဖြင့် နေထိုင်ပါက ရောဂါဖြစ်ပွားမှု လျော့နည်းသွားနိုင်ပြီး ကြောက်စရာလိုတော့မည် မဟုတ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးညီညီထွန်းလွင်က ရှူတင်မန်နေဂျာက မည်သည့်နေ့၊ မည်သည့်နေရာတွင် မည်သူများ ပါဝင်ရိုက်ကူးသည်ဆိုသည့် မှတ်တမ်းကို မဖြစ်မနေ မှတ်တမ်းတင်ထားမည်ဖြစ်ပါကြောင်း၊ ရိုက်ကွင်းတွင် ပါဝင်မည့်သူများ၏ ကျန်းမာရေးအခြေအနေကို စစ်ဆေးသွားမည်ဖြစ်ပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ကြီးကြပ်ကွင်းဆင်းစစ်ဆေးဆောင်ရွက်မည့်သူများ၏ မှတ်တမ်းများလည်းရှိပါကြောင်း၊ ရိုက်ကွင်းမစမီ ကြိုတင်ဆောင်ရွက်ရမည့် ကိစ္စများ၊ ရှူတင်ကားသုံးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ ရှူတင်တွင် လူအင်အား အနည်းဆုံး အသုံးပြုရိုက်ကူးရန်၊ အကာအရံများထားရှိပြီး ဒါရိုက်တာကအဝေးမှ ညွှန်ကြားရန်၊ လက်သန့်ဆေးလာပြီဖြစ်ပါကြောင်း။

အပြိုင်အဆိုင် ထုတ်လုပ်

ရုပ်ရှင်ဇာတ်ကားများအနေဖြင့် ယခင်က ရုပ်ရှင်ကားပေါင်း ၂၀၊ ၃၀ ရိုက်ကူးရာမှ ယခုဆိုလျှင် ရုပ်ရှင်ကားပေါင်းတစ်နှစ်လျှင် ၁၀၀ ခန့်အထိ ရိုက်ကူးလာပါကြောင်း၊ ၂၀၁၉ ခုနှစ် အကယ်ဒမီဆုပေးပွဲအတွက် ပါဝင်ယှဉ်ပြိုင်ရန် ရွေးချယ်ခံသည့် ရုပ်ရှင်ဇာတ်ကားပေါင်း ၉၇ ကားရှိပါကြောင်း၊ ရုပ်ရှင်ဇာတ်ကားများ အပြိုင်အဆိုင် ထုတ်လုပ်လာပါကြောင်း၊ ရုပ်ရှင်ရုံများအနေဖြင့်လည်း ပိုမိုကောင်းမွန်အောင် အပြိုင်အဆိုင် ဆောင်ရွက်လာပါကြောင်း၊ ယင်းအခြေအနေတွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားလာသည့်အတွက် ရုပ်ရှင်လောကသားများနှင့် ရုပ်ရှင်ရုံလုပ်ငန်းရှင်များကို များစွာထိခိုက်နစ်နာစေခဲ့ပါကြောင်း။

ရုပ်ရှင်ရုံများထိခိုက်လာမှုနှင့်အတူ ရုပ်ရှင်ရုံလုပ်ငန်းရှင်များ၊ ရုပ်ရှင်ရုံဝန်ထမ်းများနှင့် ၎င်းတို့၏မိသားစုများ၊ ဖြန့်ချိပြသရိုက်ကူးထုတ်လုပ်သည့် လုပ်ငန်းစဉ်တွင် ဆက်စပ်ပါဝင်နေသည့် တတ်သိပညာရှင်များ၊ စက်မှုလက်မှုလုပ်ငန်းရှင်များနှင့် ရုပ်ရှင်ကြည့်ပရိသတ်များပါ ထိခိုက်ပါကြောင်း၊ မြန်မာ့ရုပ်ရှင်ကားများသည် အပြိုင်အဆိုင်ထုတ်လုပ်လာသည့်အတွက် အရည်အသွေးကောင်းမွန်ပြီး ကြည့်ရှုသူပရိသတ် သိန်းဂဏန်းအထိ မြင့်တက်လာပါကြောင်း၊ ရုပ်ရှင်ရုံများရှိမှသာ ရုပ်ရှင်ထုတ်လုပ်ခြင်းသည်လည်း ရှင်သန်မည်ဖြစ်ပါကြောင်း၊ ကိုဗစ်ကာလတွင် ကြုံတွေ့နေရသည့် အခက်အခဲများအတွက် ရုပ်ရှင်ရုံလုပ်ငန်းရှင်များနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများက စုပေါင်းတိုင်ပင်ဆွေးနွေးကြပါကြောင်း။

ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ရိုက်ကူးခွင့်ပေးခဲ့ပါကြောင်း၊ ထိုသို့ ထုတ်ပြန်ပေးမှုအတွက် ရုပ်ရှင်ရုံလုပ်ငန်းရှင်များအနေဖြင့်လည်း ဝမ်းသာမိပါကြောင်း၊ ကျေးဇူးအထူးတင်ရှိပါကြောင်း၊ အချို့နိုင်ငံများတွင် ရုပ်ရှင်ရုံများကို ဖွင့်လှစ်နေပြီဖြစ်ပါကြောင်း။

ရုပ်ရှင်ရုံများကြုံတွေ့နေရသည့် အခြေအနေနှင့် အခက်အခဲများကို တင်ပြလိုပါကြောင်း၊ ရုပ်ရှင်ရုံများကို သင့်တင့်လျောက်ပတ်သော အချိန်၊ ဆီလျော်သောကာလတွင် အမြန်ဆုံး ဖွင့်လှစ်လိုပါကြောင်း၊ ရုပ်ရှင်ရုံများဖွင့်လှစ်ရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း၊ ဥပဒေ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီဖြစ်စေရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်ထားရှိမှုများကိုလည်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက လာရောက်စစ်ဆေးကြည့်ရှုပြီး လိုအပ်သည့် အကြံပြုချက်များပေးစေလိုပါကြောင်း။

စာမျက်နှာ ၄ သို့ ⁕

* စာမျက်နှာ ၃ မှ

ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်ခွင့်ရပါက ရုပ်ရှင်ရုံရှိ ထိုင်ခုံ ၅၀ ရာခိုင်နှုန်းကို ရောင်းချလုပ်ကိုင်လိုပါကြောင်း၊ ထိုသို့လုပ်ကိုင်ခွင့်ရရှိပါက ရုပ်ရှင်ရုံလုပ်ငန်းရှင်များ၊ ထုတ်လုပ်သူများ၊ ကြည့်ရှုသူပရိသတ်များအားလုံး အဆင်ပြေမည်ဖြစ်ပါကြောင်း၊ ထိုသို့ရောင်းချရာတွင်လည်း Social Distancing နှင့် လမ်းညွှန်ချက်များကို အတိအကျလိုက်နာပြင်ဆင်သွားမည်ဖြစ်ပါကြောင်း၊ ယခုအချိန်တွင် အခက်အခဲအကျပ်အတည်းဖြင့် ရင်ဆိုင်နေရသည့် ရုပ်ရှင်လောကသားများနှင့် ရုပ်ရှင်လုပ်ငန်းရှင်များအတွက် ကိုဗစ်ကာလတွင် နိုင်ငံတော်မှ ပြည်သူလူထုသို့ ချထားပေးလျက်ရှိသည့် ကူညီထောက်ပံ့ငွေ၊ ချေးငွေများရရှိရန် တင်ပြလိုပါကြောင်း၊ မိမိတို့အနေဖြင့် ကတိကဝတ် စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားလိုပါကြောင်း၊ ထုတ်လုပ်ခြင်းနှင့် ရိုက်ကူးခြင်းသည် တစ်ဆက်တစ်စပ်တည်းဖြစ်သည့်အတွက် ထုတ်လုပ်ခြင်းကောင်းလျှင် ရိုက်ကူးခြင်းကောင်းမည်၊ ရိုက်ကူးခြင်းကောင်းလျှင် ထုတ်လုပ်ခြင်းကောင်းမည်ဖြစ်ပါကြောင်း ဆွေးနွေးတင်ပြသည်။

ပြန်လည်အောင်မြင်နိုင်မည်

ဆွေးနွေးတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရုပ်ရှင်ရိုက်နေသည့်အချိန်တွင် ရောဂါဓကူးစက်အောင် ထိန်းသိမ်းရမည်ဖြစ်ပါကြောင်း၊ ရုပ်ရှင်များရိုက်ပြီးပြီဆိုပါက ပရိသတ်များ ကြည့်ရှုနိုင်ရန်အတွက် ရုပ်ရှင်ရုံများသည် များစွာအရေးကြီးပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများတွင် ရုပ်ရှင်ခေတ်သည် တစ်ကျော့ပြန်၍ ဖြစ်လာပါကြောင်း၊ ရုပ်ရှင်ရုံများကို သွားချင်စရာ၊ ပျော်စရာ၊ အပန်းဖြေစရာ၊ စိတ်ဝင်စားစရာကဲ့သို့ နေရာများဖြစ်အောင် ဖန်တီးလာပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ယင်းအခြေအနေဖြစ်အောင် ကြိုးစားစေလိုပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် ကဏ္ဍအသီးသီးမှ လုပ်ငန်းအမျိုးမျိုးအောင်မြင်ရန် အရေးကြီးပါကြောင်း၊ မိမိအနေဖြင့်လည်း အနုပညာဘက်ကိုလည်း အားပေးပါကြောင်း၊ ရုပ်ရှင်လုပ်ငန်းကို တိုးတက်စေလိုပါကြောင်း၊ တစ်ချိန်က မြန်မာနိုင်ငံ၏ရုပ်ရှင်လုပ်ငန်းသည် အာရှတွင် ရှေ့ပြေးဖြစ်ပါကြောင်း၊ ယခုအချိန်တွင် ထိုသို့ဖြစ်နိုင်အောင် ကြိုးစားရမည်ဖြစ်ပါကြောင်း၊ နည်းပညာအသစ်များကို ထိထိရောက်ရောက် သုံးနိုင်မည်ဆိုပါက ယခင်ကဲ့သို့ ပြန်လည်အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။

ရုပ်ရှင်ရုံများ ပြင်ဆင်ပြီးချိန်တွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက သွားရောက်ကြည့်ရှု၍ လိုအပ်သည့် စည်းမျဉ်းစည်းကမ်းများ သတ်မှတ်ကာ ညွှန်ကြားချက်များ ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း၊ စည်းမျဉ်းစည်းကမ်း ညွှန်ကြားချက်များနှင့်ကိုက်ညီအောင် ဆောင်ရွက်နိုင်သည့်အချိန်တွင် ရုပ်ရှင်ရုံများ ပြန်လည်ဖွင့်လှစ်နိုင်မည်ဖြစ်ပါကြောင်း။

စာသင်ကျောင်းများ ဖွင့်လှစ်ရာတွင်လည်း တချို့က စိတ်ပူကြပါကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်မှုစောသွားပါက ကလေးများထံ ရောဂါကူးစက်သွားပြီး ရောဂါပြန့်ပွားသွားမည်ကို စိုးရိမ်ကြပါကြောင်း၊ တစ်ဖက်တွင်လည်း ကျောင်းများ အကြာကြီးပိတ်ထားပါက ကလေးများသည် ပညာရေးနှင့် ဝေးသွားပြီး ကျောင်းသို့လွတ်ရခက်မည်ဆိုသည့် စိုးရိမ်မှုများလည်းရှိပါကြောင်း၊ ယင်းနှစ်ခုကို တစ်ချိန်လုံး ချိန်ခွင်လျှာညီမျှအောင် ဆောင်ရွက်ရပါကြောင်း၊ ထို့ကြောင့် ပထမဆုံး အထက်တန်းကျောင်းများကို စဖွင့်ပါကြောင်း၊ အထက်တန်းကျောင်းများကိုလည်း A၊ B၊ C အဆင့်သတ်မှတ်ပြီး A အဆင့်ရှိသည့် ကျောင်းများကိုသာ ဖွင့်လှစ်ခွင့်ပေးပါကြောင်း၊ ပြန်လည်ဖွင့်လှစ်ခွင့်ရသည့် ကျောင်းများသည်

☆ ရုပ်ရှင်လုပ်ငန်း၊ ရုပ်ရှင်ပညာကို ယခုအခြေအနေတွင် ပိုမိုလုပ်တတ်ကိုင်တတ်အောင် ကြိုးစားသွားမည်ဆိုပါက မိမိတို့၏ ရုပ်ရှင်လုပ်ငန်းတစ်ခုလုံးသည် တိုးတက်သွားနိုင်

☆ ရုပ်ရှင်ရုံများသည်လည်း ကိုဗစ်ကြောင့် ပိုမိုပြီး ကျန်းမာရေးနှင့်ကိုက်ညီသည့် ရုပ်ရှင်ရုံများ၊ လူများပိုမိုသွားချင်စရာကောင်းသည့် ရုပ်ရှင်ရုံများဖြစ်အောင် ကြိုးစားလုပ်ဆောင်ကြရမည်

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများအတိုင်း ပြင်ဆင်ထားပြီးသည့် ကျောင်းများဖြစ်ပါကြောင်း၊ ပြင်ဆင်ပြီး အထက်တန်းကျောင်းများအားလုံး ဖွင့်လှစ်ပြီးပါက တစ်လ စောင့်ကြည့်မည်ဖြစ်ပါကြောင်း၊ ယင်းတစ်လအတွင်း ရောဂါကူးစက်မှု ရှိ၊ မရှိ၊ ကလေးငယ်များနှင့် ဆရာ၊ ဆရာမများထဲတွင် ရောဂါကူးစက်ခံရသူ ရှိ၊ မရှိ စောင့်ကြည့်ပြီးမှ နောက်တစ်ဆင့် ထပ်မံဖွင့်လှစ်ရန် စဉ်းစားမည်ဖြစ်ပါကြောင်း။

ယင်းအချိန်အတွင်း ရုပ်ရှင်ရုံများအနေဖြင့်လည်း ပြင်ဆင်သင့်သည်များကို ပြင်ဆင်ထားမည်ဆိုပါက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက စတင် စစ်ဆေးပေးမည်ဖြစ်ပါကြောင်း၊ အထက်တန်းကျောင်းများ ဖွင့်လှစ်မှု အဆင့်ပြေပြီဆိုပါက လူများများဖြင့် လုပ်ရမည့်လုပ်ငန်းများကို တိတိကျကျဖြင့် စည်းကမ်းရှိရှိ လုပ်နိုင်သည့် အဆင့်ရောက်ပြီဟု သတ်မှတ်၍ရပါကြောင်း၊ ယင်းအချိန်တွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ရုပ်ရှင်ရုံများ မည်သည့်အချိန်တွင် ပြန်လည်ဖွင့်လှစ်ရမည်ဆိုသည်ကို ဆုံးဖြတ်ရမည်ဖြစ်ပါကြောင်း ပြန်လည်သုံးသပ်ဆွေးနွေးသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယခုအချိန်တွင် နိုင်ငံတော်အနေဖြင့် ကိုဗစ်၏ ဆိုးကျိုးသက်ရောက်မှုများကို ထိန်းချုပ်နိုင်ရန် တတ်နိုင်သမျှ ထောက်ပံ့ပေးနေပါကြောင်း၊ ထိုသို့ပံ့ပိုးမှုများသည် မည်မျှအထိ ထိရောက်မှုရှိသည်ကို ပြန်လည်သုံးသပ်နေပါကြောင်း၊ စီးပွားရေးထိခိုက်မှုမရှိအောင် ဆောင်ရွက်ခဲ့မှုသည် မည်မျှအထိ ထိရောက်ကြောင်း၊ မည်သည့်အရာများကို ပြုပြင်ပြောင်းလဲရန် လိုအပ်ကြောင်းနှင့် မည်သည့်အရာများကို ဆက်လက်ထိန်းသိမ်းရန် လိုအပ်သည်ကို ယခုအချိန်တွင် သုံးသပ်နေပါကြောင်း၊ နှစ်ကုန်သည်အထိ မည်သည့် ပုံစံဖြင့် သွားမည်၊ နောက်နှစ်အတွက် မည်သည့်ပုံစံဖြင့် သွားမည်ကို စဉ်းစားရပါကြောင်း၊ ယခုနှစ်ထဲတွင်သုံးသည့် ငွေများသည် နောက်နှစ်ဘတ်ဂျက်အတွက်လည်း များစွာအကျိုးသက်ရောက်မှုရှိပါကြောင်း၊ မိမိတို့အနေဖြင့် ရေတို၊ ရေရှည် စဉ်းစားဆောင်ရွက်ရပါကြောင်း၊ တတ်နိုင်လျှင် အားလုံးကို ပြည့်ပြည့်ဝဝ ပံ့ပိုးပေးမည်ဖြစ်ပါကြောင်း၊ မည်မျှအထိ ပံ့ပိုးနိုင်မည်၊ မည်သည့်ပုံစံဖြင့် ပံ့ပိုးနိုင်မည်ကို စဉ်းစားရပါကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာအခြေအနေကိုကြည့်ပြီး အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်နေပါကြောင်း။

ရုပ်ရှင်ထုတ်လုပ်ရေးနှင့် ရိုက်ကူးရေးလုပ်ငန်းကိုလည်း အောင်မြင်စေလိုပါကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးအတွက်သာမက နိုင်ငံအတွက်ပါ အောင်မြင်စေလိုပါကြောင်း၊ ယခုခေတ်တွင် ဖျော်ဖြေရေးလုပ်ငန်းသည် Soft Power တစ်ခုဟု တစ်ကမ္ဘာလုံးက လက်ခံထားပါကြောင်း၊ မိမိတို့၏ အနုပညာဆိုင်ရာ တိုးတက်မှု၊ ဩဇာရှိမှု၊ လွှမ်းမိုးမှုသည် တစ်ကမ္ဘာလုံးသို့ ပြန့်သွားနိုင်ပါကြောင်း၊ နိုင်ငံ၏ ရေရှည်အကျိုးအတွက် အနုပညာဆိုင်ရာလုပ်ငန်းများကို အားပေးရမည်ဆိုသည်မှာဝါဒ မိမိတို့တွင် ရှိပါကြောင်း။

ကိုဗစ်နှင့်ပတ်သက်၍ အသိပညာပေး၊ သတိပေးသည့် လုပ်ငန်းများသည် လျော့လာပြီး စိတ်ဝင်စားမှု နည်းလာပါကြောင်း၊ ထို့ကြောင့် ကိုဗစ်နှင့်ပတ်သက်၍ အသိပညာပေး၊ သတိပေးသည့်လုပ်ငန်းများ ပိုမိုထိရောက်အောင်နှင့် စိတ်ဝင်စားမှုရှိလာအောင် အနုပညာရှင်များ၏ အကူအညီရယူဆောင်ရွက်လိုပါကြောင်း၊ အနုပညာရှင်များ၏ ကဏ္ဍသည်လည်း အလွန်အရေးကြီးပါကြောင်း၊ မိမိတို့နိုင်ငံ၏ လုံခြုံရေး၊ တိုးတက်ရေးအတွက် တက်တက်ကြွကြွပါဝင်ရန် မေတ္တာရပ်ခံပါကြောင်း။

အပြည့်အဝကုသမ္မပေး

ကိုဗစ်ကို မပြန့်ပွားအောင် ကာကွယ်ရန်လိုအပ်ပါကြောင်း၊ ကိုဗစ်ပြန့်ပွားသွားပါက မိမိတို့နိုင်ငံအတွက် အခက်အခဲများစွာရှိနိုင်ပါကြောင်း၊ ကုသရန်အတွက် အကုန်အကျအများအပြား ရှိပါကြောင်း၊ မိမိတို့နိုင်ငံသည် ဇန်နဝါရီလ ၄ ရက်ကတည်းက ကိုဗစ်နှင့်ပတ်သက်ပြီး ကြိုတင်စီစဉ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထို့ကြောင့် ယခုအချိန်အထိ ထိန်းနိုင်ခြင်းဖြစ်ပါကြောင်း၊ ယခုဆိုလျှင် နိုင်ငံခြားက ပြန်လာသည့် ပြည်သူအချို့တွင် ရောဂါပါလာပါကြောင်း၊ ပြန်လာသူအားလုံးကို Quarantine ထားပြီး ရောဂါတွေ့ရှိသူဆိုလျှင် ဆေးရုံသို့ ပို့ဆောင်ကုသမှုပေးပါကြောင်း၊ မိမိတို့၏ပြည်သူများကို အပြည့်အဝကုသမှုပေးပါကြောင်း၊ မိမိတို့နိုင်ငံ စီးပွားရေးတိုးတက်ရန်အတွက် ပိုင်းဝန်းကျည်သူများအားလုံးကို ကျေးဇူးတင်ပါကြောင်း၊ နိုင်ငံတော်၏ စီးပွားရေးအတွက် ကူညီထောက်ပံ့နေသူများကို ပြန်လည်ထောက်ပံ့ပေးရန်မှာ နိုင်ငံတော်အစိုးရ၏ တာဝန်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ဘဏ္ဍာရေးအခြေအနေနှင့် မည်သည့်ပုံစံဖြင့် အသုံးပြုလျှင် အထိရောက်ဆုံးရှိနိုင်မည်ကို ပြန်လည်သုံးသပ်နေပါကြောင်း။

ရုပ်ရှင်လုပ်ငန်း၊ ရုပ်ရှင်ပညာကို ယခုအခြေအနေတွင် ပိုမိုလုပ်တတ်ကိုင်တတ်အောင် ကြိုးစားသွားမည်ဆိုပါက မိမိတို့၏ ရုပ်ရှင်လုပ်ငန်းတစ်ခုလုံးသည် တိုးတက်သွားနိုင်ပါကြောင်း၊ ရုပ်ရှင်ရုံများသည်လည်း ကိုဗစ်ကြောင့် ပိုမိုပြီး ကျန်းမာရေးနှင့်ကိုက်ညီသည့် ရုပ်ရှင်ရုံများ၊ လူများပိုမိုသွားချင်စရာကောင်းသည့် ရုပ်ရှင်ရုံများဖြစ်အောင် ကြိုးစားလုပ်ဆောင်ကြရမည် ဖြစ်ပါကြောင်း၊ ယခု ကိုဗစ်ကိစ္စတွင် တစ်နိုင်ငံလုံး စုပေါင်းလုပ်ဆောင်မှုဖြင့် အောင်မြင်မှုကို ရှာခြင်းဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်သူများအားလုံး ပူးပေါင်းဆောင်ရွက်သည့်အတွက် ကိုဗစ်ကို ယခုအချိန်အထိ ထိထိရောက်ရောက် ကာကွယ်နိုင်ပါကြောင်း၊ ယခုကပ်ရောဂါအန္တရာယ် ပြီးဆုံးသွားချိန်အထိ အားလုံး ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ထိထိရောက်ရောက် ကာကွယ်နိုင်ရန် မျှော်လင့်ပါကြောင်း၊ ရုပ်ရှင်လုပ်ငန်း၊ ရုပ်ရှင်ရုံလုပ်ငန်းနှင့် အနုပညာလုပ်ငန်းများအားလုံး တိုးတက်ပါစေကြောင်း ဆုတောင်းမေတ္တာပို့ပါကြောင်း ပြောကြားသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း အာရှအခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဘဏ်၏ (၅) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေး တက်ရောက်

နေပြည်တော် ဇူလိုင် ၂၈

အာရှအခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဘဏ်၏ (၅) ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို ယနေ့ ညနေ ၃ နာရီခွဲက Video Conferencing ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ အာရှအခြေခံအဆောက်အအုံဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုဘဏ် (Asian Infrastructure Investment Bank – AIIB) ၏ မြန်မာနိုင်ငံဆိုင်ရာ ဂါဗနာဖြစ်သူ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းက နေပြည်တော်မှ ပါဝင်တက်ရောက်ပြီး ပြည်ထောင်စုဝန်ကြီးသည် အဆိုပါအစည်းအဝေးတွင် အလှည့်ကျ ဒုတိယသဘာပတိ တာဝန်ကို ထမ်းဆောင်သည်။

၁၀၂ နိုင်ငံတက်ရောက်

အစည်းအဝေးသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်၊ တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး Liu Kun အပါအဝင် AIIB အဖွဲ့ဝင် ၁၀၂ နိုင်ငံမှ ဂါဗနာဖြစ်သူ ဘဏ္ဍာရေးဝန်ကြီးများ၊ AIIB President Mr. Jin Liqun နှင့် အကြီးတန်းအရာရှိများ တက်ရောက်ကြပြီး သဘာပတိအဖြစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး Liu Kun က ဆောင်ရွက်သည်။

နှစ်ပတ်လည်အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် သမ္မတ မစ္စတာရှီကျင့်ဖျင်က နှုတ်ခွန်းဆက်စကား ပြောကြားခဲ့ပြီး သဘာပတိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘဏ္ဍာရေးဝန်ကြီး Liu Kun၊ ဒုတိယသဘာပတိ (၁) မြန်မာနိုင်ငံမှ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် ဒုတိယသဘာပတိ (၂) အိုက်စ်စလန်နိုင်ငံမှ ဘဏ္ဍာရေးနှင့် စီးပွားရေးရာဝန်ကြီး Honorable Bjarni Benediktsson တို့က အဖွင့်အမှာစကား



ပြောကြားကြသည်။

ကမ္ဘာနှင့်အဝန်း ကိုဗစ်-၁၉ ဖြစ်ပွားမှု အခြေအနေများကြောင့် AIIB သည် ယခုနှစ်ပတ်လည်အစည်းအဝေးကို Virtual Meeting ပုံစံဖြင့်ကျင်းပခြင်းဖြစ်ပြီး အစည်းအဝေးတွင် ဂါဗနာများမှ AIIB ၏ ဒုတိယသက်တမ်း (၅) နှစ်အတွက် ဥက္ကဋ္ဌရွေးချယ်ခြင်း၊ AIIB President Mr. Jin Liqun က AIIB ၏ လုပ်ငန်းဆောင်ရွက်မှု တိုးတက်မှုအခြေအနေများကို တင်ပြခြင်း၊ AIIB သို့ အဖွဲ့ဝင်သစ်အဖြစ် ဝင်ရောက်ရန် အဆိုပြုထားကြသည့် နိုင်ငံများအား အဖွဲ့ဝင်အဖြစ် လက်ခံနိုင်ရန် ဂါဗနာများက ဆုံးဖြတ်အတည်ပြုခြင်း၊ AIIB မှ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် ၂၀၂၁ ခုနှစ်တွင် (၆) ကြိမ်မြောက် AIIB ၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပမည့်နိုင်ငံကို ကြေညာခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အဆိုပြုတင်ပြသော လက်ရှိ AIIB President Mr. Jin Liqun အား ဒုတိယ (၅)နှစ်သက်တမ်းအတွက် ဥက္ကဋ္ဌအဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ရန် ဂါဗနာများက ထောက်ခံအတည်ပြုခဲ့ကြသည်။ (၆) ကြိမ်မြောက် AIIB ၏ နှစ်ပတ်လည်အစည်းအဝေးအား အာရပ်စော်ဘွားများပြည်ထောင်စုတွင် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၇ ရက်မှ ၂၈ ရက်အထိ ကျင်းပရန် ဂါဗနာများက အတည်ပြုဆုံးဖြတ်ခဲ့ကြသည်။

AIIB ကို အာရှဒေသနှင့် စီးပွားရေးအရ ဆက်စပ်မှုရှိနေသောနိုင်ငံများအကြား ရင်းနှီးမြှုပ်နှံမှုအတွက် အရေးကြီးလိုအပ်သည့် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်လာရေးအတွက် လိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုများအား ပံ့ပိုးပေးရန်ရည်ရွယ်ချက်ဖြင့် ၂၀၁၅ ခုနှစ် ဇူလိုင် ၁၅ ရက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ စတင်တည်ထောင်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဧန်နဝါရီလတွင် ဘဏ်လုပ်ငန်းများအား စတင်ဆောင်ရွက်ခဲ့သည်။ ဘဏ်စတင်တည်ထောင်ချိန်၌ မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း ၅၇ နိုင်ငံက Founding Members များအဖြစ် စတင်ဝင်ရောက်ခဲ့ကြရာ ယခုအခါ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၀၂ နိုင်ငံရှိလာခဲ့ပြီဖြစ်သည်။ ရင်းနှီးမြှုပ်နှံမှုအဖြစ် အဖွဲ့ဝင်နိုင်ငံများတွင် Projects ၈၇ ခု၌ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန် ဒေါ်လာ ၁၉ ဒသမ ၆ ဘီလီယံ ရင်းနှီးမြှုပ်နှံထားပြီးဖြစ်သည်။

ဦးစားပေးထုတ်ချေးနိုင်ရန်

ထို့အပြင် AIIB သည် ကိုဗစ်-၁၉ ဖြစ်ပွားစဉ်ကာလအတွင်း Crisis ကြောင့်ထိခိုက်ခံရသည့် အဖွဲ့ဝင်နိုင်ငံများသို့ ချေးငွေများ ထုတ်ချေးနိုင်ရေးအတွက် ကနဦးအဖြစ် အမေရိကန်ဒေါ်လာ ၅ ဘီလီယံမှ ၁၀ ဘီလီယံအတွင်းရှိ AIIB COVID-19 Crisis Recovery Facility တည်ထောင်၍ အဖွဲ့ဝင်နိုင်ငံများသို့ ချေးငွေများ ပံ့ပိုးပေးသွားရန် ၂၀၂၀ ပြည့်နှစ် ဧပြီ ၁၆ ရက်က ကြေညာခဲ့ပြီးဖြစ်သည်။ ယင်း Facility အောက်တွင် ကမ္ဘာ့ဘဏ်၏ International Development Association (IDA) အဖွဲ့ဝင်ဖြစ်သည့် AIIB အဖွဲ့ဝင်နိုင်ငံများသို့ ချေးငွေများ ဦးစားပေးထုတ်ချေးနိုင်ရန် ကနဦးအဖြစ် အမေရိကန်ဒေါ်လာ သန်း ၃၀ ရှိ Special Fund Window (SFW) တည်ထောင်၍ ချေးငွေများ ပံ့ပိုးပေးသွားရန် ၂၀၂၀ ပြည့်နှစ် မေ ၇ ရက်၌ ကြေညာခဲ့ပြီးဖြစ်သည်။

ယင်းနှစ်ပတ်လည်အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ AIIB ၏ တွဲဖက်ဂါဗနာဖြစ်သူ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် AIIB ဘုတ်အဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ တွဲဖက်ဒါရိုက်တာဖြစ်သူ ဒွေတိုက်ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါ်စီစီပြုံးတို့ ပါဝင်တက်ရောက်ကြောင်း သိရသည်။

သတင်းစဉ်

❖ COVID-19 မှ

- ထိန်းချုပ်မှုကာလတစ်လျှောက်လုံး၌လည်း ချိန်သားကိုက် ပူးပေါင်းဆောင်ရွက်မှု(synchronized coordination)၊ အချိန်နှင့်တစ်ပြေးညီ သတင်းအချက်အလက်မျှဝေမှု (real time information sharing)၊ လျင်မြန်တုံ့ပြန်ဆောင်ရွက်မှု(quick response)၊ ပြည်သူများ၏ ကျန်းမာရေးအသိပညာရှိမှု (health literacy of the population) တို့သည် အရေးကြီးသဖြင့် ၎င်းအချက်များကို နောက်ခံထားဆောင်ရွက်ကာ ထိန်းချုပ်မှုလုပ်ငန်းများကို ကျင့်သုံးလျက်ရှိပါသည်။
- ဤကပ်ရောဂါသည် ကမ္ဘာ့ကပ်ရောဂါဖြစ်သဖြင့် အစိုးရတစ်ရပ်လုံး ချဉ်းကပ်မှု(whole-of-government approach)၊ လူမှုအဖွဲ့အစည်းတစ်ရပ်လုံး ချဉ်းကပ်မှု (whole-of-society approach)၊ ပညာရပ်နယ်ပယ်စုံပါဝင်မှု (whole of discipline involvement)နှင့် ကဏ္ဍစုံပါဝင် ပေါင်းစပ်ချဉ်းကပ်မှု (sector wide approach) ပုံစံများ ကျင့်သုံး၍ ဆောင်ရွက်လျက်ရှိသည်သာမက COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်မှုကိုခံယူကာ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ယခုအချိန်၌ မိမိတို့ဆောင်ရွက်နေမှု အခြေအနေအရပ်ရပ်အား စောင့်ကြည့်ဆန်းစစ်အကဲဖြတ်ခြင်းကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး အားနည်းချက်များနှင့် လိုအပ်ချက်များကို ပြင်ဆင်ခြင်း၊ ဖြည့်ဆည်းဆောင်ရွက်ခြင်းများ ပြုလုပ်လျက်ရှိပါသည်။
- ကပ်ရောဂါတစ်ခု၌ ရောဂါဖြစ်ပွားမှု မြင့်တက်နေချိန်၊ တိုးခြင်းလျော့ခြင်းမရှိ တန့်နေချိန်နှင့် ကျဆင်းနေချိန် (ascending, plateau and descending limb)ဟူ၍ ကပ်ရောဂါဂရပ် (epidemic curve) ရှိရာ ယခုအခြေအနေ၌ ဖြစ်ပွားမှုကျဆင်းနေသည့် အခြေအနေသို့ ရောက်ရှိနေပါသည်။
- ယခုအခါ ဖြေလျှော့မှုများကို ဆောင်ရွက်ပေးလျက်ရှိသဖြင့် ကျောင်းများပြန်လည်ဖွင့်လှစ်ခြင်း၊ ပြည်ပနိုင်ငံများသို့ ရောက်ရှိနေသော နိုင်ငံသားများ နိုင်ငံတွင်းသို့ တစ်နေ့တခြား များပြားစွာ ပြန်လည်ဝင်ရောက်လာခြင်း၊ စက်ရုံနှင့် အလုပ်ရုံများ ပြန်လည်လည်ပတ်လာခြင်း၊ စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်လာခြင်း အစရှိသည်များကို ဖြေလျှော့မှုများဖြင့် ဆောင်ရွက်လျက်ရှိရာ ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ညွှန်ကြားထားသည့် ဆောင်ရန်၊ ရှောင်ရန်များကို တိကျစွာ လိုက်နာရန်လိုပါမည်။ မလိုက်နာပါက ကူးစက်မှုဒုတိယလှိုင်း ဖြစ်လာမည်ဖြစ်ပါသည်။
- လာမည့် တစ်လ၊ နှစ်လ၊ သုံးလတာအချိန်ကာလအတွင်း၌ မိမိတို့နိုင်ငံတွင် ကူးစက်မှု ဒုတိယလှိုင်း မကျရောက်ပါကလည်း COVID-19 ဗိုင်းရပ်စ်ပိုးသည် ကမ္ဘာပေါ်တွင် ကူးစက်ဖြစ်ပွားမှုများ အနည်းငယ်နှေးကွေးစွာဖြင့် ဆက်လက်ရှိနေဦးမည်ဖြစ်ပါသည်။ ထို့ကဲ့သို့ COVID-19 ဗိုင်းရပ်စ်ပိုး ဆက်လက်တည်ရှိနေတော့မည့် အခြေအနေသစ်တွင် မိမိတို့ပြည်သူများသည် ရောဂါကူးစက်ဖြစ်ပွားမှုမရှိအောင် နေ့စဉ်ပုံမှန်ဘဝ၌ မည်ကဲ့သို့ ဆက်လက်နေထိုင်သွားလာ၍ လုပ်ငန်းများ လုပ်ကိုင်ရမည်ကို ကြိုတင်စဉ်းစား ပြင်ဆင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါသစ်တစ်မျိုးတွေ့ရှိသည်ဟု သတင်းရရှိသည်နှင့် တစ်ပြိုင်နက်တည်း (၂၀၂၀) ပြည့်နှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့မှစ၍ ညွှန်ကြားချက်များ ချက်ချင်းထုတ်ပြန်၍ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပါသည်။
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ဇန်နဝါရီ (၃၀) ရက်၌ COVID-19 ကို အပြည်ပြည်ဆိုင်ရာ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ (Public Health Emergency of International Concern) အဖြစ် ကြေညာခဲ့ပြီး ကူးစက်ဖြစ်ပွားမှုပုံသဏ္ဌာန်အလိုက် သက်ဆိုင်ရာနိုင်ငံများမှ ဆောင်ရွက်သင့်သည့်လုပ်ငန်းများကို အကြံပြုတိုက်တွန်းချမှတ်ခဲ့ရာ မိမိတို့မြန်မာနိုင်ငံနှင့် အကျိုးဝင်သည့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို လုပ်ဆောင်ပြီးဖြစ်နေပါသည်။
- ထို့အပြင် မတ်လ (၁၁) ရက်နေ့တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ COVID-19 အား ကမ္ဘာ့ကပ်ရောဂါ (Pandemic) အဖြစ် ကြေညာပြီး ရောဂါဖြစ်ပွားမှုပုံသဏ္ဌာန်အရ သက်ဆိုင်ရာနိုင်ငံများမှ ဆောင်ရွက်သင့်သည့်အချက်များကို အကြံပြုပြောကြားခဲ့ရာ၌လည်း မြန်မာနိုင်ငံ၌ ထိုအချက် အားလုံးဆောင်ရွက်ပြီး ဖြစ်နေသည့် အခြေအနေတွင် ရှိခဲ့ပါသည်။
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် COVID-19 ရောဂါဖြစ်ပွားသူ မတွေ့ရှိသေးခင် ကာလတွင် နေ့စဉ် အစည်းအဝေးများပြုလုပ်ကာ နိုင်ငံတကာမှ အခြေအနေများ၊ မြန်မာနိုင်ငံတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရရှိသောအရင်းအမြစ်များဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။
- ဤရောဂါစတင်ဖြစ်ပွားချိန်၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် သိပ္ပံနည်းကျ လုပ်ငန်းလမ်းညွှန်များ၊ လုပ်ထုံးလုပ်နည်းများနှင့် ဌာနတွင်း ညွှန်ကြားချက်များကို ပြုစုထုတ်ဝေခြင်း၊ ရောဂါနှင့်ပတ်သက်၍ ပြည်သူများ သိရှိလိုက်နာရမည့် အကြောင်းအရာ အချက်အလက်များကို အသိပေးထုတ်ပြန်ရခြင်း၊ COVID-19 လူနာများကို ကုသမှုပေးနိုင်ရန်အတွက် ဆေးရုံများကို အသင့်အနေအထားဖြစ်အောင် ပြင်ဆင်ရခြင်းများကို ဆောင်ရွက်ရသဖြင့် မိမိတို့ဝန်ကြီးဌာန၏ အခန်းကဏ္ဍသည် အထူးအရေးကြီးခဲ့ပါသည်။
- ရောဂါဖြစ်ပွားလာသည့် အချိန်ကာလ ကြာလာသည်နှင့်အမျှ အခြားဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရနှင့် ဌာနများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထု၏ အခန်းကဏ္ဍ အရေးကြီးမှုသည် တဖြည်းဖြည်း မြင့်တက်လာပါသည်။ ယခုအချိန်ကာလ၌ ဤကပ်ရောဂါကို ဆက်လက်ပြီး အောင်မြင်စွာထိန်းချုပ်နိုင်ခြင်းရှိ၊ မရှိဆိုသည်မှာ ပြည်သူလူထု၏ စိတ်ပါဝင်စားမှုနှင့် ပါဝင်ပူးပေါင်းဆောင်ရွက်မှုအပေါ်၌ များစွာမူတည်နေပါသည်။
- (၂၄-၁-၂၀၂၀)ရက်နေ့မှစ၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအနေဖြင့် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဆိုင်ရာပညာရှင်များ၊ ဆေးရုံအုပ်ကြီးများ၊ တိုင်းဒေသကြီး/ပြည်နယ်ဦးစီးဌာနမှူးများ၊ ရောဂါဗေဒပညာရှင်များ၊ ဓာတ်ခွဲပညာရှင်များ၊ သမားတော်ကြီးများ၊ ကူးစက်ရောဂါဗေဒဆရာဝန်များနှင့် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေးများအပြင် ဆွေးနွေးပွဲများကို Video conferencing ဖြင့် အစဉ်မပြတ်ပြုလုပ်ပြီး လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်း၊ အခက်အခဲပြဿနာများကို ဖြေရှင်းပေးခြင်းနှင့် လမ်းညွှန်ချက်များ ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ ပါဝင်သော Rapid Response Team များသည် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ကုန်တိုင်းဒေသကြီးတို့သို့ သွားရောက်ပြီး ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပါဝင်အားဖြည့် ကြီးကြပ်ခြင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့၊ ဌာနဆိုင်ရာများ၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ခြင်းများ ဆောင်ရွက်ခဲ့ပါသည်။
- ကမ္ဘာ့နိုင်ငံများတွင် COVID-19 ရောဂါ ဖြစ်ပွား/သေဆုံးမှုအခြေအနေ၊ ရောဂါ၏သဘောသဘာဝ (Epidemiological situation and natural history of COVID-19)ကို နေ့စဉ်လေ့လာသုံးသပ်စောင့်ကြပ်ကြည့်ရှုပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအနေဖြင့် မိမိနိုင်ငံနှင့်သင့်တော်သော မဟာဗျူဟာ၊ နည်းဗျူဟာနှင့် လုပ်ငန်းများ ချမှတ်ကျင့်သုံးခြင်းနှင့် ပြုပြင်ပြောင်းလဲ ဆောင်ရွက်လျက်ရှိပါသည်။
- ယခုကဲ့သို့ COVID-19 ကို အတိုင်းအတာတစ်ခုအထိ ထိန်းချုပ်ထားနိုင်ခဲ့ခြင်း၌ ပြည်ပမှ နိုင်ငံတွင်းသို့ ဝင်ပေါက်များဖြစ်သည့် အပြည်ပြည်ဆိုင်ရာလေဆိပ်များ၊ နယ်စပ် ဝင်/ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်း၊ ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများကို အသွားအလာကန့်သတ်ခြင်း လုပ်ငန်းများတွင် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များနှင့် ဌာနဆိုင်ရာများ၊ လူမှုရေးပရဟိတအဖွဲ့အစည်းများ၊ စေတနာဝန်ထမ်းပြည်သူများအားလုံး၏ စုပေါင်းညီညာစွာဖြင့် ဝိုင်းဝန်းဆောင်ရွက်မှုများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။
- ထို့အပြင် လူနာများအား ကုသမှုပေးရာတွင် အသုံးပြုရန် ဆေးနှင့်ဆေးပစ္စည်းကိရိယာများ၊ အသွားအလာကန့်သတ်ထားရှိရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများနှင့် စားသောက်ဖွယ်ရာများ လျှဒါန်းခဲ့သည့် စေတနာရှင် အလှူရှင်များ၏ ပံ့ပိုးမှုများသည် ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများတွင် များစွာအထောက်အကူပြု၍ အင်အားဖြစ်စေခဲ့ပါသည်။
- ယခုအချိန်၌ ပြည်သူများ၏ ပူးပေါင်းပါဝင်မှု အခန်းကဏ္ဍသည် အလွန်အရေးကြီးပြီး ရောဂါကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်မှု ဆက်လက်မြင့်မားနေပါက ကူးစက်မှု ဒုတိယလှိုင်းဖြစ်ရန် အလားအလာ အလွန်နည်းပါးမည် ဖြစ်ပါသည်။
- ရောဂါပိုး စတင်တွေ့ရှိသော (၂၃-၃-၂၀၂၀)မှ ယခု (၂၈-၇-၂၀၂၀) နံနက်ပိုင်းအထိ ပိုးတွေ့လူနာ စုစုပေါင်း (၃၅၀) ဦး၊ အထူးကြပ်မတ်ကုသမှုခံယူခဲ့ရသူ (၂၀)ဦး၊ အသက်ရှူစက် အသုံးပြုခဲ့ရသူ (၅) ဦး၊ ရောဂါပိုးကင်းစင်လာသူ (၂၉၂) ဦးနှင့် သေဆုံးသူ (၆) ဦးရှိပါသည်။ ယခုလောလောဆယ်တွင် အထူးကြပ်မတ်ကုသဆောင်၌ ကုသပေးနေရသူနှင့် အသက်ရှူစက်အသုံးပြု၍ ကုသပေးနေရသူမရှိပါ။
- မြန်မာနိုင်ငံတွင် တွေ့ရှိရသောရောဂါလက္ခဏာပြသသည့် COVID-19 လူနာများ (symptomatic cases)တွင် ချောင်းဆိုးခြင်း (၅၃%)၊ဖျားနာခြင်း (၅၀%)၊ လည်ချောင်းနာခြင်း (၂၂%)၊ အသက်ရှူရခက်ခဲခြင်း (၁၉%) စသည့် လက္ခဏာများကို တွေ့ရှိရမှု များပြားပါသည်။
- သို့သော် မြန်မာနိုင်ငံ၌ ယနေ့အထိ တွေ့ရှိချက်အရ (၆၀) ရာခိုင်နှုန်းသော ပိုးတွေ့လူနာများ၌ ရောဂါလက္ခဏာ တစ်စုံတစ်ရာမရှိသည့် (asymptomatic)အချက်သည် အရေးကြီးပြီး ပြည်သူများအတွင်း၌ မည်မျှရှိနေနိုင်သည်ကို သိရှိနိုင်ရန်အတွက် ပေးအပ်ထားသော စွမ်းအားအရင်းအမြစ်ကို နောက်ခံထား၍ ဓာတ်ခွဲစစ်ဆေးမှုများကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာနနှင့် ဆေးသုတေသနဦးစီးဌာနအပြင် အခြားဓာတ်ခွဲခန်းများ (မော်လမြိုင်၊ မန္တလေး)တွင် ဇီဝလုံခြုံမှုအဆင့်အတန်း (Biosafety Level) မြှင့်တင်ပြီး ဓာတ်ခွဲစမ်းသပ်မှုများ ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံအတွက် အလွန်အကျိုးရှိပြီး မြင်သာသော တိုးတက်မှုဖြစ်ပါသည်။ မကြာမီကာလ၌ တောင်ကြီးမြို့တွင် COVID-19 ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများကို စတင်ပြုလုပ်တော့မည်ဖြစ်ပြီး လားရှိုးမြို့၌လည်း စစ်ဆေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။
- ယခုလတ်တလောအချိန်၌ တွေ့ရှိရသော ပိုးတွေ့လူနာများမှာ ပြည်ပမှ လေကြောင်း၊ ကုန်းကြောင်းတို့ဖြင့် ဝင်ရောက်လာသူများဖြစ်သဖြင့် ၎င်းတို့အားလုံးကို အသွားအလာ ကန့်သတ်စောင့်ကြပ်ကြည့်ရှုရာနေရာများ၌ အထူးစနစ်တကျထားရှိ စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိပါသည်။ ယခုအချိန်အထိ ၎င်းတို့မှတစ်ဆင့် ထပ်မံကူးစက်မှုများ မရှိသေးပါ။
- မြန်မာနိုင်ငံ၌ ရောဂါပိုးစတင်တွေ့ရှိသည့်အချိန်မှ ယနေ့အထိ ဓာတ်ခွဲအတည်ပြုလူနာ (၃၅၀)ဦး ၏ (၅၄%)ဖြစ်သော (၁၈၉)ဦးမှာ ပြည်ပနိုင်ငံများမှ နိုင်ငံတွင်းသို့ ဝင်ရောက်လာသူများဖြစ်ပြီး ၎င်းလူနာများအနက် အိန္ဒိယနိုင်ငံမှ ပြန်လာသူ (၆၄)ဦးနှင့် ယူအေအီးနိုင်ငံမှ ပြန်လာသူ (၁၅) ဦးတို့တွင် ရောဂါပိုးတွေ့ရှိရပါသည်။ ဓာတ်ခွဲ အတည်ပြုလူနာများအနက် (၃၉) ဦးသည် မြဝတီနယ်စပ်ဝင်ပေါက်မှ လည်းကောင်း၊ (၁၁)ဦးသည် ရခိုင်ပြည်နယ်ရှိ နယ်စပ်ဝင်ပေါက်များမှ လည်းကောင်း ဝင်ရောက်လာကြခြင်းဖြစ်သည်ကို တွေ့ရှိရပါသည်။ တရားမဝင် ဝင်ပေါက်များမှ ဝင်ရောက်လာပြီး သက်ဆိုင်ရာတာဝန်ရှိသူများအား သတင်းပေးပို့မှုမရှိပါက ရောဂါကူးစက်ဖြစ်ပွားမှုများ အစုလိုက်အပြုံလိုက်ဖြစ်ကာ ဒုတိယလှိုင်း ဝင်ရောက်လာနိုင်ပါသည်။
- ယခုလက်ရှိတွင် ထိုသို့ပြည်ပမှ ပြန်လာသူများအားလုံးကို အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို လူမှုရေးအဖွဲ့အစည်းများနှင့်စနစ်တကျ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။
- သို့ဖြစ်ပါ၍ နယ်စပ်ဒေသဝင်/ထွက်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများနှင့် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအားလုံးကို သတ်မှတ်နေရာ အဆောက်အအုံများ၌ ထားရှိပြီး အသွားအလာကန့်သတ် စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စနစ်တကျ ကြပ်ကြပ်မတ်မတ် ဆောင်ရွက်ရန် အလွန်အရေးကြီးပါသည်။
- သုတေသနတွေ့ရှိချက်များအရ အချို့နိုင်ငံများတွင် ဤဗိုင်းရပ်စ်ပိုး၏ မျိုးရိုးဗီဇပြောင်းလဲလျက်ရှိနေသည်ကို လေ့လာတွေ့ရှိနေရပါသည်။ ဤဗိုင်းရပ်စ်ပိုး၏ သဘောသဘာဝအပြုအမူ (virological behavior) မှာလည်း ပြောင်းလဲလျက်ရှိသည်ဆိုသည့်အချက်ကို သိရှိရသဖြင့် ဤအချက်ကို မိမိတို့ ဂရုစိုက်ရကြမည်ဖြစ်ပါသည်။
- ထိုကဲ့သို့ပြောင်းလဲခြင်းသည် ကောင်းသောဘက်သို့ ပြောင်းလဲခြင်း (ရောဂါကူးစက် ပျံ့နှံ့နိုင်စွမ်းလျော့လာခြင်း၊ ရောဂါပြင်းထန်မှု အားလျော့လာခြင်း) ဖြစ်နိုင်သကဲ့သို့ ဆိုးသောဘက် (ပိုမိုကူးစက်လွယ်ခြင်း၊ ရောဂါပြင်းထန်မှု ပိုလာခြင်း)သို့ ပြောင်းလဲခြင်းလည်းဖြစ်နိုင်ပါသည်။
- ယခုအခါ၌ သံသယလူနာ / စောင့်ကြည့်လူနာသည် ဧပြီလက တစ်ရက်လျှင် (၁၀၀)ဦး ဝန်းကျင်ရှိရာမှ ယခုအခါ (၃၀)ဦး ဝန်းကျင်သာရှိခြင်းသည် ပြည်သူများ၏ ရောဂါကာကွယ်ရေးနည်းလမ်းများကို လိုက်နာဆောင်ရွက်ခြင်းကြောင့် ဖြစ်ပါသည်။
- မြန်မာနိုင်ငံ၌ ယခုအချိန်ထိ ဓာတ်ခွဲစစ်ဆေးမှုများအရ COVID-19 ပိုးတွေ့ရှိမှုနှုန်းမှာ ရောဂါ ရှိသူနှင့် ထိတွေ့မှုရှိသူများတွင် (၃.၁) ရာခိုင်နှုန်း၊ သံသယ/ စောင့်ကြည့်လူနာများတွင် (၀.၈) ရာခိုင်နှုန်းနှင့် အသွားအလာကန့်သတ်ထားသူများတွင် (၀.၂)ရာခိုင်နှုန်းသာ တွေ့ရှိရပြီး ၎င်းတွေ့ရှိချက်ရာခိုင်နှုန်းသည်လည်း ပြောင်းလဲမှုမရှိသလောက်ဖြစ်သဖြင့် အခြေအနေမှာ တည်ငြိမ်လျက်ရှိပြီး ကောင်းသောသဘောကို ဆောင်နေပါသည်။
- COVID-19 လူနာများကိုကုသမှုပေးရာ၌ ရောဂါသက်သာပျောက်ကင်းသူများ၏ သွေးရည်ကြည်ကို အသုံးပြုပြီး သုတေသနပုံစံဖြင့် စမ်းသပ်ကုသခဲ့ရာ ထိရောက်မှုရှိကြောင်း တွေ့ရှိရပါသည်။ ကုသရေးစီမံခန့်ခွဲမှုလုပ်ငန်းလမ်းညွှန် (Clinical Management Guideline) များကို အခြားနိုင်ငံများ၊ ရောဂါအခြေအနေပြောင်းလဲမှုပေါ်မူတည်၍ လိုအပ်သလို အမြဲပုံမှန် သုံးသပ်ပြင်ဆင်သွားမည် ဖြစ်ပါသည်။
- ယခုအခါ အသွားအလာကန့်သတ်ထားရှိသူနှင့် အသွားအလာကန့်သတ်ထားရှိရာနေရာ အဆောက်အအုံအရေအတွက်များ တစ်နေ့တခြား ကျဆင်းလာလျက်ရှိသည်မှာလည်း ကောင်းမွန်သော လက္ခဏာတစ်ရပ် ဖြစ်ပါသည်။
- ယခုအချိန်ကာလသည် ရာသီတုပ်ကွေးကာလဖြစ်သော်လည်း (၂၉-၁၂-၂၀၁၉) မှစတင်၍ (၂၇-၇-၂၀၂၀)အထိ ဆေးရုံအခြေပြုတုပ်ကွေးဆန့်သော ရောဂါလက္ခဏာ စောင့်ကြပ်ကြည့်ရှုမှုလုပ်ငန်း (sentinel surveillance) အနေဖြင့် ဆောင်ရွက်စဉ် တုပ်ကွေးဆန်သော လက္ခဏာရှိသူ (၇၈၁)ဦးအား ဓာတ်ခွဲစစ်ဆေးချက်များအရ Influenza B (၂) ဦး၊ Influenza A/H1N1 pdm 09 (၈) ဦး၊ Influenza H3N2 (၅) ဦး၊ စုစုပေါင်းတုပ်ကွေးရောဂါပိုးရှိသူ (၁၅) ဦးသာ တွေ့ရှိရသဖြင့်လည်း တုပ်ကွေးရောဂါကပ်အသွင် ဖြစ်ပွားနိုင်သည့်အခြေအနေ မတွေ့ရှိရသေးသောကြောင့် ကောင်းသည့်အခြေအနေဖြစ်ပါသည်။
- သို့သော်လည်း ရောဂါဖြစ်ပွားမှုများပြား၊ သေဆုံးမှုများပြားနေသော တိုးတက်ဖွံ့ဖြိုးပြီး နိုင်ငံကြီးများအပါအဝင် နိုင်ငံတကာနှင့် အိမ်နီးချင်းနိုင်ငံများ၌ ရောဂါဖြစ်ပွားနှင့်သေဆုံးမှု အခြေအနေများကို လေ့လာသုံးသပ်၍ မိမိတို့အနေဖြင့် ဤကပ်ရောဂါကာကွယ်ထိန်းချုပ်မှုကို လုံး၀(လုံး၀) အားလျော့၍ မရပါ။
- ထို့ကြောင့် မိမိတို့သည် လူများပြားစွာတွေ့ဆုံခြင်းနှင့် တွေ့ဆုံချိန်ကြာမြင့်သည့် ကျောင်း၊ စျေး၊ ဌာန၊ စက်ရုံအလုပ်ရုံများ၌ နေထိုင်စဉ်၌ ပါးစပ်နှင့် နှာခေါင်းစည်းတပ်ခြင်း၊ တတ်နိုင်သမျှ ခပ်ခွာခွာနေထိုင်ခြင်းနှင့် လက်ဆေးခြင်းတို့ကို မဖြစ်မနေ ပြုလုပ်ရဦးမည်ဖြစ်ပါသည်။
- ယခုအခါ စက်ရုံ/အလုပ်ရုံများတွင် သတ်မှတ်ထားသော ရောဂါကာကွယ်ရေးနည်းလမ်းများ အသုံးပြုနေခြင်း ရှိ/မရှိ၊ ချမှတ်ထားသော စည်းကမ်းများလိုက်နာခြင်း ရှိ/မရှိကို ပုံမှန်စောင့်ကြည့်စစ်ဆေးခြင်း (Regular Monitoring) ကို Checklist များ အသုံးပြုဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး၌ (၂၁-၇-၂၀၂၀)ရက်နေ့မှ (၂၅-၇-၂၀၂၀) ရက်နေ့ထိ ရှောင်တခင် ဝင်ရောက်စစ်ဆေးခဲ့ရာ လိုက်နာမှုအလွန်အားနည်းနေကြောင်း တွေ့ရှိရသည့် အတွက် သက်ဆိုင်ရာဒေသ အာဏာပိုင်များ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့နှင့် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

စာမျက်နှာ ၇ သို့ ❖

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆင်ခြင်နေ့ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၈

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆင်ခြင်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တာမွေမဲဆန္ဒနယ်မှ ဦးတိုးဝင်း၏ တာမွေမြို့နယ် မာန်အောင်ရပ်ကွက် ယာဉ်ထိန်းရဲရုံးသာဝင်းရှိ သစ်သားလိုင်းခန်းသည် ဆွေးမြည့်ပျက်စီးနေပြီဖြစ်ရာ လိုင်းခန်းအသစ် ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် ယင်းရဲရုံးသာဝင်းအတွင်းရှိ လုပ်ငန်းသုံးမော်တော်ယာဉ်အပျက်များအား မည်ကဲ့သို့ စီမံဆောင်ရွက်မည်ကို သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်က အမှတ်(၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ ရန်ကုန်ရှိ လိုအပ်လျက်ရှိသော ၆ ခန်းတွဲ လေးထပ်၊ သံကူကွန်ကရစ်တစ်လုံးအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း မူလအသုံးစရိတ်တွင် လျာထားတင်ပြတောင်းခံထားရှိပြီးဖြစ်ပါကြောင်းနှင့် ရဲတပ်ဖွဲ့ပိုင် အပ်နှံရန်ကျန်သောယာဉ်အို ယာဉ်ဟောင်းမော်တော်ယာဉ် ၁၈ စီးအား လုပ်ထုံးလုပ်နည်းနှင့်အညီ သံရည်ကျိုအပ်နှံနိုင်ရေးဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဝမ်းတွင်းမြို့နယ် မြို့ပေါ်ရပ်ကွက် ၆ ရပ်ကွက်အတွင်း ၄၀၀ ပို့ ဓာတ်အားလိုင်း ၂ ဒသမ ၅ မိုင် တိုးချဲ့တည်ဆောက်ပေးရမည်

ဝမ်းတွင်း မဲဆန္ဒနယ်မှ ဦးခင်မောင်စိုး၏ ဝမ်းတွင်းမြို့နယ်၏ မြို့ပေါ် ၆ ရပ်ကွက်အတွင်း လိုအပ်နေသည့် ၄၀၀ ဗို့ဓာတ်အားလိုင်းနှင့် ကွန်ကရစ်တိုင်များအား မည်သို့စီမံဆောင်ရွက်ပေးမည်ကို သိလိုခြင်းနှင့် သဲတော-ဝမ်းတွင်းအမှတ်(၁) လမ်းမတော်မှ မီးတိုင်၊ ထရန်စဖော်မာများအား မည်သည့်အချိန်တွင် ပြောင်းရွှေ့ပေးမည်ကို သိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းက ဝမ်းတွင်းမြို့နယ် မြို့ပေါ်ရပ်ကွက် ၆ ရပ်ကွက်အတွင်း မီးသုံးစွဲသူ ၁၂၃၅၌ဦး ရှိပြီး ၄၀၀ ဗို့ဓာတ်အားလိုင်း ၂ ဒသမ ၅ မိုင် တိုးချဲ့တည်ဆောက်ပေးရမည် ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းအတွက် ကုန်ကျစရိတ် ငွေကျပ် ၈၇ ဒသမ ၆ သန်းဖြစ်ပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် သာမန်အသုံးစရိတ်ငွေမှ ငွေကျပ် ၅၄ ဒသမ ၃၅ သန်းဖြင့် ၄၀၀ ဗို့လိုင်း ၁ ဒသမ ၄၄ မိုင် ကို တိုးချဲ့တည်ဆောက်ခဲ့ပြီးဖြစ်ပါကြောင်းနှင့် ကျန်ရှိသည့် ၁ မိုင်ခန့်ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် သာမန်အသုံးစရိတ်ရန်ပုံငွေဖြင့် ဆက်လက်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

သဲတော-ဝမ်းတွင်းအမှတ်(၁) လမ်းမတော်မှ မီးတိုင်နှင့် ထရန်စဖော်မာများ ပြောင်းရွှေ့ရန် လမ်းနှင့်မလွတ်ကင်းသည့် ၁၁ ကေဗွီနှင့် ၄၀၀ ဗို့ ၂ ထပ် ဓာတ်အားလိုင်း ၂ ဒသမ ၂၅ မိုင်၊ ထရန်စဖော်မာ လေးလုံး၊ ကွန်ကရစ်တိုင် ၁၂၁ တိုင် တို့ကို ရွှေ့ပြောင်းပေးရမည်ဖြစ်ပါကြောင်း၊ ခန့်မှန်းကုန်ကျစရိတ်အနေဖြင့် ငွေကျပ် ၁၂၃ ဒသမ ၂၅ သန်း ဖြစ်ပါကြောင်း၊ အဆိုပါ ကုန်ကျစရိတ်အား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် မန္တလေး လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၏ ရန်ပုံငွေ တွင် ထည့်သွင်းလျာထားပြီးဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိပါက ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

အင်ဂျန်းယန် မဲဆန္ဒနယ်မှ ဦးလမာနော်အောင်၏ အင်ဂျန်းယန်မြို့ရှိ ပြည်သူ့ဆေးရုံတွင် လိုအပ်လျက်ရှိသော Microscope (အဏုကြည့်မှန်ပြောင်း)ကို အသုံးပြုနိုင်ရန် မည်သည့်အချိန်တွင် တပ်ဆင်ပေးနိုင်မည်နည်း၊ ဓာတ်မှန်ရိုက်စက်ပစ္စည်းကိရိယာကို မည်သည့်အချိန် ချထားတပ်ဆင်ပေးမည်နည်း၊ လိုအပ်နေသည့် ဆရာဝန်တစ်ဦးကို ခန့်ထားပေးနိုင်ခြင်းရှိ၊ မရှိနှင့် လူနာတင်ယာဉ် (Ambulance) တစ်စီးချပေးနိုင်ခြင်း ရှိ၊ မရှိ ကို သိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ကုသရေးဦးစီးဌာနအနေဖြင့် အင်ဂျန်းယန်မြို့နယ် ပြည်သူ့ဆေးရုံ၌ Yee Shin ကုမ္ပဏီမှ ဝယ်ယူထားသော Type C Laboratory Set တစ်စုံအား ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ထောက်ပံ့ပေးခဲ့ပါကြောင်း၊ Type C Laboratory Set တွင် ပါဝင်သော Microscope (အဏုကြည့်မှန်ပြောင်း) စစ်ဆေးပြုပြင်ခြင်းအတွက် Yee Shin ကုမ္ပဏီ၊ မန္တလေးရုံးသို့ ပို့ဆောင်စစ်ဆေးခဲ့ပါကြောင်း၊ စစ်ဆေးချက်အရ လဲလှယ်ရန် လိုအပ်သော အပိုပစ္စည်းများအား မှာယူထားပြီးဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လတွင် ပစ္စည်းများရောက်ရှိမည်ဖြစ်ပြီး ရောက်ရှိလာပါက အမြန်ဆုံး လဲလှယ်ပြီး ပြုပြင်ပေးသွားမည်ဖြစ်ပါကြောင်း။

အင်ဂျန်းယန် ပြည်သူ့ဆေးရုံအတွက် လိုအပ်လျက်ရှိသော ဓာတ်မှန်စက်ကို ကချင်ပြည်နယ် ကုသရေးဦးစီးဌာနသို့ တောင်းခံထားပြီးဖြစ်ပါကြောင်း၊ ဓာတ်မှန်ခန်း ပြုပြင်ရန်အတွက် ငွေကျပ် ၁၅ သိန်းခွဲဝေချထားပေးပြီးဖြစ်ပါကြောင်း၊ ဓာတ်မှန်ခန်း ပြုပြင်ပြီးပါက 25KVA မီးစက်တစ်လုံးအားထောက်ပံ့ရန်လည်း စီစဉ်ထားပြီးဖြစ်ပါကြောင်း၊ ကုသရေးဦးစီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ပြည်နှစ် ဘဏ္ဍာနှစ်တွင် ဓာတ်မှန်စက် အလုံး ၅၀ ဝယ်ယူထားပြီးဖြစ်၍ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလမကုန်မီ ဓာတ်မှန်စက်များ ရရှိမည်ဖြစ်ပါကြောင်း၊ အဆိုပါ ဓာတ်မှန်စက်များရရှိချိန်တွင် အင်ဂျန်းယန်မြို့နယ် ပြည်သူ့ဆေးရုံအတွက် ဓာတ်မှန်စက် တစ်လုံး ခွဲဝေထောက်ပံ့ရန် စီစဉ်ထားပြီဖြစ်ပါကြောင်း။

အင်ဂျန်းယန်ဆေးရုံအတွက် လတ်တလောအနေဖြင့် လက်ထောက်ဆရာဝန်ဖြည့်ဆည်းရန် ခန့်ထားပေးနိုင်ခြင်း မရှိသေးပါသဖြင့် ပြည်နယ်ကုသရေးဦးစီးဌာနအစီအစဉ်ဖြင့် သင့်လျော်ရာ ဆေးရုံကြီးမှ လက်ထောက်ဆရာဝန်တစ်ဦးအား တွဲဖက်တာဝန်ချထားရန် ညွှန်ကြားခဲ့ရာ မြစ်ကြီးနားမြို့ ပြည်သူ့ဆေးရုံကြီးမှ လက်ထောက်ဆရာဝန်တစ်ဦးသည် ၂၀၁၉ နိုဝင်ဘာ ၁ ရက်တွင် စတင်၍ တာဝန်ထမ်းဆောင်လျက်ရှိပြီး ၎င်း၏ ဆန္ဒပြလျှောက်ထားလာမှုအရ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၁ ရက်မှစ၍ ဆက်လက်တာဝန်ထမ်းဆောင်ရန် တာဝန်ချထားပေးပြီး ဖြစ်ပါကြောင်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကုသရေးဦးစီးဌာနမှလူနာတင်ယာဉ်များ ဝယ်ယူရန် စာချုပ်ချုပ်ဆို ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း၊ အဆိုပါ လူနာတင်ယာဉ်များ လက်ခံရရှိလာပါက အင်ဂျန်းယန်




ဒုတိယဝန်ကြီး
ဗိုလ်ချုပ်စိုးတင့်နိုင်



တာမွေမဲဆန္ဒနယ်မှ
ဦးတိုးဝင်း



ဒုတိယဝန်ကြီး
ဒေါက်တာမြလေးစိန်



အင်ဂျန်းယန် မဲဆန္ဒနယ်မှ
ဦးလမာနော်အောင်

ပြည်သူ့ဆေးရုံအတွက် လူနာတင်ယာဉ်တစ်စီး ခွဲဝေထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

အလားတူ သိန်းမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၏ သိန်းမြို့နယ် စယ်အူကျေးရွာအုပ်စု ကွင်းအမှတ်(၉၂)၊ ဦးပိုင်အမှတ် (လ/၁၄၊ လ/၁၅၊ လ/၄၁) မြေဧရိယာ ၄ ဒသမ ၅ ဧက ယာမြေနေရာကို ၂၀၀၅ခုနှစ် ရှေ့ပိုင်းက စယ်အူရဲကင်းခစန်းတည်ဆောက်ရန် မြေဟူး၍ သိမ်းယူခဲ့ရာ ယခုအခါ မြေကို မူလပိုင်ရှင်များထံ ပြန်လည်ပေးအပ်နိုင်ရန်အတွက် စိစစ်ရန် အချက် ၅၂ ချက်နှင့်အညီ ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်က လည်းကောင်း၊ ကျောက်တံတား မဲဆန္ဒနယ်မှ ဦးနေမျိုးထက်၏ ပြည်သူများ သုံးစွဲခဲ့သည့် လျှပ်စစ်မီတာခများ တိကျစေရန်နှင့် မီတာဖတ်စာရေးများ မှန်မှန်ကန်ကန်ဖတ်ပြီး စာရင်းရေးသွင်းနိုင်ရန် မည်သို့စီစဉ်ဆောင်ရွက်နေသည်ကို သိလိုခြင်းမေးခွန်း၊ လှိုင်သာယာ မဲဆန္ဒနယ်မှ ဦးဝင်းမင်း၏ လှိုင်သာယာမြို့နယ်ရှိ အဓိကလမ်းမကြီးပေါ်ရှိ လျှပ်စစ်မီးတိုင်များ အမြန်ဆုံး ပြောင်းရွှေ့ပေးရန်နှင့် လျှပ်စစ်မီးတိုင်များ၊ ထရန်စဖော်မာများ ထပ်မံတည်ဆောက်ပေးခြင်း၊ ရှုပ်ထွေးမီးကြိုးများ ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့် ဒဂုံမြို့သစ်(တောင်ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးနိုင်၏ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်တွင် ပြည်ထောင်စုလမ်းမကြီး၊ လှော်ကားလမ်းမကြီးများပေါ်ရှိ ဓာတ်တိုင်များကို အမြန်ဆုံးပြောင်းရွှေ့ပေးရန်၊ အန္တရာယ်ရှိ ဓာတ်တိုင် ၁၀၀၀ ခန့်အား အမြန်ဆုံးလဲလှယ်ပေးရန်နှင့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးအတွက် လိုအပ်လျက်ရှိသော ထရန်စဖော်မာ အလုံး ၄၀ အား အမြန်ဆုံး ချထားပေးရန် အစီအစဉ်ရှိ၊ မရှိမေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်းကလည်းကောင်း ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ ဒလမဲဆန္ဒနယ်မှ ဒေါက်တာစိန်မြအေး၏ ဒလမြို့ရှိ ကျန်းမာရေးဝန်ထမ်းများ လက်ရှိနေထိုင်သော မြေနေရာအား ကျန်းမာရေးဝန်ကြီးဌာနပိုင် မြေအဖြစ်သတ်မှတ်၍ ရန်ကုန်မြို့တော်နယ်နိမိတ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများအတွက် အထပ်မြင့်ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း၊ ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၏ ကျောက်တန်းမြို့နယ် ကျုံကန်တိုက်နယ်ဆေးရုံ တည်ဆောက်ခြင်းလုပ်ငန်း ပြီးဆုံးအောင် ဆောင်ရွက်ခြင်းမရှိဘဲ ငွေအပြည့်ထုတ်ပေးခဲ့သော နိုင်ငံဝန်ထမ်းများကို စိစစ်အရေးယူပေးပါရန် တိုင်ကြားထားသည့် ကိစ္စနှင့်စပ်လျဉ်း၍ အခြေအနေမှန်ကို သိလိုခြင်း မေးခွန်းနှင့် အုတ်တွင်း မဲဆန္ဒနယ်မှ ဒေါ်ချိုချို၏ အုတ်တွင်းမြို့နယ် ကျွဲပွဲဆေးရုံအား (၁၆)ခုတင်ဆံ့ ဆေးရုံမှ (၂၅)ခုတင်ဆံ့ ဆေးရုံအဖြစ်သို့ အဆင့်တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တင်သွင်းသည့် တရားမကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးနေမျိုးထွန်းက အစီရင်ခံစာဖတ်ကြားရှင်းလင်းသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ကျန်းမာရေးနှင့်အားကစားဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင် ဒေါက်တာခင်ဆောင်က ပဋိဇီဝဆေးများ ဝယ်ယူထောက်ပံ့ဖြန့်ဖြူးရေး စီမံခန့်ခွဲမှုစနစ်ဆိုင်ရာ စုံစမ်းလေ့လာမှု အစီရင်ခံစာတင်ပြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါအစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

အသစ်ထွက်ပေါ်လာသော ဆေးရွက်ကြီးအသုံးပြုမှုနှင့် ဆက်စပ်ပစ္စည်းများဖြစ်သည့် e-cigarettes ဆေးရွက် ထွက်ပစ္စည်းကို အပူပေးပြီး အငွေ့ရှူသောပစ္စည်းနှင့် ဆေးရွက်ကြီးနှင့် ဆက်စပ်ပစ္စည်းများကို ရောနှောထည့်သွင်းရှူသုံးရသည့် ရေပြောင်းများကို ထိန်းချုပ်တားဆီးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်း အဆိုကို ဆွေးနွေး

ယင်းနောက် ရေကြည်မဲဆန္ဒနယ်မှ ဒေါက်တာစံရွှေဝင်း တင်သွင်းသည့် အသစ်ထွက်ပေါ်လာသော ဆေးရွက်ကြီးအသုံးပြုမှုနှင့် ဆက်စပ်ပစ္စည်းများဖြစ်သည့် e-cigarettes (Electronic Nicotine Delivery System) ဆေးရွက်ထွက်ပစ္စည်းကို အပူပေးပြီး အငွေ့ရှူသောပစ္စည်း (Heated Tobacco Product or Heat-not-burn-product)နှင့် ဆေးရွက်ကြီးနှင့် ဆက်စပ်ပစ္စည်းများကို ရောနှောထည့်သွင်းရှူသုံးရသည့် ရေပြောင်း(Water Pipe) များကို ထိန်းချုပ်တားဆီးရန် နိုင်ငံတော်အစိုးရအား တိုက်တွန်းကြောင်းအဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးဝင်းမင်းထွန်းက e-စီးကရက်နှင့် Shisha သုံးစွဲခြင်းကို လျော့ပါးအောင်ဆောင်ရွက်မည်ဆိုပါက ယင်းတို့ကို သုံးစွဲခြင်းသည် ခေတ်မီသော၊ လူရာဝင်သောအပြုအမူဟု ယူဆနေသည့် လူငယ်များ၏ အတွေးများကို ပထမဆုံး ပြုပြင်ပေးကြရမည်ဖြစ်ပါကြောင်း၊ ရေတိုတွင် မသိသာသော်လည်း ရေရှည်တွင်သုံးစွဲသူနှင့် ပတ်ဝန်းကျင်ကိုပါ ရောဂါဖြစ်စေနိုင်သည့်အတွက် မိမိတို့နိုင်ငံအနေဖြင့် သုတေသနများလုပ်ရန် လိုအပ်သကဲ့သို့ လက်ရှိဆောင်ရွက်နေသည့် တားဆီးမှုလုပ်ငန်းများကလည်း ထိရောက်မှုမရှိသောကြောင့် ဌာနပေါင်းစုံ အဖွဲ့ဖြင့် ထိထိရောက်ရောက်ဆောင်ရွက်ရန် လိုအပ်နေပြီဖြစ်ပါကြောင်း၊ ထို့အတူ တီဗွီ၊ ရေဒီယို၊ ဂျာနယ်၊ စာစောင်နှင့် သတင်းမီဒီယာများမှလည်း ပညာပေးအစီအစဉ်များကို နည်းလမ်းပေါင်းစုံဖြင့် ကူညီဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ အဆိုနှင့်စပ်လျဉ်း၍ ရွှေဘို မဲဆန္ဒနယ်မှ ဒေါက်တာအေဇင်လတ်၊ အင်းတော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ပြုံး၊ သနပ်ပင် မဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ ညောင်လေးပင်မဲဆန္ဒနယ်မှ ဒေါက်တာမြင့်သိန်း၊ လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာခင်စည်သူနှင့် ဒေးဒဲရဲ မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်ညိုတို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ဆေးလိပ်၊ ဆေးရွက်ကြီးနှင့်ပတ်သက်၍ ထိန်းချုပ်သည့် ကိစ္စများ၊ ညှိနှိုင်းအစည်းအဝေးပွဲများကို ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အဆက်မပြတ် ကျင်းပနေပါကြောင်း၊ ဗီဒီယိုကလစ်များ ရိုက်ကူးပြီး e-စီးကရက်နှင့် ပတ်သက်မှုများကို ပညာပေးလုပ်ငန်းများ ဆောင်ရွက်နေပါကြောင်း၊ အသိပေးစာစောင်များလည်း ထွက်ရှိနေပါကြောင်း၊ ရောင်းအားမြှင့်တင်ခြင်းအတွက် အထောက်အကူပြုနှင့်ပတ်သက်ပြီး ဥပဒေပါ ပြဋ္ဌာန်းချက်များ ဖောက်ဖျက်ကျူးလွန်ခြင်းတွေ့ရှိပါက စစ်ဆေးအရေးယူ ဆောင်ရွက်ရန်အတွက် တိုင်းဒေသကြီး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများကို ညွှန်ကြားချက် ထုတ်ပြန်ထားပြီး ဖြစ်ပါကြောင်း။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဝန်ကြီးဌာနများကိုလည်း ညှိနှိုင်းစာများ ပေးပို့ပြီး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီး သုံးစွဲဖြတ်တောက်ခြင်းနှင့်ပတ်သက်ပြီး ပြည်သူများလိုက်နာဆောင်ရွက်ရန်နှင့် နှစ်သိမ့်ဆွေးနွေးအကြံပေးခြင်း၊ အခြေခံပညာရှင်များထံ အချက်အလက်များကို Mobile Tablet ဖြင့် သင်တန်းမှတစ်ဆင့် ဖြန့်ဖြူးပေးလျက်ရှိပါကြောင်း၊ ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သောက်သုံးမှု ထိန်းချုပ်ရေးလုပ်ငန်းနှင့် နီးနွယ်ဝန်ကြီးဌာနများ ပူးပေါင်းဆောင်ရွက်ခြင်းကို အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန် အများပြည်သူများမှတစ်ဆင့် ကာကွယ်နိုင်ရေးအတွက် တာဝန်ရှိသူများကို သင်တန်းများ ပို့ချနေပါကြောင်း၊ အနာဂတ်မျိုးဆက်သစ်များ ကာကွယ်ရန်အတွက် WHO အဖွဲ့ဝင်နိုင်ငံ ၁၈၂ နိုင်ငံမှ ကာကွယ်ရေးလုပ်ငန်းများကို အပြင်းအထန်ဆောင်ရွက်နေသည့်အတွက် ယခုအဆိုအား ဝန်ကြီးဌာနအနေဖြင့် အတည်ပြုပေးနိုင်ရန် တင်ပြအပ်ပါကြောင်းနှင့် ထိန်းချုပ်ရေးနှင့်ဆိုင်သော ဥပဒေများ၊ နည်းဥပဒေများကို ချမှတ်ပြီး ဝန်ကြီးဌာနများအားလုံးနှင့် လွှတ်တော်ကိုယ်စားလှယ်များက ပူးပေါင်းဆောင်ရွက်ပေးပါရန် မေတ္တာရပ်ခံလိုပါကြောင်း ပြန်လည် ရှင်းလင်း ဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားမေးမြန်းရာ အဆိုရှင်က အတည်ပြုပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် အတည်ပြုကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ဇူလိုင် ၃၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အေးအေးသန့်(သတင်းစဉ်)

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆင်ခြင်နေ့ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၈

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ဆင်ခြင်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါ်ထုမေ၏ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ရှိ ကျောက်ဖြူလေဆိပ်ကို လာမည့်ဘဏ္ဍာရေးနှစ်တွင် အဆင့်မြှင့်တင်တည်ဆောက်ပေးရန် သို့မဟုတ် ပြန်လည်ပြုပြင် မွမ်းမံပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ကျောက်ဖြူလေဆိပ်ကို လာမည့် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် တင်ပြတောင်းခံထားသည့် ရန်ပုံငွေခွင့်ပြုချက် ရရှိမှုအပေါ်မူတည်၍ အဆင့်မြှင့်တင် ပြုပြင်မွမ်းမံပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။



ဒုတိယဝန်ကြီး
ဦးဝင်းမော်ထွန်း



ဒုတိယဝန်ကြီး
ဒေါက်တာကျော်လင်း



ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၈)မှ ဒေါ်အိအိပြိုး



ချင်းပြည်နယ် မဲဆန္ဒနယ်
အမှတ်(၈)မှ ဦးမာန်လောမောင်း

နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များတွင် ကျောင်းသား ကျောင်းသူများ၏ တီထွင်ဖန်တီးမှု စွမ်းရည်ပြိုင်ပွဲများအား အစိုးရအစီအစဉ်ဖြင့် ဆောင်ရွက်ရန် အစီအစဉ်ရှိ

ရောဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်အိအိပြိုး၏ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များတွင် ကျောင်းသား ကျောင်းသူများ၏ တီထွင်ဖန်တီးမှု (Project) စွမ်းရည်ပြိုင်ပွဲများအား အစိုးရအစီအစဉ်ဖြင့် ကျင်းပပြုလုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ဝန်ကြီးဌာန အနေဖြင့် အဆင့်မြင့်ပညာဦးစီးဌာနတွင်ရှိသည့် နည်းပညာတက္ကသိုလ်နှင့် ကွန်ပျူတာတက္ကသိုလ်များ၏ တီထွင်မှု (Project) ယှဉ်ပြိုင်ပွဲများ ဆောင်ရွက်ရန် အစီအစဉ်ရှိပါကြောင်း ဖြေကြားသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း၏ တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် မင်းခေါင်းဆေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် ပေ(၁၂၀ x ၃၀) RCC နှစ်ထပ်ကျောင်းဆောင်တစ်ဆောင်ကို ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် ဘဏ္ဍာငွေ လျာထားသတ်မှတ်ပြီး တည်ဆောက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက မင်းခေါင်းဆေးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)တွင် လိုအပ်လျက်ရှိသည့် ဝန်ထမ်းအိမ်ရာ ပေ(၆၀ x ၃၀) Steel Structure တစ်ထပ်ဆောင်ကို ယခုလာမည့် ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ် တင်ပြသည့် ပေ (၁၂၀ x ၃၀) RCC နှစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင်ကို လာမည့် ၂၀၂၁ - ၂၀၂၂ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း (တည်ဆောက်ရေး)ရန်ပုံငွေတွင် လျာထားဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမာန်လောမောင်း၏ ချင်းပြည်နယ်ရှိ လက်ရှိမြို့နယ်အဆင့် မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနရှိသော ဟားခါးမြို့၊ မင်းတပ်မြို့နှင့် ဖလမ်းမြို့များတွင် ခရိုင်အဆင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနများ တိုးချဲ့ဖွင့်လှစ်ပေးရန်နှင့် ကျန်မြို့နယ်များကို မြို့နယ်အဆင့် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနများ တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ဟားခါး၊ ဖလမ်းနှင့် မင်းတပ်မြို့နယ်ရုံးများကို ခရိုင်အဆင့်ရုံးများအဖြစ် တိုးချဲ့ဖွင့်လှစ်ရန်နှင့် ကျန်မြို့နယ်များကို မြို့နယ်အဆင့်ရုံးများအဖြစ် တိုးချဲ့ဖွင့်လှစ်ပေးရန် အစီအစဉ်မှာ လတ်တလောဆောင်ရွက်ပေးနိုင်သေးခြင်း မရှိသေးပါကြောင်းနှင့် လူဦးရေသိပ်သည်းမှု၊ မြို့ပြဒေသဖွံ့ဖြိုးမှုအပေါ်မူတည်၍ ခရိုင်အဆင့်ရုံးများ အဖြစ်လည်းကောင်း၊ အိမ်ခန်းအရေအတွက် တိုးတက်လာပါက မြို့နယ်ဦးစီးမှူးရုံးများအဖြစ်လည်းကောင်း ထပ်မံတိုးချဲ့ဖွဲ့စည်းရန်အတွက် လုပ်ထုံးလုပ်နည်းနှင့် အညီ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလှဦး၏ မုံရွာ - အရာတော်-ရွှေဘိုလမ်း မိုင်တိုင် ၃ မိုင် ၇ ဖာလုံနှင့် ၄ မိုင် ၂ဖာလုံအတွင်း အဝိုင်းပတ်အပါအဝင် ၃မိုင် အရှည်အား (၃၆)ပေအကျယ် ကတ္တရာကွန်ကရစ်လမ်းခင်းရန်အတွက် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တွင် ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက မုံရွာ - အရာတော် - ရွှေဘိုလမ်း၏ မိုင်တိုင် (၃/၇)မှ (၄/၂) အထိ ၃ဖာလုံအား ၃၆ ပေ အကျယ်နှင့် မိုင်တိုင် (၄/၂) မှ (၄/၇) အထိ ၅ ဖာလုံအား ပေ ၃၀ အကျယ် ကတ္တရာကွန်ကရစ်ခင်းခြင်း ဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာနှစ်တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေတွင် တင်ပြတောင်းခံခဲ့သော်လည်း ရန်ပုံငွေကန့်သတ်ချက်အရ ပါဝင်ခဲ့ခြင်း မရှိသဖြင့် နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေဆက်လက်တင်ပြလျာထားပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာမြသောင်း၏ ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် မြို့ရှောင်လမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက ဖြူးမြို့ရှောင်လမ်းကို ဖောက်လုပ်မည်ဆိုပါက ပေ ၁၈၀ အထက်ရှိသည့် ဖြူးချောင်းတံတားတစ်စင်း ထပ်မံတည်ဆောက်ရန် လိုအပ်မည်ဖြစ်သည့်အပြင် ဖြူးမြို့တွင်း လမ်းပိုင်းသည် ညောင်လေးပင်၊ ပြွန်တန်ဆာနှင့် ပဲနွယ်ကုန်း မြို့တွင်းပိုင်းကဲ့သို့ မီးရထားနှင့် ကားလမ်းဖြတ်သည့် Level Crossing ဖြတ်သန်းမှုမရှိခြင်းကြောင့် ထို့ကြောင့် ပြည်သူများသည် လူများသည့်နေရာများသို့ သွားရောက်သည့်အခါ ပါးစပ်နှင့် နှာခေါင်းစည်းတပ်ဆင်ခြင်း၊ တတ်နိုင်သမျှ တစ်ဦးနှင့်တစ်ဦး (၆) ပေအကွာနေထိုင်ခြင်း၊ ဆပ်ပြာနှင့် ရေကိုအသုံးပြု၍ စက္ကန့် (၂၀) ကြာ မကြာခဏ လက်ဆေးခြင်းနှင့် မိမိနေအိမ်အနီးပတ်ဝန်းကျင်တွင် COVID-19 သံသယလက္ခဏာရှိသူများ တွေ့ရှိပါက၊ ပြည်ပမှ တရားမဝင်ပြန်လည်ဝင်ရောက်လာသူဟု ထင်မှတ်ပါက သက်ဆိုင်ရာသို့ မဖြစ်မနေအသိပေးခြင်းကို ပြုလုပ်ရန် လိုအပ်ပါသည်။

- မြန်မာနိုင်ငံ ပြည်သူများ ရောဂါမရရှိစေရေးနှင့် သေဆုံးမှုမရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဝန်ထမ်းများသည် မိမိတို့၏ ကိုယ်ပိုင်အရေးကိစ္စသဖွယ် သဘောထားကာ သက်ဆိုင်ရာအဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့်ပူးပေါင်းကာ အစွမ်းကုန်ကြိုးပမ်းလျက်ရှိပြီး ဆက်လက်၍လည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြည်သူများအား အသိပေးလိုပါသည်။
- ပြည်သူများအနေဖြင့် စီးပွားရေးလုပ်ငန်းများ၊ နေ့စဉ်ပုံမှန်ဆောင်ရွက်နေရသော လုပ်ငန်းများကို ပုံမှန်အနေအထားသို့ အမြန်ဆုံးပြန်လည်ရောက်ရှိနိုင်ရန်အတွက် ရောဂါကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကာ ဝိုင်းဝန်းပံ့ပိုးပေးရန် အထူးလိုအပ်ပါသည်။
- ယခုအချိန်၌ COVID-19 ဒုတိယလှိုင်းအသွင် မဖြစ်ပွားစေရန်အတွက် ပြည်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ ဆောင်ရန် ရှောင်ရန်များကို အထူးကိစ္စရပ်အနေဖြင့် မိမိတို့၏ ကိုယ်ပိုင်အရေးသဖွယ် သဘောထား၍ လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းလွင်က ကျန်းမာရေးမှူးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြားရှင်းလင်းသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော ကျန်းမာရေးမှူးကောင်စီဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီက စိစစ်တင်ပြသည့် အစီရင်ခံစာအပေါ် လွှတ်တော်၏ အဆုံးအဖြတ် ရယူသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး သတ္တမနေ့ကို ဇူလိုင် ၃၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်ရဲသွင်(သတင်းစဉ်)

❖ **စာမျက်နှာ ၅ မှ**

- ပြည်သူများအနေဖြင့် ယခုအခါ ပါးစပ်နှင့် နှာခေါင်းစည်းတပ်ဆင်ခြင်းနှင့် ခပ်ခွာခွာနေထိုင်ခြင်းများကို လုပ်ဆောင်မှု အားနည်းနေသည်ကို တွေ့ရှိရသဖြင့် ရောဂါဒုတိယလှိုင်းကို ဖိတ်ခေါ်သကဲ့သို့ ဖြစ်နေပါသည်။
- ရပ်ကွက်၊ ကျေးရွာများတွင် သက်ဆိုင်ရာမှ အသံချဲ့စက်ဖြင့် ကျန်းမာရေးအသိပညာပေးနှိုးဆော်ခြင်းကို တစ်နေ့လျှင် (၅) ကြိမ် ဆောင်ရွက်ခြင်းလုပ်ငန်းများ လုပ်ဆောင်မှုလျော့ရဲလာသည်ကိုလည်း တွေ့မြင်နေရသဖြင့် အဆိုပါ လုပ်ငန်းများကို ပြန်လည်အသက်သွင်း လုပ်ဆောင်ကြရမည်ဖြစ်ပါသည်။ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များက ဦးဆောင်၍ အထူးသဖြင့် ဈေးကြီးများ၊ စူပါမားကက်များ၊ စက်ရုံ/အလုပ်ရုံများ လူဦးရေထူထပ်သည့်နေရာများ၌ အသံချဲ့စက်ဖြင့် ကျန်းမာရေးအသိပညာပေးနှိုးဆော်ခြင်းကို အနည်းဆုံး တစ်နေ့ (၃) ကြိမ် မပျက်မကွက် ပြုလုပ်ရန် လိုပါမည်။
- COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ကဏ္ဍစုံမှ တာဝန်ရှိသူများ၊ ပြည်သူများနှင့် Video Conferencing စနစ်ဖြင့် ဆွေးနွေးပြောကြားခြင်းသည် ပြည်သူများထံ တိုက်ရိုက်သတင်းစကားနှင့် ကျန်းမာရေးအသိပညာ၊ ရောဂါကာကွယ်ရေးနည်းလမ်းများ ရောက်ရှိစေခဲ့ပြီး ဤရောဂါထိန်းချုပ်ရာ၌ အလွန်ပင် အရေးပါသည့်အချက်ဖြစ်ပါသည်။
- မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ Video Conferencing တွင် ပြောကြားမှာကြားချက်များနှင့် ပြည်သူများ၏ အကြံပြုချက်၊ ပြောကြားချက်များကို သေချာစွာမှတ်ယူသုံးသပ်ပြီး COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိပါသည်။
- ကမ္ဘာတွင် COVID-19 ကူးစက်ဖြစ်ပွားမှုနှင့် သေဆုံးမှုများ အရှိန်မြင့်တက်လျက်ရှိသည်ဆိုသောအချက်ကို နောက်ခံထား၍ မြန်မာနိုင်ငံပြည်သူများ လုံးဝမပေါ့ဆရန်မှာ နိုင်ငံ၏အရေးကိစ္စသဖွယ် ဖြစ်နေပါသည်။

ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ရောဝတီမြစ်ရေ စစ်ကိုင်းမြို့၌ စိုးရိမ်ရေမှတ်အထက် ကျော်လွန်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၂၈

ယနေ့ နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် စစ်ကိုင်းမြို့တွင် တစ်စင်တီမီတာခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့ နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ပေ၀က်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေ၀က်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ရောဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် သုံးလက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း ပေ၀က်ခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မိုး/ဧလ

ရန်ကုန်တက္ကသိုလ် ရာပြည့်အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

တက္ကသိုလ်များ ဓမ္မာရုံကြီး



ရန်ကုန်တက္ကသိုလ် ဓမ္မာရုံကြီး။

၂၀၂၀ ပြည့်နှစ်မှာ သက်တမ်းနှစ် ၁၀၀ ပြည့်တဲ့ ရန်ကုန်တက္ကသိုလ်အကြောင်းရေးမယ်ဆိုရင် တက္ကသိုလ်ရိပ်သာလမ်းနဲ့ ပြည်လမ်းထောင့်က ကျက်သရေရှိရှိ၊ ခံ့ခံ့ညားညားတည်ရှိနေတဲ့ တက္ကသိုလ်များဓမ္မာရုံကြီးက မပါမဖြစ်ပါဝင်ရမှာပါ။ ယခင်က 'မရမ်းတော' လို့ခေါ်တဲ့ ဒီမြေနေရာကို ဓမ္မာရုံဆောက်ဖို့ သက်ဆိုင်ရာပုဂ္ဂိုလ်တွေဆီက ခွင့်ပြုချက်ရပြီး ၁၉၃၄ ခုနှစ်မှာ စတင်အုတ်မြစ်ချ၊ ၁၉၃၇ ခုနှစ်မှာ ဖွင့်ပွဲကျင်းပနိုင်ခဲ့တဲ့ ဓမ္မာရုံကြီးဖြစ်ပေါ်လာပုံက အင်မတန်စိတ်ဝင်စားဖို့ ကောင်းပါတယ်။

ကောလိပ်ကျောင်းအစ

ဗြိတိသျှအစိုးရက ယခု အထက(၁) လသာနဲ့ ဦးနှောက်နှင့် အာရုံကြောဆေးရုံရှိတဲ့ မြေနေရာမှာ ရန်ကုန်မြို့ရဲ့ ပထမဆုံးအစိုးရကျောင်းကို ၁၈၇၄ ခုနှစ် မတ်လ ၂ ရက်နေ့မှာ စဖွင့်ပါတယ်။ ကျောင်းနာမည်က Rangoon Government High School၊ မြန်မာလိုက ရန်ကုန်ဟိုက်စကူးကျောင်းပါ။ စဖွင့်ကတည်းက An ordinary high school with a college department ဆိုတဲ့ ရည်ရွယ်ချက်က အစိုးရမှာ ရှိခဲ့ပါတယ်။ နောင်တစ်ချိန်မှာဒီကျောင်းကနေအိန္ဒိယနိုင်ငံကာလကတ္တားတက္ကသိုလ်ကစစ်တဲ့ FA ခေါ် First Arts Examination ကို ဖြေဆိုနိုင်အောင် သင်ကြားပေးဖို့ ရည်ရွယ်ထားတာပါ။ ကျောင်းစဖွင့်ပြီး ငါးနှစ်အကြာ ၁၈၇၉-၁၈၈၀ ပညာသင်နှစ်ကစပြီး FA စာမေးပွဲဖြေဆိုဖို့ သင်တန်းစဖွင့်ရာ ကျောင်းသား လေးဦးသာ စတက်ပါတယ်။ ရန်ကုန်ဟိုက်စကူးကျောင်းအုပ်ကပဲအုပ်ချုပ်ပြီး ကျောင်းမှာ College Department ဆိုပြီး တွဲဖွင့်ထားပါတယ်။ ၁၈၈၅ ခုနှစ်ရောက်မှ သီးသန့်ကျောင်းအုပ်စခန့်ပြီး ကျောင်းကို Rangoon College (ရန်ကုန်ကောလိပ်)အမည်နဲ့ စတင်သုံးစွဲပါတယ်။ Government Collegiate School, Rangoon လို့လည်း သုံးစွဲခေါ်ဝေါ်လေ့ရှိပါတယ်။ ဒီကျောင်းရဲ့တံဆိပ်မှာ ဆောင်ပုဒ်အနေနဲ့ "သီလ၊ သမာဓိ၊ ပညာ"လို့ သုံးထားပါတယ်။ ဘာသာကွဲဗြိတိသျှအစိုးရလက်အောက်မှာ ကျောင်းဆောင်ပုဒ်က လောကုတ္တရာအသုံးအနှုန်းဖြစ်နေတာလည်း စိတ်ဝင်စားစရာပါပဲ။

၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ်စပေါ်ပြီးချိန် အဆောက်အအုံတွေ ပြီးအောင်မဆောက်ရသေးလို့ ဒီနေရာမှာပဲ တချို့သင်တန်းတွေဆက်ဖွင့်၊ ကျောင်းသားအဆောင်တွေ ဆက်ထားခဲ့ပြီ ၁၉၃၀-၃၁ ပညာသင်နှစ် ကုန်ဆုံးမှပဲ ရန်ကုန်တက္ကသိုလ် ပရဝဏ်ထဲကို သင်တန်းတွေ၊ ကျောင်းသားအဆောင်တွေ အပြီးသတ်ပြောင်းရွှေ့နိုင်ပါတယ်။

ဗုဒ္ဓဘာသာအသင်းအစ

အကြမ်းအားဖြင့် ရန်ကုန်ကောလိပ်သန္ဓေစတည်တာ ၁၈၇၉-၈၀ ပြည့်နှစ်လို့ သတ်မှတ်နိုင်ပါတယ်။ စဖွင့်ပြီး ၂၇ နှစ်အကြာ ၁၉၀၆ ခုနှစ်မှာတော့ ဝမ်းမြောက် ဂုဏ်ယူစရာ ရန်ကုန်ကောလိပ် ဗုဒ္ဓဘာသာအသင်းကြီး (Rangoon College Buddhist Association- RCBA) စတင်ဖွဲ့စည်းပြီး အဖွဲ့ရဲ့ဆောင်ပုဒ်က 'အပမာဒေန၊ သမ္မာဒေ'ပါ။ ဒီဆောင်ပုဒ်ကို ရွေးချယ်ခဲ့တဲ့ RCBA က တာဝန်ရှိပုဂ္ဂိုလ်တွေကို အင်မတန်လေးစားကြည်ညိုရပါတယ်။ RCBA ဆိုတဲ့နာမည်က Young Men's Buddhist Association- YMBA အသင်းကြီးနဲ့ နာမည်ဆင်သလို စတည်ထောင်တဲ့ နှစ်ကပါတူနေတာလည်း တိုက်ဆိုင်မှုတစ်ရပ်ပါပဲ။

ဒီ RCBA အဖွဲ့ကြီးကို ဘယ်အမှုဆောင်တွေနဲ့ စဖွဲ့စည်းသလဲဆိုတာ မှတ်တမ်းမတွေ့ရသေးဘဲ အစောဆုံးတွေ့ရှိရတဲ့ စာရင်းကတော့ ၁၉၁၈-၁၉ ပညာသင်နှစ်မှာ ဖွဲ့စည်းထားတဲ့ အမှုဆောင်စာရင်းဖြစ်ပါတယ်။ အဲဒီစာရင်းအရ ဥက္ကဋ္ဌက ဦးမေအောင်ဖြစ်ပြီး အကျိုးဆောင်အတွင်းရေးမှူးက ကျောင်းသားမောင်ဘစိန်ပါ။

ဦးမေအောင်(၁၈၈၁-၁၉၂၆)

စစ်တွေမြို့မှာ ၁၈၈၁ ခုနှစ်က မွေးဖွားခဲ့တဲ့ ဦးမေအောင်ငယ်စဉ်က ဦးလေး ဦးလှအောင်ရဲ့ပံ့ပိုးမှုယူကာ ကာလကတ္တားမြို့မှာ ပညာသင်ခဲ့ပြီး ကာလကတ္တားတက္ကသိုလ်က စစ်ဆေးတဲ့ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ (entrance exam) ကို အထက်မှာရေးသားဖော်ပြထားတဲ့ ရန်ကုန်ဟိုက်စကူးကျောင်းမှာ တက်ရောက်ပညာသင်ကြားပြီး ဖြေဆိုအောင်မြင်ခဲ့တာပါ။ အင်္ဂလိပ်စာနဲ့ မြန်မာစာ နှစ်ဘာသာမှာ ပထမနဲ့ အောင်လို့ 'ရနောင်းဘုရင်ခံဆု' ချီးမြှင့်ခြင်းခံရသလို အဲဒီကျောင်းမှာပဲ ဖွင့်ထားတဲ့ ရန်ကုန်ကောလိပ်ကနေ First Arts Exam(FA) မြန်မာလို ဥပစာတန်း စာမေးပွဲကို ပထမနဲ့ အောင်မြင်တာကြောင့် 'ဂျာဒင်းဆု' ထပ်ရပြန်ပါတယ်။ ဒီရန်ကုန်ကောလိပ်မှာပဲ BA နောက်ဆုံးနှစ်အထိ တက်ခဲ့ပါတယ်။ ၁၉၁၇ ခုနှစ်မှာ အင်္ဂလန်နိုင်ငံ ကိန်းဘရစ်ခ်ျတက္ကသိုလ်ကနေ MA ဘွဲ့ရပြီး ဒိုင်အာခီခေတ် ပြည်ထဲရေးဝန်ကြီးတာဝန် ထမ်းဆောင်နေစဉ် ၁၉၂၆ ခုနှစ် အသက် ၄၅ နှစ်မှာ ကွယ်လွန်ပါတယ်။ ထူးထူးခြားခြား ဦးမေအောင်ရဲ့ သားကြီး ကိုသိုးအောင်က ၁၉၁၉ ခုနှစ်မှာ၊ သားငယ် ကိုထွန်းလှအောင်က ၁၉၂၀ ပြည့်နှစ်မှာ၊ ဒီရန်ကုန်ကောလိပ်ကနေ ဖခင်နည်းတူ 'ရနောင်းဘုရင်ခံဆု' ရခဲ့သလို သမီး မမြစိန်ကလည်း ဖခင်ကြီးလို ၁၉၂၃ ခုနှစ်မှာ ရန်ကုန်တက္ကသိုလ်ကနေ 'ဂျာဒင်းဆု' ရခဲ့ပြန်ပါတယ်။

ရန်ကုန်ကောလိပ် ဗုဒ္ဓဘာသာအသင်းကြီးကို ၁၉၀၆ ခုနှစ်မှာ အောင်မြင်စွာဖွဲ့စည်းနိုင်ခဲ့တဲ့ RCBA အသင်းကြီးဟာ ၁၉၂၀ ပြည့်နှစ် ရန်ကုန်တက္ကသိုလ် စတင်ပေါ်ပေါက်လာပြီး ကိုးနှစ် နောက်ကျကာ ၁၉၂၉ ခုနှစ်ရောက်မှ ရန်ကုန်တက္ကသိုလ်ဗုဒ္ဓဘာသာအသင်းကြီး (RUBA) လို့ နာမည်ပြောင်းဖြစ်ပါတော့တယ်။ ဦးမေအောင်နောက်ပိုင်း ဥက္ကဋ္ဌတာဝန်ကို မြူနီစီပယ်မင်းကြီး ဦးဆက်၊ ယစ်မျိုးမင်းကြီး ဦးရွှေဇံအောင်၊ ဝတ်လုံတော်ရ ဦးသိမ်းမောင်၊ တရားရေးဝန်ကြီး ဆာမြဘူး၊ တရားရေးဝန်ကြီးချုပ် ဦးချန်ထွန်းစတဲ့ ထင်ရှားလူသိများတဲ့ ပုဂ္ဂိုလ်ကြီးတွေက တချို့လည်း ပညာသင်နှစ် တစ်နှစ်သာဆောင်ရွက်ပြီး တချို့လည်း ပညာသင်နှစ်များစွာဆောင်ရွက်ကြရာမှာ ဦးသိမ်းမောင်၊ ဦးချန်ထွန်းစတဲ့ ပုဂ္ဂိုလ်ကြီးတွေက ပညာသင်နှစ် ၁၀ နှစ်ကျော်ဆက်တိုက် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ကြပါတယ်။ ၁၉၆၃ ခုနှစ်မှာ တော်လှန်ရေးကောင်စီ အစိုးရတက်လာပြီး ဆေးတက္ကသိုလ် (၁) နဲ့ (၂) ကစပြီး အသက်မွေးဝမ်းကျောင်း တက္ကသိုလ်တွေ အသီးသီးပေါ်လာတာကြောင့် အသင်းကြီး နာမည်ကိုလည်း ၁၉၆၄ ခုနှစ်ကစပြီး တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်းလို့ ပြောင်းလိုက်ပါတယ်။

တက္ကသိုလ်ဓမ္မာရုံကြီးအစ

၁၉၃၁-၁၉၃၂ ပညာသင်နှစ်မှာ တက္ကသိုလ်ဗုဒ္ဓဘာသာအသင်းဥက္ကဋ္ဌက ရန်ကုန်တက္ကသိုလ် ဓာတုဗေဒဌာနက ကထိကဆရာကြီး ဦးဘဖြစ်ပြီး 'ပဲခူးဆောင်'ရဲ့ အဆောင်မှူးလည်း ဖြစ်ပါတယ်။ ဆရာကြီးဦးဘက ဥက္ကဋ္ဌအဖြစ် စတင်ဆောင်ရွက်စဉ်မှာပဲ တက္ကသိုလ်နယ်မြေထဲမှာ ဓမ္မာရုံတစ်ခု ပေါ်ပေါက်ဖို့ စတင်ကြိုးပမ်းပါတယ်။ ၁၉၃၁ ခုနှစ် အောက်တိုဘာလ သီတင်းကျွတ်ကျောင်းပိတ်ရက်မှာ အိမ်ပြန်ကြတဲ့ ကျောင်းသား ကျောင်းသူတွေက မိဘတွေနဲ့ ရပ်မိရပ်ဖခွေမျိုးတွေဆီက ဓမ္မာရုံကြီးအတွက် အလှူငွေတွေ ကောက်ခံစုဆောင်းကြရာမှာ ငွေကျပ် ၅၀၀၀ (ထိုစဉ်က ရွှေတစ်ကျပ်သား ၁၆ ကျပ်ဈေးရှိ) လောက် ရရှိခဲ့ပါတယ်။ သီတင်းကျွတ်အားလပ်ရက်ပြီးလို့ ကျောင်းပြန်တက်ပြီး မကြာခင် ၁၉၃၁ ခုနှစ် ဒီဇင်ဘာလ ၁၉ ရက်နဲ့ ၂၀ ရက် နှစ်ရက်တာ ဂျူဗလီဟော (Jubille Hall) မှာ ကပွဲကျင်းပပြီး အလှူငွေရာကြပါတယ်။ ဒီကပွဲကြီးကို ဒီလိုကြော်ငြာပါတယ်။ ('ဗုဒ္ဓမြတ်စွာသာသနာရောင်ဝါနေသို့ ထွန်းစေသော်' ယူနီဗာစီတီတက္ကသိုလ်ထဲ ဓမ္မာရုံဆောက်လုပ်ရေးရန်ပုံငွေအတွက် အလှူပွဲကြီး၊ ပြည်ထဲရေးဝန်ကြီးချုပ် ဆာဇေ-အေ ဦးမောင်ကြီး အမှူးပြု၍ (၁) ယုဒသန်ကျောင်းသား ကျောင်းသူများ၊ (၂) ဆရာဖြစ်သင် ကျောင်းသား ကျောင်းသူများ၊ (၃) တက္ကသိုလ်ကျောင်းသား ကျောင်းသူများက သာသနာတော်ကြီး စည်ပင်ပြန့်ပွားရေးအတွက် သပ်ရပ်ခမ်းနားစွာ အသုံးတော်ခံမည်) လို့ ရေးသားထားပါတယ်။

ဒီကပွဲမှာ ရန်ကုန်တက္ကသိုလ်နဲ့ ကောလိပ်နှစ်ခုက ကျောင်းသား ကျောင်းသူတွေက 'ကုသဇာတ်'၊ 'ဂင်္ဂါမောလ ခေါ် ရေသည်ပြဇာတ်' အပါအဝင် အစီအစဉ် ၁၁ ခုဖြင့် တင်ဆက်ကပြရာ ပရိသတ်က အထူးနှစ်ခြိုက်ကြပြီး အလှူငွေကျပ် ၃၀၀၀ ရရှိခဲ့ပါတယ်။ ဆရာကြီးဦးဘရဲ့ ဥက္ကဋ္ဌအလှူရှာကြပါတယ်။ ဒီကပွဲကြီးကို ဒီလိုကြော်ငြာပါတယ်။ ('ဗုဒ္ဓမြတ်စွာသာသနာရောင်ဝါနေသို့ ထွန်းစေသော်' ယူနီဗာစီတီတက္ကသိုလ်ထဲ ဓမ္မာရုံဆောက်လုပ်ရေးရန်ပုံငွေအတွက် အလှူပွဲကြီး၊ ပြည်ထဲရေးဝန်ကြီးချုပ် ဆာဇေ-အေ ဦးမောင်ကြီး အမှူးပြု၍ (၁) ယုဒသန်ကျောင်းသား ကျောင်းသူများ၊ (၂) ဆရာဖြစ်သင် ကျောင်းသား ကျောင်းသူများ၊ (၃) တက္ကသိုလ်ကျောင်းသား ကျောင်းသူများက သာသနာတော်ကြီး စည်ပင်ပြန့်ပွားရေးအတွက် သပ်ရပ်ခမ်းနားစွာ အသုံးတော်ခံမည်) လို့ ရေးသားထားပါတယ်။

ဒီကပွဲမှာ ရန်ကုန်တက္ကသိုလ်နဲ့ ကောလိပ်နှစ်ခုက ကျောင်းသား ကျောင်းသူတွေက 'ကုသဇာတ်'၊ 'ဂင်္ဂါမောလ ခေါ် ရေသည်ပြဇာတ်' အပါအဝင် အစီအစဉ် ၁၁ ခုဖြင့် တင်ဆက်ကပြရာ ပရိသတ်က အထူးနှစ်ခြိုက်ကြပြီး အလှူငွေကျပ် ၃၀၀၀ ရရှိခဲ့ပါတယ်။ ဆရာကြီးဦးဘရဲ့ ဥက္ကဋ္ဌ

ကုမုဒ

ဒုတိယသက်တမ်းမှာတော့ ဥက္ကဋ္ဌဟောင်းများဖြစ်ကြတဲ့ မြူနီစီပယ်မင်းကြီး ဦးဆက်နဲ့ ဝတ်လုံတော်ရ ဦးသိမ်းမောင်တို့ရဲ့ အထူးပံ့ပိုးကူညီမှုကြောင့် လက်ရှိ ဓမ္မာရုံကြီး တည်ဆောက်တဲ့မြေနေရာမှာ ဓမ္မာရုံကြီး တည်ဆောက်ဖို့ သက်ဆိုင်ရာက ခွင့်ပြုလိုက်ပါတယ်။

အုတ်မြစ်ချပွဲ

ဓမ္မာရုံကြီးရဲ့ ပန္နက်တင်အုတ်မြစ်ချအခမ်းအနားကို ၁၂၉၅ ခု တပေါင်းလဆန်း ၁၃ ရက် (၂၅-၂-၁၉၃၄) တနင်္ဂနွေနေ့ ညနေ ၄ နာရီမှာ ကျင်းပရာမှာတော့ အလယ်တောရ ဆရာတော်ကြီးအမှူးပြုတဲ့ သံဃာတော်ကိုးပါးကြွရောက်ပြီး ဆရာတော်ကြီးက နိဒါန်းဩဝါဒ စကားမိန့်ကြားပါတယ်။ ဓမ္မာရုံကြီးတည်ဆောက်ရခြင်းနဲ့ပတ်သက်လို့ အဂ္ဂမဟာပဏ္ဍိတဆရာကြီး ဦးလင်းကလည်း အသေးစိတ် တင်ပြအစီရင်ခံရပါတယ်။ အဲဒီနောက် မင်္ဂလာအချိန်မှာ အုတ်မြစ်ချပုံကို အောက်ပါအတိုင်း ကမွည်းကျောက်စာ ထွင်းထားပါတယ်။

ဓမ္မာရုံအုတ်မြစ်ချကျောက်စာ

'မြတ်စွာဘုရားသာသနာတော် ၂၄၇၇ နှစ် ရောက်သောအခါ ကောဇာသက္ကရာဇ် ၁၂၉၅ ခု တပေါင်းလဆန်း ၁၃ ရက် တနင်္ဂနွေနေ့ ညနေ ၄ နာရီခွဲအချိန်တွင် ရန်ကုန်တက္ကသိုလ်ကျောင်းတိုက်အတွင်းရှိ ဤဓမ္မာရုံကြီးကို ရန်ကုန်မြို့အလယ်တောရဆရာတော် အဂ္ဂမဟာပဏ္ဍိတဘွဲ့ခံ ကောသလ္လာဘိဓေအရှင်မြတ် အုတ်မြစ်ချတော်မူခဲ့သည်'လို့ ရေးသားထားပါတယ်။

ဓမ္မာရုံကြီး စတင်တည်ဆောက်ချိန်မှာ တက္ကသိုလ် ဗုဒ္ဓဘာသာအသင်းကြီးမှာ မီးရထားငွေစာရင်းဝန် ဦးဘစိန်က ဥက္ကဋ္ဌ၊ မြန်မာစာဌာနက ဆရာကြီးဦးပွန့် အဂ္ဂမဟာပဏ္ဍိတဆရာကြီး ဦးလင်းတို့က ဒု-ဥက္ကဋ္ဌ၊


❖ အောင်မြင်စွာ အုတ်မြစ်ချပြီးတဲ့နောက် သုံးနှစ်နဲ့ ကိုးလအကြာ ၁၂၉၉ ခုနှစ် တန်ဆောင်မုန်းလပြည့် (၁၇-၁၁-၁၉၃၇) ဗုဒ္ဓဟူးနေ့မှာတော့ အောင်မြင်စွာ ဓမ္မာရုံဖွင့်ပွဲကြီး ကျင်းပနိုင်ခဲ့ပါတယ်။ ဓမ္မာရုံကြီးတည်ဆောက်ရာမှာ စုစုပေါင်း ကုန်ကျငွေကျပ် ၅၇,၂၅၀ ဖြစ်ပါတယ်။

❖ ၁၉၆၄ ခုနှစ်မှာ စနစ်သစ်ပညာရေးစပေါ်လာပြီး ရန်ကုန်တက္ကသိုလ်ကို ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ရန်ကုန်လို့ပြောင်းခေါ်ကာ တက္ကသိုလ်ဓမ္မာရုံကြီးကိုလည်း 'တက္ကသိုလ်များဓမ္မာရုံ'လို့ ပြောင်းခေါ်ပါတယ်။

◎ စာမျက်နှာ ၈ မှ

တက္ကသိုလ်ဓမ္မာရုံကြီး

အောင်မြင်စွာ အုတ်မြစ်ချပြီးတဲ့နောက် သုံးနှစ်နဲ့ ကိုးလအကြာ ၁၉၉၉ ခုနှစ် တန်ဆောင်မုန်းလပြည့် (၁၇-၁၁-၁၉၃၇) ဗုဒ္ဓဟူးနေ့မှာတော့ ဓမ္မာရုံဖွင့်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပါတယ်။ ဓမ္မာရုံကြီး တည်ဆောက်ရာမှာ စုစုပေါင်း ကုန်ကျငွေကျပ် ၅၇၂၅၀ ဖြစ်ပါတယ်။ မှတ်တမ်းအချို့အရ အလှူခံရငွေက လေးသောင်းကျော်သာရှိတာမို့ ဓမ္မာရုံဖွင့်ပွဲကျင်းပပြီးတဲ့ နောက် ဆက်လက်အလှူငွေ ရှာဖွေခဲ့ရတယ်လို့ သိရပါတယ်။ ဒီလိုငွေအတွက် တက္ကသိုလ်သမဂ္ဂ အဆောက်အအုံ အလှူရှင်သူဌေးကြီး ဒေါက်တာဦးညိုက သမဂ္ဂ တည်ဆောက်စဉ်ပိုနေတဲ့ ငွေ ၁၁၃ ကျပ်၊ ၁၂ ပဲ၊ ၆ ပိုင်ကို ဖြည့်စွက်လှူဒါန်းပါတယ်။ တစ်ခါ ၁၉၄၁-၁၉၄၂ ပညာသင်နှစ်မှာတော့ တက္ကသိုလ်ကျောင်းသား ကျောင်းသူတွေက ဒီလိုငွေဖြည့်ဖို့ အရင်ကလိုပဲ ရန်ပုံငွေ ရှာမယ်လို့ စိတ်ကူးရပြီး ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်နဲ့ ၁၉ ရက်မှာ အရင်ကလိုပဲ ဂျူဗလီဟောမှာ 'ကြွေးဆပ်ကပွဲကြီး' ကို ဆုံးဖြတ်ကြပြီး အားခဲလို့ ဇာတ်တိုက်ကြပေမယ့် ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၇ ရက်မှာ ဂျပန်က ရန်ကုန်တစ်မြို့လုံး ဗုံးကြဲတာကြောင့် ဒီအစီအစဉ်လည်း ပျက်သွားပါတော့တယ်။ ၁၉၆၄ ခုနှစ်မှာ စနစ်သစ်ပညာရေးစပေါ်လာပြီး ရန်ကုန်တက္ကသိုလ်ကို ဝိဇ္ဇာနှင့်သိပ္ပံတက္ကသိုလ် ရန်ကုန်လို့ပြောင်းခေါ်ကာ တက္ကသိုလ်ဓမ္မာရုံကြီးကိုလည်း 'တက္ကသိုလ်များဓမ္မာရုံ'လို့ ပြောင်းခေါ်ပါတယ်။ တက္ကသိုလ်ဓမ္မာရုံကြီးကို ၁၉၉၉ ခုနှစ် တန်ဆောင်မုန်းလပြည့်မှာ ဖွင့်ပွဲမကျင်းပမီ နှစ်လတိတိစောပြီး ၁၉၉၉ ခုနှစ် တော်သလင်းလပြည့်နေ့မှာ ဓမ္မာရုံကြီးမှာ ပထမဆုံးတရားပွဲ ကျင်းပခဲ့ပါတယ်။ ဟောကြားတဲ့ ပုဂ္ဂိုလ်က သံဃာတော်မဟုတ်ဘဲ လူပုဂ္ဂိုလ် ဖြစ်နေတာလည်း ထူးခြားမှုပါပဲ။ ဟောကြားသူက ဆရာကြီးဦးလင်းပါ။ တရားတော်ခေါင်းစဉ်ကို 'ပဋိစ္စသမုပ္ပာဒ်တရား' လို့ အမည်ပေးထားပါတယ်။ နောက်ပိုင်းလည်း ဆရာတော်ကြီးများဖြစ်တဲ့ ကျောက်ဆည်ဝေဘူတောရ၊ ခင်ဦးအင်ကြင်းမြိုင်ကျောင်းနဲ့ ရွှေဘိုအောင်မြေရိပ်သာ သုံးကျောင်းကလွဲရင် တခြားကို ကြွလေ့မရှိတဲ့ ရဟန္တာကြီးလို့ကျော်ကြားတဲ့ ဝေဘူဆရာတော်ဘုရားကြီးဟာ International Meditation Centre – IMC က ဆရာကြီးဦးဘခင်ရဲ့ တောင်းပန်လျှောက်ထားချက်ကြောင့် ၁၉၅၃ ခုနှစ် ဇူလိုင်လမှာ ပထမဆုံးအကြိမ် ရန်ကုန်ကို ခုနစ်ရက်တာ ကြွလာစဉ် တက္ကသိုလ်ဓမ္မာရုံကြီးမှာ တရားချီးမြှင့်သွားခဲ့ပါတယ်။ တခြား ပရိယတ်နဲ့ ပဋိပတ် နယ်ပယ်က ဆရာတော်ကြီးများလည်း တရားချီးမြှင့်ခဲ့သလို ဆရာကြီးဦးကျော်လွင်



ဆရာတော်
ဦးသေဋ္ဌိလ



ရန်ကုန်တက္ကသိုလ်မှ ဒီလစ်ခေါ်
စာပေပါရဂူဘွဲ့ချီးမြှင့်ခြင်းခံရ
သည့် ဆရာကြီးဦးလင်း



ဒုံငံအာခီခေတ်
ပြည်ထဲရေးဝန်ကြီး ဦးမေအောင်

(ကွယ်လွန်)နဲ့ ဆရာကြီး ဒေါက်တာမင်းတင်မွန်တို့က ဒီဓမ္မာရုံကြီးမှာပဲ လူငယ်တွေနားလည်လွယ်တဲ့နည်းနဲ့ အဘိဓမ္မာ သင်တန်းတွေ ပို့ချပေးခဲ့ပါတယ်။ ဒီဓမ္မာရုံကြီးမှာ ပထမဆုံး တရားဟောခွင့်ရတဲ့ ဆရာကြီးဦးလင်းရဲ့ ဘဝဇာတ်ကြောင်းကလည်း စိတ်ဝင်စားဖို့ကောင်းပါတယ်။

ဆရာကြီးဦးလင်း (၁၈၇၅-၁၉၅၄)

ရွှေဘိုမင်းအဆက်အနွယ်ဖြစ်တဲ့ ဆရာကြီး ဦးလင်းကို မြန်မာသက္ကရာဇ် ၁၂၃၇ ခုနှစ် မှာ မန္တလေးမှာမွေးဖွားပြီး မန္တလေးမြို့သာသနာပိုင် မိုးတားဆရာတော်ထံ စာပေသင်ကြားရာ ထူးချွန်လှသဖြင့် ၁၈ နှစ်သားအရွယ် ကိုရင်ဘဝကပင် ဆရာတော်ကြီးရဲ့ လက်ထောက်စာချုပ်အဖြစ် ဦးပဉ္စင်းများကို စာချပေးရပါတယ်။ ၁၂၅၈ ခုနှစ်မှာ ရဟန်းပြုပြီး မန္တလေးမြို့ပရိယတ္တိ သာသနာဟိတ အသင်းကြီးက ကြီးမှူးကျင်းပတဲ့ စာမေးပွဲအတွက် မေးခွန်းများ ထုတ်ပေးရပါတယ်။ ရဟန်းရှစ်ဝါအရှာလူဝတ်လဲပြီး ဟံသာဝတီပဋ္ဌကတ်တိုက်၊ ထို့နောက် ကဝိမျက်မှန်ပုံနှိပ်တိုက်တို့မှာ ပါဠိဆရာကြီးအဖြစ် ဆောင်ရွက်ပါတယ်။

၁၂၈၆ ခုနှစ်(၁၉၂၄ ခုနှစ်) အသက် ၄၉ နှစ်မှာ ရန်ကုန် တက္ကသိုလ် မြန်မာစာဌာနမှာ နည်းပြဆရာအဖြစ် စတင် အမှုထမ်းပြီး ကျောင်းသားများသာမက မြန်မာစာဌာနမှ ဆရာ ဆရာမ များကိုပါ ပျိုး၊ ကဗျာ၊ မော်ကွန်းစတာတွေ သင်ကြားပေးပါ တယ်။ ဒုတိယကမ္ဘာစစ်အပြီး ရန်ကုန် တက္ကသိုလ် ပြန်ဖွင့်ရာမှာတော့ ဆရာကြီးကို လက်ထောက် ကထိကရာထူး တိုးမြှင့်ပေးပါတယ်။ တက္ကသိုလ်ဆရာ လုပ်သက် ၂၆ နှစ်ကြာ ပြီးတဲ့နောက် အသက် ၇၅ နှစ်အရွယ် ၁၃၁၂ ခုနှစ် (၁၉၅၀ပြည့်နှစ်)မှာ ဗုဒ္ဓသာသနာပြုအဖွဲ့ ပို့ဆကဘာသာပြန် ဌာနကို ပြောင်းရွှေ့ အမှုထမ်းပါတယ်။ ရန်ကုန်တက္ကသိုလ် ကနေ ၂၂-၅-၁၉၅၁ မှာ မဟာဝိဇ္ဇာဘွဲ့၊ ၂-၁၂-၁၉၅၃ ရက်မှာ စာပေပါရဂူ(ဒီလစ်) ဘွဲ့ ထပ်မံ ချီးမြှင့် ခြင်းခံရပါတယ်။ အသက် ၇၉ နှစ်အရွယ် ၆-၁၂-၁၉၅၄ ရက်(တနလ်ာနေ့)မှာ ဆရာကြီးကွယ်လွန်ပါ တယ်။

ဆရာကြီးဦးလင်းလိုပဲ ဒီတက္ကသိုလ်ဓမ္မာရုံကြီးနဲ့ ပတ်သက်ဆက်နွယ်တဲ့ ထူးခြားပုဂ္ဂိုလ်တစ်ဦး ရှိပါသေးတယ်။ ဒီဓမ္မာရုံကြီးမှာ ပထမဆုံးကျောင်းအဖြစ် သီတင်းသုံးသွားတဲ့ ကမ္ဘာ့သာသနာပြုဆရာတော်ကြီး ဦးသေဋ္ဌိလပါ။

ဆရာတော် ဦးသေဋ္ဌိလ (၁၈၆၆-၁၉၃၇)

ဆရာတော်ကြီး ဦးသေဋ္ဌိလကို မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ်မှာ ၁၈၆၆ ခုနှစ်မှာ ဖွားမြင်ပြီး အသက် ၁၃ နှစ်ကစလို့ သာမဏေအဖြစ်နဲ့ သာသနာ့ဘောင် ဝင်ရောက်ခဲ့ပြီး ကိုရင်ဘဝနဲ့ ပထမငယ်နဲ့ ပထမလတ်တန်း အောင်မြင်ပါတယ်။ ၁၉၁၅ ခုနှစ်မှာ ရဟန်းပြုပြီး ရဟန်း ဖြစ်စမှာပဲ ပထမကြီးတန်း အောင်ပါတယ်။ ရဟန်း နှစ်ဝါအရှမှာ ပထမကျော်တန်းကို ပထမစွဲအောင်မြင်ပြီး ရဟန်းသုံးဝါအရှမှာ သက္ကသီဟမဓ္မာစရိယအောင်မြင်တော် မူပါတယ်။ ယခုအခေါ် မင်္ဂလာတောင်ညွန့်မြို့နယ် (ယခင်အခေါ် တောင်လုံးပြန်မြို့နယ်)က သုသာန်ဇရပ်မှာ ၁၉၁၅ ခုနှစ်ကစတင်တည်ထောင်တဲ့ ဆရာရင်း အရှင်အာဒိစ္စ ဝံသရဲ့ကျောင်းမှာ စာချဆရာတော်အဖြစ် ၁၉၁၇ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၂၅ ခုနှစ်မှာ အိန္ဒိယ၊ ၁၉၃၀ ပြည့်နှစ်မှာ သီဟိုဠ် (ယခုသီရိလင်္ကာ) နိုင်ငံတွေမှာ အင်္ဂလိပ်စာနဲ့ သက္ကတဘာသာရပ်တွေ လေ့လာဆည်းပူး ပါတယ်။

၁၉၃၉ ခုနှစ်မှာ မိမိအစီအစဉ်နဲ့ အင်္ဂလန်နိုင်ငံကို ကြွပြီး ဒုတိယကမ္ဘာစစ်ကာလကြီးကို ခက်ခက်ခဲခဲ ကျော်ဖြတ်လို့ ၁၉၅၂ ခုနှစ်အထိ ဗုဒ္ဓတရားတော်များ အထူးသဖြင့် အဘိဓမ္မာတရားတော်ကို အင်္ဂလိပ်ဘာသာ နဲ့ပို့ချပြီး ကမ္ဘာ့ဗုဒ္ဓသာသနာပြုဆရာတော်အဖြစ် မှတ်တမ်းဝင်သွားပါတယ်။

ဝန်ကြီးချုပ် ဦးနု အစိုးရရဲ့ ပင့်ဖိတ်လျှောက်ထား မှုကြောင့် ၁၉၅၂ ခုနှစ်မှာ မြန်မာပြည်ပြန်ကြွလာပြီး ၁၉၆၀ ပြည့်နှစ်အထိ ရန်ကုန်တက္ကသိုလ် ဒဿနိက ဗေဒ (Philosophy)ဌာနရဲ့ ကထိကအဖြစ်ဆောင်ရွက်ပြီး B.A ပထမနှစ်နဲ့ နောက်ဆုံးနှစ်၊ M.A ပထမနှစ်နဲ့ နောက်ဆုံးနှစ် လေးတန်းကို အင်္ဂလိပ်ဘာသာနဲ့ အဘိဓမ္မာတရား သင်ကြားပါတယ်။ ဆရာတော် မြန်မာပြည်ရောက်စမှာ နိုင်ငံတော်အစိုးရက ဆရာတော် သီတင်းသုံးဖို့ ကျောင်းနေရာ မစီစဉ်ရသေးတာကြောင့် ဒီဓမ္မာရုံကြီးကိုပဲ ကျောင်းအဖြစ် သီတင်းသုံးသွားတာ ကလည်း ထူးခြားမှုတစ်ရပ်ပါပဲ။ အဲဒီလို သီတင်းသုံးရင်း ရန်ကုန်တက္ကသိုလ်ဌာန အသီးသီးက ဆရာ ဆရာမတွေကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာနဲ့ အဘိဓမ္မာတရား ဟောပြောပို့ချပါတယ်။

ဆရာတော်ဘုရားကြီးဟာ ဝါတော် ၈၁ ဝါ သက်တော် ၁၀၁ နှစ်အရောက် (၃-၁-၁၉၉၇) သောကြာ နေ့မှာ ခန္ဓာဝန်ချတော်မူပါတယ်။

ရာပြည့်ဆီသို့

တက္ကသိုလ်ဓမ္မာရုံကြီး စတင်အုတ်မြစ်ချတဲ့ ၁၉၃၄ ခုနှစ်က စတွက်ရင် နှစ် (၅၀) ပြည့်တဲ့ ၁၉၈၄ ခုနှစ် မတ်လ ၁၄ ရက်မှ ၁၈ ရက်အထိ အဲဒီအချိန်က တက္ကသိုလ်များ ဗုဒ္ဓဘာသာအသင်းကြီးရဲ့ ဥက္ကဋ္ဌဆရာကြီး ဦးကျော်မြသိန်း (ကွယ်လွန်) ဦးဆောင်တဲ့ အမှုဆောင်အဖွဲ့ကြီးက တက္ကသိုလ်ဓမ္မာရုံ နှစ် (၅၀)ပြည့် ရွှေရတုပွဲကြီးကို အောင်မြင်စွာကျင်းပခဲ့ကြပါတယ်။ ကျင်းပပြီးတဲ့နောက် ၁၉၈၅ ခုနှစ်မှာ တက္ကသိုလ်ဓမ္မာရုံကြီးရဲ့ နှစ် (၅၀) ပြည့် ရွှေရတုမဂ္ဂဇင်းကို ခုံခုံညားညား ထုတ်ဝေနိုင်ခဲ့ပါတယ်။ အခုဖော်ပြထားတဲ့ ဓမ္မာရုံကြီးရဲ့ ပုံတော်က အဲဒီမဂ္ဂဇင်းရဲ့ အတွင်းမျက်နှာဖုံးဖြစ်ပါတယ်။ မဂ္ဂဇင်းရဲ့ပုံနှိပ်မှတ်တမ်းမှာ လက်ရာမြောက်လှတဲ့ အဲဒီပန်းချီပညာရှင်ရဲ့ အမည် ဖော်ပြမထားလို့ ဒီဆောင်းပါးမှာ ပန်းချီပညာရှင်ရဲ့ အမည်ကိုချန်လှပ်ထားခဲ့ရပါတယ်။ နောင် ၁၄ နှစ် အကြာ ၂၀၃၄ ခုနှစ် ရောက်ရင်လည်း အဲဒီအချိန်မှာ တက္ကသိုလ်များဗုဒ္ဓဘာသာ အသင်းကြီးရဲ့ အမှုဆောင် အဖြစ် ဆောင်ရွက်နေသူများက ဒီတက္ကသိုလ်များ ဓမ္မာရုံကြီးရဲ့ ရာပြည့်ပွဲကြီးကို အောင်မြင်စွာကျင်းပကြမှာ မလွဲဧကန် ဖြစ်ပါတယ်။ ။

ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ အကြိမ် (၃၀)မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဇူလိုင် ၂၈

ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ အကြိမ်(၃၀)မြောက် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အရေးယူဟန့်တား

အစည်းအဝေးတွင် ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက လယ်ယာမြေကို အခြားနည်းအသုံးပြုရန် လုပ်ငန်းဆောင်ရွက်ရာတွင် နိုင်ငံ၏ စားနပ်ရိက္ခာဖူလုံရေးအပေါ် အဓိကသက်ဆိုင်သည့် လယ်ယာမြေများ မလျော့ပါးရေးနှင့် ကုန်ထုတ်စွမ်းအားတိုးတက်ရေး အခြေခံအဆောက်အအုံများဖြစ်သည့် စက်ရုံအလုပ်ရုံများ တိုးပွားတည်ဆောက်ရေးလုပ်ငန်းများ တစ်ခုနှင့်တစ်ခု အဟန့်အတား၊ ကန့်သတ်ချက်မဖြစ်စေရန် မြေခြင်းသုံးသပ်ပြီး အကောင်းဆုံး လုပ်ဆောင်ကြရန်လိုအပ်ကြောင်း၊ တစ်ဖက်တွင်လည်း မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို အသုံးပြု၍ စိုက်ပျိုးရေး လုပ်ငန်းများ တိုးတက်လာရေး အားပေးဆောင်ရွက်လျက် ရှိရာ မိမိတို့အစိုးရကာလအတွင်း စိုက်ပျိုးမှု တည်ငြိမ်သွားသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ ၄၆၃၂ ဧကအား လယ်ယာမြေအဖြစ် ပြောင်းလဲပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ လယ်ယာမြေအခြားနည်း သုံးစွဲခွင့် လျှောက်ထားလာမှုများနှင့်ပတ်သက်၍လည်း ဌာနဆိုင်ရာ အဖွဲ့အစည်းအဆင့်ဆင့်မှ အမှုတွဲဖွင့်လှစ်ဆောင်ရွက်ပေးရာတွင် လိုအပ်သော အချိန်ကာလထက် ပိုမိုကြာမြင့်မှုမရှိစေရေးနှင့် အခြား နည်းသုံးစွဲခွင့်ပြုပြီး မြေများတွင်လည်း သတ်မှတ်ချက်ပါ ကာလအတိုင်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိပါက လယ်ယာမြေဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထို့အပြင် လယ်ယာမြေအပေါ် ခွင့်ပြုချက်မရရှိမီ လုပ်ငန်းဆောင်ရွက်မှုများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဟန့်တားရန် လိုအပ်ကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ခဲ့ကြပြီး အတွင်းရေးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက အစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်ရမည့် လုပ်ငန်းစဉ်များအား ဖတ်ကြား တင်ပြရာ အစည်းအဝေး တက်ရောက်လာကြသူများက အကြောင်းအရာတစ်ခုချင်းအလိုက် ဆွေးနွေးခဲ့ကြသည်။

အချိန်ကြန့်ကြာမှုမရှိ

အကြိမ်(၃၀)မြောက်အဖြစ် ယနေ့ကျင်းပသည့် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးတွင် နိုင်ငံတော်၏ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရန် သိမ်းယူခဲ့သည့် လယ်ယာမြေများအတွက် ဘဏ္ဍာနှစ်အလိုက် လျော်ကြေး၊ နစ်နာကြေးပေးချေရမည့်ကိစ္စရပ်များ၊ ယခင်အစိုးရကာလများက ခွင့်ပြုထားသော လ/နှ - ၃၉ ခွင့်ပြုမိန့်အား ပယ်ဖျက်ပေးပါရန် တင်ပြလာသည့် ကိစ္စရပ်များ၊ လယ်ယာမြေအား အခြားနည်းဖြင့် အသုံးပြုခွင့်



လျှောက်ထားလာသည့် ကိစ္စရပ်များ၊ လယ်ယာမြေအား အခြားနည်း ခွင့်ပြုမိန့်မရသဲ့ ကြိုတင်အသုံးပြုထားသည့် အပေါ် ဒဏ်ကြေးငွေပေးဆောင်ရန် အဆိုပြု တင်ပြလာသော ကိစ္စရပ်များကို လယ်ယာမြေ ဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များ အရလည်းကောင်း၊ ဗဟိုလယ်ယာမြေ စီမံခန့်ခွဲမှုအဖွဲ့၏ ၁၆.၅.၂၀၁၃ ရက်စွဲပါ စာဖြင့် စိစစ်ရန်ထုတ်ပြန်ထားသည့် ညွှန်ကြားချက်အရ လည်းကောင်း၊ ကိုက်ညီမှန်ကန်မှု ရှိ/မရှိ စိစစ်ဆောင်ရွက်ပြီးနောက် ကိုက်ညီမှန်ကန်မှုရှိပြီး ပြည့်စုံစွာ တင်ပြလာသည့် လယ်ယာမြေ ဥပဒေ ပုဒ်မ ၃၀ (က) အရ လယ်ယာမြေအခြားနည်းသုံးစွဲခွင့် လုပ်ငန်းစာတွဲများနှင့် ပတ်သက်၍ ခွင့်ပြုရန် သင့်/ မသင့် ကိစ္စရပ်များ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၌ ဖြေရှင်းဆောင်ရွက်နေသော လယ်ယာမြေ အငြင်းပွားမှုများအပေါ် သတ်မှတ်ကာလ အတွင်း ဖြေရှင်းပြီးပြတ်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ယခင် အစည်းအဝေးများအရ ပြန်လည်စိစစ်တင်ပြစေခဲ့သော လယ်ယာမြေအခြားနည်းအသုံးပြုခွင့် လျှောက်ထားလာသည့် လုပ်ငန်း စာတွဲများကို ဝိုင်းဝန်းစိစစ်အတည်ပြုခြင်း၊ သက်ဆိုင်ရာကော်မတီသို့ ပြန်လည်ပေးပို့ခြင်းများကို အချိန်ကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း အမေရိကန်-အာဆီယံ စီးပွားရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၈

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းသည် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်စား အမေရိကန်- အာဆီယံ စီးပွားရေးကောင်စီဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် Mr. Alexander C. Feldman နှင့် Senior Vice President and Regional Managing Director Ambassador Michael W. Michalak တို့ အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်၌ Video Conferencing ဖြင့် လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ အသေးစား၊ အငယ်စား နှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၊ လယ်ယာစိုက်ပျိုးရေးနှင့် ကျန်းမာရေး ကဏ္ဍာတို့တွင် အကူအညီ အထောက်အပံ့ပေးနေမှုများကို ကျေးဇူးတင်ရှိပါကြောင်း ဦးစွာပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ စီးပွားရေး ထိခိုက်မှု သက်သာရေးစီမံချက် (CERP) အပါအဝင် ကိုဗစ်-၁၉ ကြောင့် မြန်မာ့စီးပွားရေး ထိခိုက်မှုလျော့ပါးစေရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များနှင့် ကိုဗစ်-၁၉ အလွန် စီးပွားရေးပြန်လည်ထူထောင်ရေးဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးပြောကြားသည်။ အမေရိကန်နှင့် မြန်မာနိုင်ငံအကြား ကုန်သွယ်မှုနှင့်စပ်လျဉ်း၍ ပြောကြားရာတွင် နှစ်နိုင်ငံကုန်သွယ်မှုမှာ သိသာစွာ တိုးတက်လျက်ရှိသော်လည်း မြန်မာနိုင်ငံ၏ ကုန်သွယ်ဖက် ၅၁ နိုင်ငံတွင် အမေရိကန်မှာ အဆင့် ၁၃ တွင် တည်ရှိသောကြောင့် နှစ်နိုင်ငံအကြား ကုန်သွယ်မှုပိုမိုတိုးတက်စေရေးအတွက်လည်းကောင်း၊ အမေရိကန်နိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ရေးအတွက်လည်းကောင်း၊ နှစ်နိုင်ငံအကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်မည့် အခွင့်အလမ်းကောင်းများစွာရှိကြောင်း ပြောကြားသည်။



အမေရိကန်-အာဆီယံစီးပွားရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့ဘက်မှ တက်ရောက်သူများက မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရာတွင် ရရှိနေသည့် အောင်မြင်မှုများအတွက် အသိအမှတ်ပြုပါကြောင်း၊ တည်ငြိမ်သောစီးပွားရေးကို ထိန်းသိမ်းထားနိုင်မှုနှင့် အနာဂတ် အလားအလာများကြောင့်လည်း မြန်မာနိုင်ငံနှင့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်လုပ်ဆောင်ရန် ဆန္ဒရှိပါကြောင်း၊ မကြာသေးမီက ထုတ်ပြန်ခဲ့သော ကုန်သွယ်ရေးဖြေလျော့မှုများကို ကြည့်ခြင်းဖြင့် မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ စည်းမျဉ်းစည်းကမ်းနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိသည်ကို တွေ့ရပါကြောင်း၊ မြန်မာနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ ခရီးသွားကဏ္ဍ၊ စွမ်းအင်ကဏ္ဍနှင့် ဒစ်ဂျစ်တယ် စီးပွားရေးကဏ္ဍတို့တွင် တိုးမြှင့်ပူးပေါင်းဆောင်ရွက်သွားရန်နှင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ၏ စွမ်းဆောင်ရည်မြင့်မားရေးတို့အတွက်လည်း ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ကာလဖြစ်သော်လည်း မြန်မာနိုင်ငံ၏ ပြည်ပရင်းနှီးမြှုပ်နှံမှုမှာ မျှော်မှန်းထားသည့်အတိုင်း ဝင်ရောက်လျက်ရှိပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှု မူဝါဒနှင့် လုပ်ငန်းစဉ်များကို OECD ၏ အကူအညီဖြင့် ပြန်လည်သုံးသပ်လျက်ရှိပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့် ရင်းနှီးမြှုပ်နှံသူများအတွက် လွယ်ကူချောမွေ့စေမည့် ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ မကြာသေးမီကပင် ဂျပန်ကုမ္ပဏီ သုံးခုဖြစ်သည့် Marubeni၊ Sumitomo Corp. နှင့် Mitsui & Co. တို့မှ ဦးဆောင်ရင်းနှီးမြှုပ်နှံမည့် LNG to Power စီမံကိန်းအတွက် Notice to Proceed ကို ပေးအပ်ခဲ့ပြီးကြောင်း၊ အဆိုပါစီမံကိန်းတွင် လျှပ်စစ်ဓာတ်အား ၁၂၅၀ မဂ္ဂါဝပ် ထုတ်လုပ်နိုင်မည့် စက်ရုံပါဝင်သဖြင့် မြန်မာနိုင်ငံ၏ ရင်းနှီးမြှုပ်နှံမှုတွင် အဓိကကျသည့် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်အတွက် စွမ်းအင်ကဏ္ဍ၏ အခြေခံအဆောက်အအုံများကို တိုးချဲ့ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အမေရိကန်ကုမ္ပဏီများ အနေဖြင့် မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုပြုလုပ်ရန် အထူးစိတ်ဝင်စားမှုများ ရှိနေသည်ကို သိရသဖြင့် အလွန်ဝမ်းမြောက် ဝမ်းသာကြိုဆိုပါကြောင်း ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ အမေရိကန်-အာဆီယံစီးပွားရေးကောင်စီဘက်မှ Chevron ၊ ExxonMobil ၊ Chubb ၊ Coca-Cola ၊ Visa ၊ Scoular အပါအဝင် အမေရိကန်ထိပ်တန်းကုမ္ပဏီ ၁၀ ခုတို့မှ ဒေသဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အပါအဝင် ကိုယ်စားလှယ်စုစုပေါင်း ၃၀ ခန့် တက်ရောက်ခဲ့သည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် MPRL E&P Group of Companies တို့ကို သီးခြားစီလက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၂၈

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဥက္ကဋ္ဌ ဦးအုန်းကြိုင်(ဟံသာဝတီဦးအုန်းကြိုင်) ဦးဆောင်သည့် အဖွဲ့နှင့် MPRL E&P Group of Companies မှ Executive Director ဦးတင့်ဆွေ ဦးဆောင်သည့် အဖွဲ့တို့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ သီးခြားစီလက်ခံတွေ့ဆုံသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီနှင့် တွေ့ဆုံစဉ် မဏ္ဍိုင်(၄)ရပ် အလုပ်ရုံဆွေးနွေးပွဲကျင်းပနိုင်ရေး၊ မီဒီယာများရေရှည်ရပ်တည်နိုင်ရန် ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ မီဒီယာစင်တာဖွင့်လှစ်နိုင်ရေး၊ သတင်းမီဒီယာနည်းဥပဒေ ပြင်ဆင်နိုင်ရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း(ယာပို)၊ MPRL E & P Group of Companies နှင့်တွေ့ဆုံစဉ် e-Government စနစ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် Colocation Service ရယူနိုင်ရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ဆွေးနွေးကြသည်။



သတင်းစဉ်

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

နေပြည်တော် ဇူလိုင် ၂၈

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် အခမ်းအနားကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့်ကျင်းပရာ မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်သည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး ဦးစိုးအောင်က ၂၀၂၀ ပြည့်နှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် အခမ်းအနားကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်နေသည့် အခြေအနေများ၊ ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေသည့်ကာလဖြစ်၍ အခမ်းအနားကို အွန်လိုင်းစနစ်ဖြင့်သာ ကျင်းပနိုင်ရေး စီစဉ်ထားမှုများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် လူငယ်ကိုယ်စားလှယ်များက အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် အခမ်းအနားနှင့် ပတ်သက်၍ မိမိတို့ဒေသအသီးသီးတွင် စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် အသိပညာပေးလှုံ့ဆော်မှုများကို သတင်းစာများ၊ ရုပ်သံနှင့် အသံလွှင့်မီဒီယာများက ထည့်သွင်းထုတ်လွှင့်ပေးနိုင်ရေး၊ အခမ်းအနားသို့ လူငယ်ရေးရာကိစ္စရပ်များနှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ပေးနိုင်ရေး၊ အခမ်းအနားမတိုင်မီ မြန်မာနိုင်ငံလူငယ်ရေးရာကော်မတီ အစည်းအဝေးကျင်းပနိုင်ရေး၊ လူငယ်ရေးရာမူဝါဒဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကို အတည်ပြုနိုင်ရေးနှင့်ပတ်သက်၍ စီစဉ်ဆောင်ရွက်ထားရှိသည့်ကိစ္စများ ညှိနှိုင်းရေးတို့ကို ဆွေးနွေးခဲ့ကြသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားရာတွင် ၂၀၂၀ ပြည့်နှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ကို အဓိကရည်ရွယ်ချက်ပေါက်မြောက်အောင် ဆောင်ရွက်သွားစေလိုကြောင်း၊ ယခုမျက်မှောက်ကာလ၌ တစ်ကမ္ဘာလုံးတွင် ကမ္ဘာ့ကပ်ရောဂါများ၊ သဘာဝဘေးဒဏ်များ၊ ပဋိပက္ခများနှင့် ပြဿနာများ ပိုမိုဖြစ်ပွားလျက်ရှိရာ ကုလသမဂ္ဂ၊ နိုင်ငံတကာအဖွဲ့အစည်းများအပါအဝင် သက်ဆိုင်ရာကမ္ဘာ့နိုင်ငံများက နည်းမျိုးစုံဖြင့် ဖြေရှင်းနေကြရကြောင်း၊ ထိုသို့ ဖြေရှင်းဆောင်ရွက်မှုများတွင် လူငယ်များသည် မိမိနေထိုင်ရာပတ်ဝန်းကျင်၊ မိမိနိုင်ငံအတွင်း၌သာမက ကမ္ဘာ့တစ်ဝန်းသို့တိုင်အောင် ချိတ်ဆက်ထိတွေ့ ပူးပေါင်းပါဝင်ကြရန် လိုအပ်ကြောင်း၊ လူငယ်များသည် မိမိတို့၏ ဇွဲရှိမှု၊ ခံနိုင်ရည်ရှိမှုနှင့် ညီညွတ်မှုစွမ်းအားများဖြင့် အခက်အခဲစိန်ခေါ်မှုများကို ကျော်လွှားကြစေလိုကြောင်း၊ ယခုလတ်တလော ဖြေရှင်းဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ လုပ်ငန်းစဉ်များတွင် စေတနာဝန်ထမ်းများအဖြစ် ကိုယ်ကျိုးစွန့်၊ ပါဝင်ဆောင်ရွက်ခဲ့ကြခြင်းသည် ညီညွတ်မှုအင်အားဖြင့် ကမ္ဘာ့ကပ်ရောဂါကို အနှိတ္တုနေကြခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အသိအမှတ်ပြုဂုဏ်ယူပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်း၍ လူငယ်မူဝါဒကို ဖော်ဆောင်ခြင်း၊ မဟာဗျူဟာများချမှတ်ခြင်း၊ လုပ်ငန်းစီမံချက်များဖြင့် အကောင်အထည်ဖော်နိုင်ရန် ကြိုးပမ်းနေခြင်းများသည် အနာဂတ် မျိုးဆက်သစ်များအတွက် ရည်မှန်းဆောင်ရွက်ခြင်းဖြစ်သကဲ့သို့ ယနေ့လူငယ်များ၏ စွမ်းဆောင်ရည်များကို တန်ဖိုးထားမြှင့်တင်ပေးနေခြင်းဖြစ်ကြောင်း၊ လာမည့် ဩဂုတ် ၁၂ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ်အခမ်းအနားတွင် စိန်ခေါ်မှု ပြဿနာများကို ဖြေရှင်းရာ၌ လူငယ်တို့၏ ညီညွတ်သောအင်အားဖြင့် ပါဝင်မှုကို ထင်ဟပ်ပြသစေလိုကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ (UNFPA Myanmar) မှ ကိုယ်စားလှယ်တစ်ဦးနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီဝင် လူငယ်ကိုယ်စားလှယ် ၁၅ ဦးတို့ ပါဝင်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

e – Learning Management System ဆိုင်ရာ လက်တွေ့အသုံးချသင်တန်းဖွင့်ပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၈

ပါမောက္ခချုပ်များကော်မတီက ကြီးမှူး၍ ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း တက္ကသိုလ် ကျောင်းသား ကျောင်းသူများ၏ ပညာသင်ယူမှုအခွင့်အလမ်းများ မဆုံးရှုံးစေရန် ရည်ရွယ်လျက် ကိုဗစ်-၁၉ကာလ ပညာရေးလုပ်ငန်းများ အောင်မြင်ချောမွေ့စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ သက်ဆိုင်ရာ ဆရာ ဆရာမများအား e – Learning Management System ဆိုင်ရာ လက်တွေ့အသုံးချသင်တန်းဖွင့်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက အွန်လိုင်းစနစ်သုံး၍ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ပြောကြားရာတွင် မည်သည့်ခွဲခြားမှုမျှမရှိဘဲ အကျိုးရှိသည့် ဘာသာရပ်များကို တစ်သက်တာ သင်ယူမှုအခွင့်အလမ်းများ ရရှိနိုင်ရေးအတွက် စုပေါင်းအားဖြင့်ရုန်း၍ အားဖြည့်ဆောင်ရွက်ရမည့်အချိန်ဖြစ်ပါကြောင်း၊ တာဝန်ယူ၊ တာဝန်ခံပြီး ပူးပေါင်းဆောင်ရွက်တတ်၍ ဆန်းသစ်တီထွင် ဖန်တီးနိုင်စွမ်းရှိသော လူသားကောင်းများ ဖြစ်လာစေရေးအတွက် အရည်အသွေးရှိသော ပညာရေးကို ဦးတည်ကာ ပြုပြင်ပြောင်းလဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သူငယ်တန်း +၁၂ တန်း အခြေခံပညာရေးနှင့် လိုက်လျောညီထွေရှိသည့် တက္ကသိုလ် သင်ရိုးညွှန်းတမ်းများဖြင့်တင်ခြင်း၊ ၂၁ ရာစုဆိုင်ရာ တတ်ကျွမ်းမှုများရရှိစေမည့် သင်ကြားသင်ယူမှုနည်းလမ်း၊ စစ်ဆေးအကဲဖြတ်ခြင်းများနှင့် အသုံးချသုတေသန၊ စီမံခန့်ခွဲမှုဆိုင်ရာများတွင် လက်တွေ့ကျသော တိုးတက်မှုများ၊ တန်ဖိုးထားမှုများ၊ သင်ယူတတ်မြောက်မှုနှင့် စွမ်းဆောင်ရည်များ မြှင့်တင်ပေးနိုင်ရေးအတွက် အားသာချက်များ၊ အားနည်းချက်များကို ပူးပေါင်းတာဝန်ယူတာဝန်ခံပြီး လေ့လာဆန်းစစ်အကဲဖြတ်သုံးသပ်ကာ ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများ အလုပ်အကိုင်ကောင်းရရှိရန်၊ သင်ယူသူများ၏ အနာဂတ်ဘဝ သာယာလှပရန် လိုအပ်သောယှဉ်ပြိုင်နိုင်မှုစွမ်းရည်များ မြှင့်တင်ပေးနိုင်ရေးအတွက် ဒေသအကျိုးပြုဘွဲ့သင်တန်းများ၊ ဒေသအကျိုးပြုစွမ်းဆောင်ရည် မြင့်မားရေး ကာလတို နှင့် ကာလရှည်သင်တန်းများ၊ ရေရှည်တည်တံ့ခိုင်မြဲ၍ ဟန်ချက်ညီသော ပရော်ဖက်ရှင်နယ် ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ အရေးကြီးပါကြောင်း၊ နည်းပညာဖွံ့ဖြိုးတိုးတက်မှုလျင်မြန်သော ယနေ့ခေတ်ကာလတွင် စာသင်ခန်းတွင်း သင်ယူခြင်း၊ အွန်လိုင်းသင်ယူခြင်း၊ အော့ဖ်လိုင်းသင်ယူခြင်း၊ ပေါင်းစပ်သင်ယူခြင်းစသည့် သင်ကြားသင်ယူမှု နည်းလမ်းပေါင်းစုံဖြင့် သင်ယူတတ်မြောက်မှုကောင်းမွန်ရေး ကြိုးပမ်းဆောင်ရွက်လာသည်ကို တွေ့ရမှာဖြစ်ပါကြောင်း။

မြန်မာနိုင်ငံရှိ ကျောင်း၊ သိပ္ပံ၊ ကောလိပ်၊ ဒီဂရီကောလိပ်၊ တက္ကသိုလ်များတွင် နှစ်ပေါင်းများစွာ ပညာရေးအားနည်းခဲ့သဖြင့် ဆရာ၊ သင်ရိုးညွှန်းတမ်း၊ သင်ကြားသင်ယူမှုနည်းလမ်း၊ စာသင်ခန်း၊ စာသင်ခုံ၊ လက်တွေ့ခန်းပစ္စည်းများ၊ သန့်စင်ခန်း၊ စားသောက်ဆိုင်၊ စာကြည့်တိုက်၊ အိုင်စီတီ၊ အိပ်ဆောင်၊ အိမ်ရာ စသည့် အဓိကလိုအပ်ချက်များ၊ အခက်အခဲများ၊ စိန်ခေါ်မှုများစွာတို့ကို ဖြေရှင်းဖြည့်ဆည်းဆောင်ရွက်နေရသောကြောင့် ယခုအချိန်တွင် နည်းပညာနှင့်ပတ်သက်၍ အဆင့်သင့်မဖြစ်သေးသော်လည်း တက္ကသိုလ်များတွင် ဝက်ဘ်ဆိုက်များ တည်ဆောက်ခြင်း၊ အီးမေးလ်များ အသုံးပြုရန် အားပေးခြင်း၊ ဝန်ကြီးဌာနတွင် Myanmar Digital Education Platform တည်ဆောက်ခြင်း၊ အွန်လိုင်းသင်တန်းများ စီစဉ်ဆောင်ရွက်ခြင်း၊ အွန်လိုင်းသင်ယူမှုအတွက် လိုအပ်သော e–Books and References, e–Learning Resources, e–Learning Management System များအတွက် စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းများ ဆောင်ရွက်ခြင်းတို့ကို အားပေးလျက်ရှိပါကြောင်း၊ လိုအပ်ချက်များကိုလည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဖြည့်ဆည်းပေးနိုင်ရေး ကြိုးပမ်းစီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယနေ့သင်တန်းအတွက် ဦးစီးဆောင်ရွက်ကြသည့် ပါမောက္ခချုပ်များ ကော်မတီ၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ တာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ဝန်ထမ်း များ၊ ကျောင်းသား ကျောင်းသူများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးတို့ကို ကျေးဇူးအထူးတင်ရှိမှတ်တမ်းတင်ပါကြောင်း ပြောကြားသည်။

အခြေခံ e – Learning Management System ဆိုင်ရာ လက်တွေ့အသုံးချ သင်တန်းများကို ပါမောက္ခချုပ်များ ကော်မတီ၊ ပြန်ကြားရေးသတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာလုပ်ငန်းအဖွဲ့မှ မော်ဂျူး ၁၀ ခုဖြင့် အွန်လိုင်းစနစ်သုံးကာ ပို့ချသွားမည်ဖြစ်ပြီး အဆိုပါသင်တန်းများကို ကျောင်းများအလိုက် Zoom Application; ID နှင့် Password များ တစ်ပါတည်းပေးပို့သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



ဖားကန့်မြို့နယ် ဝှခါကျေးရွာ မြေပြိုမှုဖြစ်စဉ်တွင် သေဆုံးသူမိသားစုဝင် ထိခိုက်လွယ်အုပ်စုများအားကူညီရန် တိမောလက်စ်တေနိုင်ငံ အစိုးရနှင့် ပြည်သူများက အလှူငွေများ လှူဒါန်း

နေပြည်တော် ဇူလိုင် ၂၈

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဝှခါကျေးရွာ ရတနာမြေတွင် ဖြစ်ပွားခဲ့သော မြေပြိုမှုကြောင့် အသက်ဘေးကြုံတွေ့ခဲ့ရသူများ၏ ကျန်ရစ်သော မိသားစုဝင်များကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ထိခိုက်လွယ်အုပ်စုဝင် မိသားစုဝင်များ (ကိုယ်ဝန်ဆောင်မိခင်များ၊ သက်ကြီးရွယ်အိုများ၊ မသန်စွမ်းသူများ)အတွက် ပံ့ပိုးကူညီရာတွင် အသုံးပြုနိုင်ရန် တိမောလက်စ်တေနိုင်ငံအစိုးရနှင့် ပြည်သူများ၏ ထည့်ဝင်လှူဒါန်းငွေကျပ် ၂၅ သိန်းကို နိုင်ငံခြားရေးဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်ဇံနှင့်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် လာရောက်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အစိုးရနှင့် NCA-S EAOs မှ UPDJC ကိုယ်စားလှယ်များနှင့် UPDJC နိုင်ငံရေးပါတီများ အစုအဖွဲ့မှ ကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေး

ရန်ကုန် ဇူလိုင် ၂၈

အစိုးရနှင့် NCA–S EAOs (NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ)မှ UPDJC (ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ) ကိုယ်စားလှယ်များနှင့် UPDJC နိုင်ငံရေးပါတီအစုအဖွဲ့မှ ကိုယ်စားလှယ်များ၏ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် (၈)ကြိမ်မြောက် JICM အစည်းအဝေးဆုံးဖြတ်ချက်အတိုင်း ဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပရေးကိစ္စ၊ ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃) ချုပ်ဆိုနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးမှုအခြေအနေနှင့် လက်ရှိငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဆောင်ရွက်နေမှုအခြေအနေများကို အစိုးရနှင့် NCA–S EAOs မှ ကိုယ်စားလှယ်များက ရှင်းလင်းတင်ပြပြီးနောက် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက သိရှိလိုသည်များကို မေးမြန်းပြီး အစိုးရနှင့် NCA–S EAOs မှ ကိုယ်စားလှယ်များက ပြန်လည် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

ယနေ့ ကျင်းပသည့် ဆွေးနွေးပွဲသို့ အစိုးရအစုအဖွဲ့မှ ဦးလှမောင်ရွှေ၊ ဦးပြုံးချို၍နှင့် ဦးဇော်ဌေး၊ NCA–S EAOs အစုအဖွဲ့မှ ဦးမျိုးဝင်း၊ စောမြရာဇာလင်းနှင့် နိုင်အောင်မင်း၊ UPDJC နိုင်ငံရေးပါတီများအစုအဖွဲ့မှ ဦးသုဝေ (ဒီမိုကရက်တစ်ပါတီ-မြန်မာ)၊ ဦးမြင့်မိုး (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)၊ တာလှဖေ (တအောင်း (ပလောင်) အမျိုးသားပါတီ)၊ ဦးသိန်းထွန်း (တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)၊ ဦးအောင်ကြည်ညွန့် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ ဒေါက်တာအောင်မြတ်ဦး (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)၊ ဦးသာထွန်းလှ (ရခိုင်အမျိုးသားပါတီ)၊ ဦးခွန်ထွန်းရွှေ (ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ပါတီ)၊ ဦးလီပေါ်ရဲ(လီဆူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ)၊ ဒေါ်ခွဲဘူ (ကချင်ပြည်နယ်ပြည်သူ့ပါတီ)၊ နိုင်တလည်(မွန်ညီညွတ်ရေးပါတီ)၊ ဒေါ်ရင်ရင်မေ (ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ)၊ ဦးစောထွန်းအောင်မြင့် (ကရင်ပြည်သူ့ပါတီ)၊ ဦးညီပလုပ် ('ဝ'အမျိုးသားပါတီ)၊ စိုင်းနိုင်နိုင်ထွေး (ကယားပြည်နယ်ဒီမိုကရက်တစ်ပါတီ)၊ ဦးစိုင်းဌေးအောင် (တိုင်းလိုင် (ရှမ်းနီ) အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီ)၊ ဒေါ်အေးသီတာမြင့် (လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ)၊ ဦးစိုင်းအောင်မြင့်ခိုင် (ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ)၊ ဆလိုင်းဂျင်မိရီဇောဘွေး (ချင်းအမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)နှင့် ဦးထွန်းအောင် (အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ) တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ- ရဲခေါင်ညွန့်



ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး ငါးရိုက္ခာများစားသုံးပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

ပဲခူး ဇူလိုင် ၂၈

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် မြို့သစ်(မြို့မဈေး)တွင် ကိုဗစ်- ၁၉ ရောဂါကာကွယ်ရေး ငါးရိုက္ခာများစားသုံးပေး ပို့စတာစိုက်ထူခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယနေ့တွင် ဒိုက်ဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိုးထွန်းနှင့် ဝန်ထမ်းများ၊ ဒိုက်ဦးမြို့နယ် ငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ မင်းတဲရပ်ကွက် အုပ်ချုပ်ရေးမှူး၊ မြို့နယ်စည်ပင်မှ တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ဧရာဝတီမြစ်ရေ အခြေအနေ

နေပြည်တော် ဇူလိုင် ၂၈

ယနေ့ မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟသံတမြို့၌ တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။

အဆိုပါ မြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

မိုး/၉လ

နျူလက်နက်ပိုင်ဆိုင်ခြင်းက နိုင်ငံ၏လုံခြုံရေးကို အာမခံချက်ပေးနိုင်ဟု မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ပြောကြား



ပြိုယမ်း ဇူလိုင် ၂၈

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် နျူကလီးယားလက်နက်ပိုင်ဆိုင်ခြင်းသည် နိုင်ငံ၏လုံခြုံရေးကို အမြဲတမ်း အာမခံချက်ပေးနိုင်ကြောင်း ခေါင်းဆောင်ကင်ဂျုံအန်က ပြောကြားခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်က ကိုရီးယားစစ်ပွဲ အဆုံးသတ်ခဲ့သည့် နှစ်ပတ်လည်နေ့ဖြစ်သည့် ဇူလိုင် ၂၇ ရက်တွင် ပြုလုပ်သည့် စစ်ပြန်များ၏ ကွန်ဖရင့်တစ်ရပ်တွင် အထက်ပါအတိုင်း ပြောကြားခဲ့ခြင်းဖြစ်ကြောင်း ဇူလိုင် ၂၈ ရက်ထုတ် မြောက်ကိုရီးယားနိုင်ငံ အာဏာရပါတီပိုင် ရိုဒန်ဆင်မွန်သတင်းစာ၏ ခေါင်းကြီးပိုင်းတွင် ရေးသားဖော်ပြထားသည်။

မြောက်ကိုရီးယားနိုင်ငံအနေဖြင့် အခြားသော လက်နက်ကိုင်ပဋိပက္ခများကို တွန်းလှန်ဖယ်ရှားရန် ပိုင်ဆိုင်ရမည့် နျူကလီးယားလက်နက်များကိုလည်း ထုတ်လုပ်ခဲ့ကြောင်းနှင့် ရန်လိုသောအဖွဲ့များ၏ မည်သို့သော စစ်ဘက်ဆိုင်ရာ ခြိမ်းခြောက်မှုမျိုးကိုမဆို မြောက်ကိုရီးယားနိုင်ငံက မိမိကိုယ်မိမိ ကာကွယ်နိုင်စွမ်း ရှိကြောင်းကိုလည်း ကင်ဂျုံအန်က ပြောကြားခဲ့သည်ဟု ရိုဒန်ဆင်မွန်သတင်းစာက ရေးသားဖော်ပြထားသည်။

ကင်ဂျုံအန်သည် နျူကလီးယားလက်နက်အပြီးတိုင်ဖျက်သိမ်းရေးပန်းတိုင်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် ၂၀၁၈ ခုနှစ်အတွင်းက ပြုလုပ်ခဲ့သည့် မြောက်ကိုရီးယား-အမေရိကန် ထိပ်သီးအစည်းအဝေးတွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် သဘောတူညီခဲ့သော်လည်း မြောက်ကိုရီးယားနိုင်ငံက စီးပွားရေးပိတ်ဆို့မှုများကို ဖြေလျှော့ပေးရေး တောင်းဆိုခဲ့ပြီးနောက် နှစ်နိုင်ငံအကြား ဆွေးနွေးမှုများမှာ ကြန့်ကြာမှုဖြစ်ပေါ်စေခဲ့သည်။ အမေရိကန်နိုင်ငံကမူ မြောက်ကိုရီးယားနိုင်ငံသည် နျူကလီးယားလက်နက် အပြီးတိုင်ဖျက်သိမ်းရေးနှင့်စပ်လျဉ်း၍ ခိုင်လုံသောဆောင်ရွက်ချက်တစ်စုံတစ်ရာမျှ မရှိကြောင်း ထောက်ပြခဲ့သည်။

ကိုးကား-အင်နှအိတ်ချ်ကေ
ဘာသာပြန်-အလင်းသစ်

သမ္မတ ဒေါ်နယ်ထရမ့်၏ လုံခြုံရေးအကြံပေး ကိုရိုနာပိုင်းရပ်စ် ကူးစက်ခံရ

ဝါရှင်တန် ဇူလိုင် ၂၈

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ လုံခြုံရေးအကြံပေး ရောဘတ်အိုဘရိုင်ယန်အား ကိုရိုနာပိုင်းရပ်စ် ကူးစက်ခံရကြောင်း သိရသည်။

အိုဘရိုင်ယန်တွင် သာမန်ရောဂါလက္ခဏာများသာ တွေ့ရှိရပြီး ခွဲခြားနေထိုင်ကာ လုပ်ငန်းများကို ဆောင်ရွက်နေကြောင်း အိမ်ဖြူတော်က ပြောကြားသည်။ အိုဘရိုင်ယန်၏ ရောဂါဖြစ်ပွားမှုအခြေအနေမှာ သမ္မတထရမ့်နှင့် ဒုတိယသမ္မတ မိုက်ပန့်စ်တို့အား မကူးစက်နိုင်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယခုလအတွင်း အိုဘရိုင်ယန်သည် ထရမ့်နှင့်အတူ ဖလော်ရီဒါပြည်နယ် မာလာဂိုတွင် ကျင်းပသော အစည်းအဝေးများသို့ တက်ရောက်ခဲ့ပြီး ထိုခရီးစဉ်ပြီးဆုံးသည့် နောက်ပိုင်းတွင် အိုဘရိုင်ယန်အား မိမိမတွေ့ရှိခဲ့ကြောင်း ထရမ့်က ပြောကြားသည်။ အိမ်ဖြူတော်ဝန်ထမ်းများအား ကျန်းမာရေးစစ်ဆေးပေးနေပြီး အိုဘရိုင်ယန်သည် ကိုရိုနာပိုင်းရပ်စ်ဖြစ်ပွားသည့် အဆင့်မြင့်တာဝန်ရှိသူဖြစ်ကြောင်း သိရသည်။

အမေရိကန်တောင်ပိုင်းနှင့် အနောက်ပိုင်းတို့တွင် ကိုရိုနာပိုင်းရပ်စ်ဖြစ်ပွားမှုများ မြင့်တက်နေပြီး နိုင်ငံအတွင်း ကိုရိုနာပိုင်းရပ်စ်ဖြစ်ပွားသူ ၄ ဒသမ ၂သန်းခန့် ရှိကြောင်း သိရသည်။

ကိုးကား-အင်နှအိတ်ချ်ကေ
ဘာသာပြန်-စိုးသူရ





အာဖဂန်နစ္စတန်နိုင်ငံ၌ ယခုနှစ် ပထမခြောက်လတာကာလအတွင်း အရပ်သား သေဆုံးဒဏ်ရာရရှိသူဦးရေ ၃၄၀၀ ကျော်ရှိဟုဆို

ကုလသမဂ္ဂ ဇူလိုင် ၂၈

အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း၌ အကြမ်းဖက်မှုများဖြစ်ပွားခဲ့ခြင်းကြောင့် ယခုနှစ် ပထမခြောက်လတာကာလအတွင်း အရပ်သား သေဆုံးဒဏ်ရာရရှိသူဦးရေ ၃၄၀၀ ကျော်ရှိကြောင်း ကုလသမဂ္ဂက ပြောကြားခဲ့သည်။

အဆိုပါကာလအတွင်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် အာဖဂန်အရပ်သား ၁၂၈၂ ဦး သေဆုံးခဲ့ကြောင်း ကုလသမဂ္ဂက ဇူလိုင် ၂၇ ရက်တွင် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။ အခြားသော အရပ်သား ၂၁၇၆ ဦးမှာ ဒဏ်ရာအသီးသီးရရှိခဲ့ကြခြင်းကြောင့် စုစုပေါင်းအရပ်သား သေဆုံးဒဏ်ရာရရှိသူဦးရေ ၃၄၅၈ ဦးရှိခဲ့ကြောင်း ကုလသမဂ္ဂ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမေရိကန်နှင့် တာလီဘန်တို့သည် ဖေဖော်ဝါရီလအတွင်းက ငြိမ်းချမ်းရေးသဘောတူညီချက်တစ်ရပ်ရရှိခဲ့ပြီးဖြစ်သော်လည်း အာဖဂန်အစိုးရနှင့် တာလီဘန်တို့အကြား ပဋိပက္ခဖြစ်ပွားမှုများသည် ဆက်လက်ဖြစ်ပွားနေသည့်အတွက် အရပ်သားသေဆုံးဒဏ်ရာရရှိမှု များပြားလာမည်ကို ကုလသမဂ္ဂက စိုးရိမ်လျက်ရှိသည်။

သေဆုံးဒဏ်ရာရရှိသူများ၏ ၄၃ ရာခိုင်နှုန်းသည် တာလီဘန်တို့၏ တိုက်ခိုက်မှုကြောင့်ဖြစ်ကြောင်းနှင့် ၂၃ ရာခိုင်နှုန်းသည် အာဖဂန်အစိုးရလုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လေကြောင်းမှ တိုက်ခိုက်မှုများကြောင့်ဖြစ်ကြောင်း ကုလသမဂ္ဂက ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြထားသည်။

ကိုရိုနာပိုင်းရပ်စ် လူနာများအား ကုသမှုပေးနေသည့် ဆေးရုံများအား ပစ်မှတ်ထားတိုက်ခိုက်မှုများတွင် ဆေးဘက်ဆိုင်ရာဝန်ထမ်းများလည်း သေဆုံးဒဏ်ရာရရှိမှုများရှိခဲ့ကြောင်း အဆိုပါထုတ်ပြန်ချက်က ဖော်ပြထားသည်။ ထို့ကြောင့် တိုက်ပွဲများ ချက်ချင်းရပ်တန့်ရန် ကုလသမဂ္ဂက တောင်းဆိုထားသည်။

ကိုးကား-အင်နှအိတ်ချ်ကေ
ဘာသာပြန်-အလင်းသစ်

အာမေးနီးယားနှင့် အဇာဘိုင်ဂျန်ကြား တင်းမာမှုများကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဖြေရှင်းရန် ပူတင်နှင့် အာဒိုဂန် ပြောကြား

မော်စကို ဇူလိုင် ၂၈

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တူရကီသမ္မတ ရီစက် တေယက်အာဒိုဂန်တို့သည် ယမန်နေ့က ဖုန်းပြောဆိုမှုတစ်ခုအတွင်း အာမေးနီးယား-အဇာဘိုင်ဂျန် နယ်စပ်တင်းမာမှုများကို ငြိမ်းချမ်းသောနည်းလမ်းဖြင့် ဖြေရှင်းရန် ပြောဆိုခဲ့ကြောင်း သိရသည်။

တူရကီနိုင်ငံ၏ တောင်းဆိုမှုအရပြုလုပ်သည့် အဆိုပါ ဖုန်းပြောဆိုမှုအတွင်း ရုရှားသမ္မတ ပူတင်က တင်းမာမှုများ အရှိန်မြင့်တက်စေနိုင်သည့် မည်သည့်ကိစ္စရပ်မျိုးကိုမဆို ကြိုတင်တားဆီးရေးသည် အရေးပါကြောင်းကို အလေးထားပြောဆိုခဲ့သည်ဟု ကရင်မလင်က ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားခဲ့သည်။ ရုရှားသမ္မတရုံး၏ အဆိုအရ ဒေသတွင်းတည်ငြိမ်မှုရှိရေး ညှိနှိုင်းဆောင်ရွက်ရာတွင် စိတ်ဝင်စားမှုရှိကြောင်း ပူတင်နှင့် အာဒိုဂန်တို့က ပြောကြားခဲ့သည်ဟု သိရသည်။

နာဂေါနို-ကာရာဘတ်ခ် ပဋိပက္ခကို အပြည်ပြည်ဆိုင်ရာဥပဒေ၊ အာမေးနီးယား-အဇာဘိုင်ဂျန် ပြည်သူများ၏ အကျိုးစီးပွားကိုအခြေခံ၍ နိုင်ငံရေး သို့မဟုတ် သံတမန်နည်းလမ်းဖြင့် ဖြေရှင်းမှုမရှိပုံကိုလည်း ခေါင်းဆောင်နှစ်ဦးက မီးမောင်းထိုးပြခဲ့သည်။ အာမေးနီးယားနှင့် အဇာဘိုင်ဂျန်ကြား နယ်စပ်ဒေသတစ်ခုခု၌ ယခုလအစောပိုင်းတွင် ဖြစ်ပွားခဲ့သော လက်နက်ကိုင်တိုက်ခိုက်မှုများကြောင့် လူသေဆုံးမှုများ ဖြစ်ပေါ်ခဲ့သည်။ အာမေးနီးယားနှင့် အဇာဘိုင်ဂျန်နိုင်ငံတို့မှာ ၁၉၈၈ ခုနှစ်ကတည်းက တောင်ထူထပ်ရာ နာဂေါနို-ကာရာဘတ်ခ်ခန့်ပတ်သက်၍ တင်းမာမှုများ ဖြစ်ပွားလျက်ရှိသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-ကျော်ထိုက်စိုး

ဒါနန်းမြို့၌ အသွားအလာကန့်သတ်မှုများ ချမှတ်

ဒါနန်း ဇူလိုင် ၂၈

ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့ရှိ လေကြောင်းခရီးစဉ်များနှင့် အများပြည်သူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ရပ်နားထားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ဇူလိုင် ၂၇ ရက်တွင် ပြောကြားသည်။

ယခုကဲ့သို့ ဆောင်ရွက်ရခြင်းမှာ ဒါနန်းမြို့တွင် ပြီးခဲ့သော လများအတွင်းက ကိုရိုနာပိုင်းရပ်စ်ဖြစ်ပွားမှုများကို တွေ့ရှိခဲ့ရခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

အရှေ့တောင်အာရှနိုင်ငံဖြစ်သော ဗီယက်နမ်အနေဖြင့် ကိုရိုနာပိုင်းရပ်စ်တိုက်ဖျက်ရေးကို စနစ်တကျ ဆောင်ရွက်နေပြီး ဇီဠိလနောင်းပိုင်းမှစတင်ကာ အသွားအလာကန့်သတ်ချက်များကို ရုပ်သိမ်းခဲ့သည်။ ထိုအချိန်မှစတင်ပြီး ကမ်ဘာ့ရိုးတန်းဒေသဖြစ်သော ဒါနန်းမြို့သို့ ခရီးသည်များသွားရောက်မှု များပြားလာခဲ့သည်။

သို့သော် ရက်ပေါင်း ၁၀၀ အတွင်း ဗီယက်နမ်နိုင်ငံ၏ ပထမဆုံး ပြည်တွင်းကိုရိုနာပိုင်းရပ်စ်ကူးစက်မှုကို ဒါနန်းတွင် တွေ့ရှိခဲ့ပြီးနောက် မြို့တွင်းရှိ ဘတ်စ်ကားများနှင့် အငှားယာဉ်များကို ပြေးဆွဲခွင့်ပိတ်ပင်ခဲ့သည်။ အထက်ပါညွှန်ကြားချက်ကို ပို့ဆောင်ရေးဝန်ကြီးဌာနက ဇူလိုင် ၂၇ ရက် ညနေပိုင်းတွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ဘတ်စ်ကား၊ အငှားယာဉ်နှင့် ကမ္ဘာလှည့်ခရီးသည်များ စီးနင်းသော ယာဉ်များကိုလည်း ၁၅ ရက်ကြာမျှ ပြေးဆွဲမှုများ ရပ်နားထားခဲ့သည်။ ဒါနန်းမြို့ရှိ အသက် ၅၇ နှစ်အရွယ် အမျိုးသားတွင် ကိုရိုနာပိုင်းရပ်စ် ကူးစက်ခဲ့ပြီးနောက် အခြားကူးစက်မှုများကိုလည်း တွေ့ရှိခဲ့သည်။ ဒါနန်းမြို့အတွင်း ရပ်ကွက်များရှိ ဒေသခံများအား နေအိမ်များထဲတွင်သာ နေထိုင်ရန် တာဝန်ရှိသူများက ပြောကြားခဲ့ပြီး လူစုလူဝေးပြုလုပ်ခြင်းကိုလည်း ပိတ်ပင်ခဲ့သည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-စိုးသူရ

ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ
၁၆၆၈၇၈၈၅၅ ဦး

သေဆုံးသူ
၆၅၇၄၅၅ ဦး

ပြန်လည်ကျန်းမာလာသူ
၁၀၂၇၂၃၈၉ ဦး


စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်း

စင်ကာပူဝန်ကြီးချုပ်အဖြစ် လီရှန်လွန်း ပြန်လည်ရွေးကောက်ခံရမှုအတွက် ဝမ်းမြောက်မိကြောင်း တရုတ်ဝန်ကြီးချုပ် လီခချန်း ပြောကြား

စင်ကာပူ ဇူလိုင် ၂၈

တရုတ်ဝန်ကြီးချုပ် လီခချန်းက စင်ကာပူဝန်ကြီးချုပ်အဖြစ် လီရှန်လွန်း ပြန်လည်ရွေးကောက်ခံရမှုအတွက် ဝမ်းမြောက်ကြောင်း ပြောကြားခဲ့သည်။

များစွာအလေးထား

ဝန်ကြီးချုပ် လီရှန်လွန်း၏ ဦးဆောင်မှုအောက်တွင် စင်ကာပူနိုင်ငံ၏စီးပွားရေးက ကာလရှည်ကြာ ကောင်းမွန်သော အရှိန်အဟုန်ကို ထိန်းထားခဲ့ကြောင်း ယမန်နေ့ကပေးပို့ခဲ့သည့် သဝဏ်လွှာအတွင်း လီခချန်းက ပြောသည်။ ကိုဗစ်-၁၉ ကပ်ရောဂါ ရင်ဆိုင်ရာတွင် စင်ကာပူအစိုးရက တိကျပြတ်သားသော အစီအမံများ ဆောင်ရွက်ခဲ့ပြီး ကပ်ရောဂါတားဆီးကာကွယ်ရေးနှင့်ထိန်းချုပ်ရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာပြန်လည်ကုစားရေးတွင်အပြုသဘောဆောင်သောရလဒ်များ ရရှိခဲ့သည်။ တရုတ်နှင့် စင်ကာပူနိုင်ငံတို့က ချစ်ကြည်ရင်းနှီးသော အိမ်နီးချင်းနိုင်ငံများဖြစ်ရာ တရုတ်နိုင်ငံက နှစ်နိုင်ငံဆက်ဆံရေးကို များစွာအလေးထားပါကြောင်း ၎င်းက ဆိုသည်။

ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးအပြင် ဖွံ့ဖြိုးရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကြိုးပမ်းမှုများ ညှိနှိုင်းဆောင်ရွက်ရန်၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း ပူးတွဲတည်ဆောက်မှုဆက်လက်ဆောင်ရွက်ရန်နှင့် ယခုနှစ်အတွင်းကျရောက်မည့် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး နှစ် ၃၀ ပြည့်အခမ်းအနားတွင် တရုတ်-စင်ကာပူ ဆက်ဆံရေးကို ပိုမိုမြင့်မားသောအဆင့်အထိ တိုးမြှင့်ရာတွင် လီရှန်လွန်းနှင့် လက်တွဲဆောင်ရွက်လိုသောဆန္ဒရှိပါကြောင်း လီခချန်းက ပြောသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-ကျော်ထိုက်စိုး

မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇတ် နိုင်ငံပိုင်ငွေကြေး အရှုပ်တော်ပုံတွင် အပြစ်ရှိကြောင်း တွေ့ရှိ

ကွာလာလမ်ပူ ဇူလိုင် ၂၈

နိုင်ငံပိုင်ဖွံ့ဖြိုးရေးရန်ပုံငွေ နိုင်ငံပိုင်ငွေကြေးနှင့်ဆက်စပ်သော ရင်းဂစ်သန်းပေါင်းများစွာနှင့် ပတ်သက်၍ ယနေ့ ပထမအကြိမ် အကျင့်ပျက်ခြစားမှုဆိုင်ရာ တရားရုံးအမှုစစ်ဆေးရာတွင် မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇတ်၌ စွဲချက်ခုနစ်ခုစလုံးတွင် အပြစ်ရှိကြောင်း တွေ့ရှိခဲ့သည်ဟု သိရသည်။

စွဲချက်များတွင် အာဏာအလွဲသုံးစားမှု၊ ငွေကြေးခဝါချမှုနှင့် ယုံကြည်မှုချိုးဖောက်ခြင်းတို့ ပါဝင်သည်။ တရားရုံးချုပ် တရားသူကြီး မိုဟာမက် နက်ဇ်လန်က စီရင်ချက်ဖတ်ကြားချိန်တွင် မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇတ်၌ စွဲချက်ခုနစ်ခုဖြင့် အပြစ်ရှိကြောင်း တွေ့ရှိသည်ဟု ပြောကြားခဲ့သည်။ ၂၀၀၉ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည့် နာဂျစ် အပေါ် စွဲချက်များတွင် ၂၀၁၄ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်အတွင်း သူ၏ဘဏ်အကောင့်ထဲသို့ နိုင်ငံပိုင် ငွေကြေးလုပ်ငန်းခွဲတစ်ခု ဖြစ်သည့် SRC International မှ ရင်းဂစ် ၄၂ သန်း လွှဲပြောင်းပေးမှုလည်း ပါဝင်ခဲ့သည်။ နာဂျစ်ရာဇတ်အား ယုံကြည်မှုချိုးဖောက်ခြင်း စွဲချက်သုံးခု၊ ငွေကြေးခဝါချမှု စွဲချက်သုံးခုနှင့် အာဏာအလွဲသုံးစားမှု စွဲချက်တစ်ခုဖြင့် စွဲချက်တင်ခဲ့ခြင်းဖြစ်သည်။

ဆုံးဖြတ်ချက် ချမှတ်အပြီးတွင် နာဂျစ်၏ရှေ့နေ မူဟမ်မက်ရှာဖီးက ပြစ်ဒဏ်ချမှတ်မှုကို ဩဂုတ် ၃ ရက်အထိ ရွှေ့ဆိုင်းပေးရန် တောင်းဆိုခဲ့သော်လည်း တရားလိုဘက်က ပြစ်ဒဏ်ချမှတ်မှုရွှေ့ဆိုင်းရန် ခိုင်လုံသော အကြောင်းရင်းမရှိဟု ပြောကြားခဲ့သည်။ သူ၏ဘဏ်စာရင်းများထဲသို့ ရင်းဂစ်သန်းပေါင်းများစွာ လွှဲပြောင်းပေးခဲ့ကြောင်း တွေ့ရှိချိန်တွင် နာဂျစ်က ချောက်ချားသွားခဲ့ကြောင်း အမှုစစ်ဆေးမှုအတွင်း တရားရုံးသို့ ပြောကြားခဲ့သည်။ နာဂျစ်မှာ နိုင်ငံပိုင် ငွေကြေးနှင့်ဆက်စပ်သော အမှုနှစ်ခုလည်း ရင်ဆိုင်နေရသည်။ ရင်းဂစ် ၂၇ သန်း ငွေကြေးခဝါချသည်ဆိုသော အကျင့်ပျက်ခြစားမှုကို လာမည့်နှစ် ဇူလိုင် ၅ ရက်တွင် တရားသူကြီး မိုဟာမက်ဇိုင်နီမာဇမ်၏ တရားရုံး၌ စစ်ဆေးမည်ဖြစ်သည်။

၂၀၁၈ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် နာဂျစ် ဦးဆောင်သော အစိုးရအဖွဲ့ ရှုံးနိမ့်ပြီးနောက် ဒုတိယအကြိမ် ဝန်ကြီးချုပ် တာဝန်ထမ်းဆောင်မည့် ဒေါက်တာမဟာသီယာမိုဟာမက်က နိုင်ငံပိုင်ငွေကြေး အရှုပ်တော်ပုံနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် တောင်းဆိုခဲ့သည်။

နာဂျစ်အား မလေးရှားနိုင်ငံမှ ထွက်ခွာခွင့်ပိတ်ပင်ထားပြီး ၎င်းနှင့် ဆက်စပ်သော အဆောက်အအုံများအတွင်းရှိ ငွေကြေးနှင့် တန်ဖိုးကြီး ပစ္စည်းများကို ရဲတပ်ဖွဲ့က သိမ်းယူခဲ့သည်။

ကိုးကား-စီအင်န်အေ
ဘာသာပြန်-ကျော်ထိုက်စိုး



ကမ္ဘာပေါ်တွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများပြားလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောကြား

ဂျီနီဗာ ဇူလိုင် ၂၈

ကမ္ဘာပေါ်တွင် ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားမှုမှာ အရှိန်ရလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တီဒရော့စ်အက်နွန်ဂါဘရီယဆက်က ယမန်နေ့က ပြောကြားခဲ့သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ကမ္ဘာတစ်ဝန်းရှိ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှု ၁၆ သန်းနှင့် သေဆုံးသူ ၆၄၀၀၀၀ ရှိကြောင်း သိရသည်ဟု သတင်းထောက်များအား ၎င်းက ပြောကြားသည်။

လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ရေး၊ လက်ဆေးရေးနှင့် လူထုထပ်သောနေရာများကို ရှောင်ရှားရေးတို့ကို ဆောင်ရွက်ကြရန် တီဒရော့စ်က ပြည်သူများအား ပြောကြားခဲ့သည်။ ထိုကဲ့သို့သော စည်းမျဉ်းများကို လိုက်နာသဖြင့် ကနေဒါ၊ တရုတ်၊ ဂျာမနီနှင့် တောင်ကိုရီးယားတို့တွင် ကိုရိုနာဗိုင်းရပ်စ် တားဆီးရေးကို ဆောင်ရွက်ခဲ့နိုင်သည်ဟု တီဒရော့စ်က ပြောကြားသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရေးပေါ်ကျန်းမာရေးဆိုင်ရာဌာနမှ ကျွမ်းကျင်သူဖြစ်သည့် မိုက်ရိုင်ယန်က ဂျပန်နှင့် ဩစတြေးလျနိုင်ငံတို့တွင် ရောဂါထိန်းချုပ်ရေးကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့သဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနည်းပါးကြောင်း ပြောကြားသည်။

ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ

ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၃၉၅ ဦးတွေ့ရှိပြီး ၁၅၀ ထပ်မံသေဆုံး

မော်စကို ဇူလိုင် ၂၈

ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၃၉၅ ဦး ထပ်မံစစ်သပ်တွေ့ရှိခဲ့ရာ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈၂၃၅၁၅ ဦး ရှိလာကြောင်း၊ ထို့အတူ ရုရှားနိုင်ငံတစ်ဝန်း၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၁၅၀ ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၃၅၀၄ ဦး ရှိလာကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးဗဟိုဌာနမှ ယနေ့ ထုတ်ပြန်ထားသည့် ကြေညာချက်အရ သိရသည်။

ထို့ပြင် မြို့တော်မော်စကိုး၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၆၇၄ ဦး ထပ်မံတွေ့ရှိခဲ့သဖြင့် ရောဂါကူးစက်ခံရသူပေါင်း ၂၃၉၃၁၅ ဦး ရှိလာကြောင်း သိရသည်။ မော်စကိုမြို့သည် ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ အဆိုးရွားဆုံးထိခိုက်သွားသည့်မြို့ဖြစ်သည်။

သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော လူနာ ၈၈၈၈ ဦးတို့သည် တစ်ရက်အတွင်း ရောဂါကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းခဲ့ကြရာ ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၆၁၂၁၇ ဦး ရှိလာကြောင်း သိရသည်။

ရုရှားအစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ ယမန်နေ့အထိ တစ်နိုင်ငံလုံးတွင် လူဦးရေ ၂၇ ဒသမ ၃ သန်း ကျော်၏ နမူနာကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ရာ လောလောဆယ် လူနာ ၂၆၁၇၂၂ ဦးသာ ဆေးဘက်ဆိုင်ရာ စောင့်ကြည့်မှုခံယူလျက်ရှိကြောင်း ရုရှားစားသုံးသူအခွင့်အရေးနှင့် လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့က ပြောကြားသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

အီရန်နိုင်ငံတောင်ပိုင်း၌ အစွလာမွစ်တော်လှန်ရေးအစောင့်တပ် စစ်ရေးလေ့ကျင့်

တီဟီရန် ဇူလိုင် ၂၈

အီရန်နိုင်ငံ၏ အစွလာမွစ်တော်လှန်ရေးအစောင့်တပ်သည် အင်အားကြီးမားသော စစ်ရေးလေ့ကျင့်မှုတစ်ခုကို နိုင်ငံ၏ တောင်ပိုင်းတွင် ယနေ့ စတင်ကြောင်း တာစနိမ်သတင်းအေဂျင်စီက သတင်းဖော်ပြသည်။

အစွလာမွစ် တော်လှန်ရေးအစောင့်တပ်သည် ပါယမ်ဘာအီအာဇမ် (ကြီးမြတ်သော တမန်တော်- ၁၄) ဟု အမည်ပေးထားသော အဆိုပါစစ်ရေးလေ့ကျင့်မှုကို နိုင်ငံ၏ တောင်ပိုင်း ဟော်မုဇ်ဂန်ပြည်နယ် ဟော်မုဇ် ရေလက်ကြား၏ အနောက်ဘက်ဒေသ အစိတ်အပိုင်းများနှင့် ပင်လယ်ကွေ့ဒေသများတွင် ပြုလုပ်ခြင်းဖြစ်ကြောင်း တာစနိမ်သတင်းအေဂျင်စီက အီရန်တော်လှန်ရေးအစောင့်တပ်၏ထုတ်ပြန်ချက်ကို ကိုးကားဖော်ပြထားသည်။

အဆိုပါစစ်ရေးလေ့ကျင့်မှုကို အစွလာမွစ် တော်လှန်ရေးအစောင့်တပ်၏ ရေတပ်နှင့် လေတပ်က ပူးတွဲပြုလုပ်ခဲ့ခြင်းဖြစ်ပြီး စစ်ရေးလေ့ကျင့်မှုတွင် အမြန်စစ်သင်္ဘောများ၊ မောင်းသူမဲ့ ဒရုန်းလေယာဉ်များ၊ ဒုံးကျည်နှင့် ရေဒါစနစ်များပါဝင်ကြောင်း သိရသည်။

စစ်ရေးလေ့ကျင့်မှု၌ ပါဝင်တက်ရောက်သော တပ်ဖွဲ့ဝင်များသည် ဒုံးကျည်များ၊ မောင်းသူမဲ့ဒရုန်းလေယာဉ်များနှင့် အမြန်စစ်သင်္ဘောများအသုံးပြုပြီး ထိုးစစ်ဆင်ရေး၊ မြေမြှုပ်မိုင်းရှင်းလင်းရေးနှင့် ရန်သူများ၏ ချိတ်ဆက်မှုဖြတ်တောက်ရေးဆိုင်ရာ နည်းဗျူဟာများကို လေ့ကျင့်ခဲ့ကြောင်း သိရသည်။ ထို့အပြင် လေ့ကျင့်မှု၌ပါဝင်သည့် တပ်ဖွဲ့ဝင်များသည် ရဟတ်ယာဉ်များအား အသုံးပြုပြီး ဒုံးကျည်များဖြင့် ထိုးစစ်ဆင်ရေးနှင့် ကမ်းခြေမှ ပင်လယ်ပြင်ထဲသို့ ဒုံးကျည်များဖြင့် ပစ်ခတ်ရေးဆိုင်ရာ စစ်ရေးလေ့ကျင့်မှုများကိုလည်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

အီရန်တော်လှန်ရေးအစောင့်တပ်သည် စစ်ရေးလေ့ကျင့်မှုဇုန်ရှိ အခြေအနေများကို အကဲဖြတ်ရန် အီရန်နိုင်ငံ၏ "အလင်း" ဟု အမည်ပေးထားသည့် ဂြိုဟ်တုမှ ဓာတ်ပုံများကို အသုံးပြုကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ



မြန်မာမိန်းကလေးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

နေပြည်တော် ဇူလိုင် ၂၈

မြန်မာမိန်းကလေးအား တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့သူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေဖြင့် အလုပ်နှင့်ထောင်ဒဏ်များ ချမှတ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မွန်ပြည်နယ် မော်လမြိုင်မြို့နေ ကရင်(ခ)ကိုမင်း(ခ)ဖိုးထွန်း(ခ)ကျော်ကိုမင်း၊ မခင်ဌေး (ခ)မခင်အေးနှင့် ပေါင်မြို့နယ်နေ မစိုးဝင်းတို့သည် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် မြောက်ဇျမ်းကုန်းရွာနေ အသက် ၂၅ နှစ်အရွယ်ရှိ မိန်းကလေးအား တရုတ်နိုင်ငံတွင် အိမ်ဖော်အလုပ် ခြောက်လ လုပ်ပါက ငွေကျပ် ၁၅ သိန်းရမည်ဟု စည်းရုံးပြောဆိုပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားခဲ့မှုအတွက် မော်လမြိုင်မြို့ ဒိုင်းဝန်ကွင်းနယ်မြေရဲစခန်းက (ပ) ၁၃၈၀/၂၀၁၉၊ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုဖွင့်လှစ်ခဲ့ပြီး မော်လမြိုင်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ မတ် ၁၀ ရက်တွင် တရားခံ မစိုးဝင်းနှင့် ကရင်(ခ)ကိုမင်း(ခ)ဖိုးထွန်း(ခ)ကျော်ကိုမင်းတို့အား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ်စီနှင့် ဇူလိုင် ၂၇ ရက်တွင် တရားခံ မခင်ဌေး (ခ)မခင်အေးအား လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ ဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၁ နှစ်ချမှတ်ခဲ့သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နေ မသီတာတိုး(ခ)တိုးတိုး၊ ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ် စမ်းနားရွာနေ မဌေးဌေးဝင်း (ခ)မဌေးဝင်းနှင့် တရုတ်နိုင်ငံ ဟဲနန်ပြည်နယ်နေ မချိုချိုဝင်း(တိမ်းရောင်)တို့သည် လှိုင်သာယာမြို့နယ်နေ အသက် ၁၈ နှစ်အရွယ်ရှိ မိန်းကလေးအား တရုတ်နိုင်ငံတွင် တရုတ်ယောကျ်ားယူလျှင် ငွေကျပ် ၁၀ သိန်းရမည်၊ ချမ်းချမ်းသာသာနေရမည်၊ တစ်နှစ်စာချုပ်ဖြင့် ပေါင်းသင်းရမည်၊ မင်္ဂလာဆောင်ရမည်၊ တစ်နှစ်ပြည့်ပြီး ပြန်ချင်လျှင် ပြန်ခေါ်ပေးမည်ဟု စည်းရုံးပြောဆိုပြီး တရုတ်နိုင်ငံသို့ ပို့ဆောင်ရောင်းစားရန် စီစဉ်ခဲ့မှုအတွက် မူဆယ်မြို့မရဲစခန်းက (ပ) ၃၇၉/၂၀၁၉၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၈(က)/၃၂ ဖြင့် အမှုဖွင့်ခဲ့ပြီး မူဆယ်ခရိုင်တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဇူလိုင် ၂၄ ရက်တွင် တရားခံ မသီတာတိုး(ခ)တိုးတိုးနှင့် မဌေးဌေးဝင်း (ခ)မဌေးဝင်းတို့အား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ အရ အလုပ်နှင့်ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်ခဲ့ပြီး တိမ်းရောင်တရားခံကို တရားခံပြေးကြေညာခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

တာမွေမြို့နယ်၌ ကားပစ္စည်းခိုးယူသူများအား ဖမ်းဆီးရမိ



ရန်ကုန် ဇူလိုင် ၂၈

တာမွေမြို့နယ်အတွင်း မသက်ဘွယ်တွေ့ရှိသော ယာဉ်တစ်စီးကို စစ်ဆေးရာမှ ကားပစ္စည်းများ ခိုးယူမှု ၉၄ မှု ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း တာမွေမြို့နယ်ရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ တာမွေမြို့နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်စဉ် ဇူလိုင် ၁၈ ရက် နံနက် ၃ နာရီက မသက်ဘွယ် ယာဉ်တစ်စီးအားစစ်ဆေးရာ ယာဉ်ပေါ်တွင် ဇော်လင်းထက်(ခ)ကျွဲမ၊ သက်ကိုလင်း(ခ)အိုနိုက်၊ လှတင်(ခ)ဟူစိန်နှင့် နေသူရိန်ထွန်း(ခ)သူရိန်တို့အား ဝက်အူလှည့် သုံးချောင်း၊ စပန်တာဂွသုံးချောင်း၊ ဟိုက်ဂျက် ယာဉ်နောက် မီးခွက်တစ်စုံ၊ ပိုက်ဘာတစ်စုံတို့နှင့်အတူ တွေ့ရှိရပြီး ၎င်းတို့ပိုင်ဆိုင်ကြောင်း အထောက်အထားတစ်စုံတစ်ရာ ပြောပြနိုင် ခြင်းမရှိသဖြင့် တာမွေရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်ပြီး ဆက်လက်စစ်ဆေးခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အသီးသီးမှ ကားပစ္စည်းခိုးယူခဲ့မှု ၉၄ မှု ထပ်မံပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

ကြေးမုံ

ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

နေပြည်တော် ဇူလိုင် ၂၈

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယမန်နေ့တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၃၅ စီး၊ သွင်းကုန် ၃၆၅ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်သွင်းကုန် ၂၃၈ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၇၈၂ သန်း တန်ဖိုးရှိ) တင်သွင်းရန် ကန့်သတ်တားမြစ်ထားသည့် အေးခဲကြက်သား (1 x 30 Kg),(53) Pkgs အား သိမ်းဆည်းရမိကြောင်း သိရသည်။ သတင်းစဉ်

မြို့နယ်အချို့၌ တရားမဝင်သစ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂၈

ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှုသတင်းပို့စနစ်ဖြင့် သတင်းပေးပို့ချက်အရ ဇူလိုင် ၂၄ ရက်မှ ၂၅ ရက်အထိ သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တရားမဝင်သစ်များ သိမ်းဆည်းလျက်ရှိရာ စလင်းမြို့နယ် မြောက်ဒီးဒုတ်ပင်ကျေးရွာ၏မြောက်ဘက် သုသာန်အနီးမှ တရားမဝင် ဒဟတ်၊ ထနောင်း၊ နဘဲ၊ သန်းခွဲသား လုံးပတ် ကိုးတန်၊ ဝန်းသိုမြို့နယ် နမ်းခမ်းကြိုးပိုင်း(၃၄) အတွင်းနှင့် ဘုံချောင်းရွာအနီးမှ တရားမဝင် ကျွန်းသစ်ခွဲသား ၁၁ တန်၊ လေ့တစ်စင်း၊ လွှဲပိုင်းတစ်ခုနှင့်ဆက်စပ်ပစ္စည်းများ၊ မင်းကင်းမြို့နယ် တောင်ယာတောရွာဆိပ်ကမ်း၊ တောင်ယာတောရွာ ချင်းတွင်းမြစ်ကမ်းဘေးနေရာများမှ တရားမဝင် အင်/ကညင်ခွဲသား ကိုးတန်ကို ပိုင်ရှင်မဲ့သိမ်းဆည်းရမိခဲ့သည်။

ထို့အပြင် ကလေးဝမြို့နယ် သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်းကားလမ်း မိုင်တိုင် (၄/၅) ဖာလုံအနီးနေရာနှင့် ပလွင်ကြိုးပိုင်းအတွင်းတို့မှ တရားမဝင်ကညင်သစ် ၁၉ တန်၊ ထွန်စက်သုံးစီး၊ လက်ကိုင်စက်လွှတစ်လက်နှင့်အတူ ပြစ်မှုကျူးလွန်သူ တစ်ဦး၊ ယင်းမာပင်မြို့နယ် တရော်ကျင်းကျေးရွာအနီး ကျောက်တွင်းကွင်းတောလမ်းတွင် ယာဉ်ပေါ်မှ တရားမဝင်ကျွန်းခွဲသားနှစ်တန်နှင့်အတူ ပြစ်မှုကျူးလွန်သူ တစ်ဦး၊ လှည်းကူးမြို့နယ် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်(၃/၅) တွင် မော်တော်ယာဉ်ပေါ်မှ တရားမဝင်ကျွန်းတံခါးရွက်အပိုင်းအစ၊ ပျဉ်းကတိုးခွဲသားတစ်တန်နှင့်အတူ ပြစ်မှုကျူးလွန်သူ တစ်ဦးတို့အား ဖမ်းဆီးရမိခဲ့သည်။ ပြစ်မှုကျူးလွန်သူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး သက်ဆိုင်ရာရဲစခန်းတွင် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

ညီညီသန်း (နေပြည်တော်)



ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကာ လွန်ချမ်းသာ



ယခင်ကထက် ပိုမိုစည်းလုံးခိုင်မာတဲ့နိုင်ငံ ဖြစ်လာဖို့မျှော်လင့်



ဒီစိန်ခေါ်မှုကြီးကို ရင်ဆိုင်ကျော်လွှားနိုင်ရင် ယခုအတွက်သာမက နောင်မျိုးဆက်တွေအတွက်ပါ အောင်မြင်မှုကြီးဖြစ်ပါလိမ့်မယ်။ စာရေးဆရာမကြီးတစ်ဦးက ပြောဖူးပါတယ်၊ နိုင်ငံတစ်နိုင်ငံရဲ့ သမိုင်းမှာ ဂုဏ်ယူဖွယ်ရာ ဖြစ်ရပ်တွေဟာ ခေတ်အဆက်ဆက်မှာ ခက်ခဲတဲ့ကာလတွေကို ကျော်ဖြတ်ဖို့ အင်အားတွေ ဖြစ်စေပါတယ်။ ဒို့တွေဟာ အခက်အခဲကြီးတွေကို ကျော်လွှားနိုင်စွမ်းရှိခဲ့တယ်၊ ခုလည်းကျော်လွှားနိုင်မှာပဲ ဆိုတဲ့ ယုံကြည်မှုစွမ်းအားပါ။

ပြည်သူတွေရဲ့စွမ်းအားနဲ့ Covid အလွန်ကာလမှာ ယခင်ကထက် ပိုမိုစည်းလုံးခိုင်မာတဲ့နိုင်ငံ ဖြစ်လာဖို့ မျှော်လင့်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏
၁-၆-၂၀၂၀ ရက်နေ့တွင် ဖေ့စ်ဘွတ်၌ ရေးသားဖော်ပြချက်မှ ကောက်နုတ်ချက်)

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၈-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

၁။ (၂၈-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၃၁၇)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၆၇) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၈၂) ခုနှင့်
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၂) ခု၊
- စုစုပေါင်း (၉၁၈)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိပါ။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၂၈-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၂၈-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၃၁၇) ခု
(၂၈-၇-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၆၇) ခု
(၂၈-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၁၈၂) ခု
(၂၈-၇-၂၀၂၀) ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၂၅၂) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်)	(၀) ဦး

၂။ (၂၈-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၅၀) ဦးရှိပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ (၁)ဦး (Case- 320) ရှိသဖြင့် စုစုပေါင်း (၂၉၃) ဦးရှိပါသည်။ ၎င်းတို့အနက် (၂၇၈) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက် ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၈-၇-၂၀၂၀) ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီမှ (၂၈-၇-၂၀၂၀)ရက်နေ့၊ မွန်းတည့် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၂၈) ဦးရှိပါသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၂၈-၇-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

	အသစ်	ယခုအထိ စုစုပေါင်း
COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed)	(၀) ဦး	(၃၅၀) ဦး
ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered)	(၁) ဦး	(၂၉၃) ဦး
သေဆုံးလူနာ (death)	(၀) ဦး	(၆) ဦး

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၂၈-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

၁။ (၂၇-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၃၇၂)ခုတွင်
- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၂၇-၇-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -
- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၅၈၃)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၁၀၂) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၁၁၄) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မော်လမြိုင်) မှ ဓာတ်ခွဲနမူနာ (၂၅၆) ခုနှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၂၈) ခု၊

စုစုပေါင်း (၁,၁၈၃)ခု အား စစ်ဆေးပြီးစီးခဲ့ပါသည်။

၃။ (၂၈-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၅၀) ဦး ရှိပါသည်။

COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်
(၂၈-၇-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ

(၂၇-၇-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ	(၃၇၂) ခု
COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်)	(၀) ဦး

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

ပန်းတိုင်မရောက်ခင် တက် မထောင်စေချင်ပါ



ဒေါက်တာခင်စန်းမော်

အဖုံးပါသော ဆွဲခြင်းနှစ်ခုကို ကိုင်ဆွဲကာ အင်္ဂါးယာဉ်ပေါ်မှ ဆင်းလာသော အမျိုးသမီးနှစ်ဦးကို တွေ့လိုက်ရသည်နှင့်တစ်ပြိုင်နက် ဆေးခန်းအကူတပည့်မလေးက ပါးစပ်နှင့် နှာခေါင်းစည်းနှစ်ခုကို လှမ်းပေးပြီး ဝတ်ဆင်ခိုင်းလိုက်ပါသည်။ လက်ဆေးဆပ်ပြာရည်ကို ညွှန်ပြပြီး လက်ဆေးရန်လည်း မေတ္တာရပ်ခံနေသည်။

"ဆရာမရယ်၊ ကျွန်မတို့ ဆရာမဆီမှာပဲ ခွေးတွေ၊ ကြောင်တွေ လာပြနေတာပါ။ ကျွန်မတို့ကို အခုလို မယုံတာကိုတော့ အံ့သြမိပါတယ်" သူ့အသံက ဝမ်းနည်းရိပ်သန်းနေသဖြင့် ကျွန်မက သူ့ကို ဖြေသိမ့်စကားပြောရပါသည်။

"ဆရာမက မယုံကြည်လို့နှာခေါင်းစည်းဝတ်ခိုင်းတာ မဟုတ်ပါဘူး။ အခုလို ကိုဗစ်ကာလမှာ ကိုယ့်အတွက်ရော တခြားလူတွေအတွက်ပါ ဘေးအန္တရာယ်ကင်းအောင် ကာကွယ်ထားတာ အကောင်းဆုံးမို့ပါ။ ဆေးခန်းကို တခြားလူတွေလည်း လာကြတယ်လေ။ ဆရာမတို့က အတတ်နိုင်ဆုံး သန့်ရှင်းရေးလုပ်ပြီး ကာကွယ်ပေးထားသလို ပိုင်ရှင်တွေဘက်ကလည်း၏ ကာကွယ်ဖို့ နည်းလမ်းတွေ လိုက်နာကြတာဟာ မှန်ကန်တဲ့ လုပ်ရပ်ပါပဲ"

၂၀၂၀ မတ်လလယ်လောက်ကစပြီး ဆေးခန်းပိတ်ကာ Stay Home နေခဲ့ရာမှ ဖွန်လလယ်ခန့်မှစ၍ ဆေးခန်းကို အချိန်ပိုင်း ပြန်လည်ဖွင့်လှစ်ခဲ့ပါသည်။ ပြန်လည်ဖွင့်ခါစက ဖုန်းနှင့် ကြိုတင်ချိန်းဆိုထားသော သူများသာ လာကြသည်။ လာသမျှလူအားလုံး ပါးစပ်နှင့် နှာခေါင်းစည်း ဝတ်ဆင်လာကြသည်။ ရော်ဘာလက်အိတ်များ ဝတ်ဆင်လာကြသည်။ လက်ဆေးရေ၊ လက်သန့်ဆေးရည် သို့မဟုတ် အရက်ပြန် စပရေးဘူးများ ပါလာကြသည်။

ဆေးခန်းထဲမဝင်ခင် သူတို့ဘာသာ ဆေးကြောသန့်စင်ပြီးမှ ခွေး၊ ကြောင်တို့ကို ပြသသလို ပြန်လည်ထွက်ခွာသွားလျှင်လည်း လက်သန့်ဆေးရည်စပရေးများဖြင့် လက်များကို သန့်စင်ပြီးမှ သွားကြပါသည်။ ဆေးခန်းနံရံ၊ တံခါးနှင့် စားပွဲကဲ့သို့ ပရိဘောဂများကို အတတ်နိုင်ဆုံး မထိမိအောင်ရှောင်ကြဉ်ကြသည်။ ဆေးခန်းရှေ့မှာ စောင့်ဆိုင်းနေရလျှင်လည်း တစ်ဦးနှင့်တစ်ဦး ခပ်ဝေးဝေးမှာ ရပ်နေကြသည်။ တိုတိုနှင့် လိုရင်းစကားဆိုကာ ခပ်သုတ်သုတ် ပြန်သွားကြသူများပါသည်။

သို့သော် ဇူလိုင်လဆန်းလောက်ကစပြီး လျော့ရဲလျော့ရဲ ဖြစ်လာသည်။ နှာခေါင်းစည်းမဝတ်ဘဲ ရောက်လာသူတွေ ရှိလာသည်။ လက်အိတ်များ၊ စပရေးများလည်း ပါမလာကြတော့ပေ။

ကလေးငယ်လေးများကို နှာခေါင်းစည်းမဝတ်ဘဲ ခေါ်လာတတ်ကြသည်။ ထိုအခါ ဆေးခန်းဘက်က လုပ်ဆောင်ရမည့် တာဝန်များကို အားသွန်ခွန်စိုက် တိုးမြှင့်ရတော့သည်။ နှာခေါင်းစည်းမပါသူများအတွက် နှာခေါင်းစည်းအသစ်များ ဘူးလိုက်ချထားပြီး ထုတ်ပေးကာ ဝတ်ဆင်ခိုင်းရသည်။

လက်ဆေးဆပ်ပြာရည်နှင့် စပရေးများ၊ လက်သန့်ဆေးရည်များကို ညွှန်ပြပြီး ဆေးကြောသုတ်သင်ခိုင်းရသည်။ ရှေ့ကလူနှင့် အိမ်မွေးတိရစ္ဆာန်တို့ ထွက်ခွာသွားလည်း ဆေးခန်းထဲသို့ ချက်ချင်းမဝင်ရပါ။ ဆေးကုစားပွဲများ၊ နံရံနှင့် ကြမ်းပြင်များ၊ တံခါးများအားလုံးကို ဆပ်ပြာရည်၊ ပိုးသန့်စင်ဆေးရည်တို့ဖြင့် သန့်ရှင်းအောင် လုပ်ဆောင်ပြီးမှနောက်ထပ်လူနာဝင်လာရသည်ကတော့ ယခင်ကတည်းက ပြုမြဲဝတ္တရား ဖြစ်ပါသည်။ ယခုအချိန်တွင် ပို၍စေ့စပ်၊ ပို၍သေချာအောင် လုပ်ဆောင်ပြီးမှ ဝင်ခွင့် ပြုလိုက်ပါသည်။

ဆေးခန်းလာပြကြသည့် အိမ်မွေးတိရစ္ဆာန်ပိုင်ရှင် အချို့သာ နှာခေါင်းစည်းမပါတာမဟုတ်ပါ။ လမ်းမကြီးပေါ်မှာ သွားလာနေကြသော လူများတွင်လည်း နှာခေါင်းစည်း မဝတ်သူတွေ များလာ၏။ ဘတ်စ်ကားများကို မော့ကြည့်သောအခါ လူအချို့ကသာ မျက်နှာစည်း ဝတ်ဆင်ကြပြီး လူအများစုက လွတ်လွတ်လပ်လပ် ငေးမော လျက်လိုက်ပါနေကြသည်။

ကိုဗစ်-၁၉ ရောဂါပိုးကူးစက်ပုံ

ရောဂါလက္ခဏာ ပြသည်ဖြစ်စေ၊ မပြသည်ဖြစ်စေ ရောဂါပိုးရှိနေသောလူများက ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ စကားပြောခြင်း၊ သီချင်းဆိုခြင်းတို့မှ ထွက်လာသော တံတွေးနှင့်အစက်အမှုန်အမွှားတို့ကို နီးကပ်စွာ ထိတွေ့မိခြင်းမှ ရောဂါပိုးကူးစက်သည်။ ထို့ကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) က လူအချင်းချင်း တစ်မီတာ (သုံးပေ)အကွာတွင် နေသင့်ကြောင်း ပြောကြားသည်။ သို့သော် အမေရိကန်ပြည်ထောင်စုရှိ ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာ (Centers for Disease Control and Prevention – CDC) က လူတစ်ဦးနှင့်တစ်ဦး နှစ်မီတာ (ခြောက်ပေ)အကွာ နေသင့်သည်ဟု ဆိုပါသည်။ ရောဂါလက္ခဏာမပြဘဲ ရောဂါပိုးသယ်ဆောင်ထားသူများ၏ အရေအတွက်သည် ၄၀ ရာခိုင်နှုန်းခန့် ဖြစ်မည်ဟု ခန့်မှန်းကြပါသည်။

ရောဂါလက္ခဏာပြနေသူတို့သည် (ခပ်ပျော့ပျော့ လက္ခဏာ သို့မဟုတ် မတိကျသော လက္ခဏာပြနေသူ ဖြစ်လျှင်တောင်မှ) ရောဂါကူးစက်နိုင်စွမ်း အများဆုံး ဖြစ်ကြသည်။

သို့သော် လက္ခဏာမပြခင် နှစ်ရက်အလိုကပင် ရောဂါပိုးကူးစက်စေနိုင်သည်။ ရောဂါအသင့်အတင့် ဖြစ်ပွားသော လူတို့သည် ခန့်မှန်းခြေအားဖြင့် ၇ -၁၂ ရက် အတွင်း ရောဂါပိုး ဖြန့်ဝေနိုင်ပြီး ရောဂါဆိုးရွားသူတို့သည် နှစ်ပတ်လောက်အထိ ရောဂါပိုးကူးစက်စေနိုင်သည်။

ရောဂါပိုးပါနေသော အစက်အမှုန်အမွှားတို့သည် ကြမ်းပြင်ပေါ်နှင့် မျက်နှာပြင်များပေါ်တွင် တွယ်ကပ်နေတတ်ရာ ထိုနေရာများကို ထိတွေ့ကိုင်တွယ်မိသော လူများက သူတို့၏မျက်လုံးများ၊ နှာခေါင်းနှင့် ပါးစပ်တို့အား မဆေးကြောထားသည့် လက်များဖြင့် ကိုင်တွယ်မိသောကြောင့် ရောဂါကူးစက်တတ်ပါသည်။

ကမ္ဘာတစ်ဝန်းတွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသေဆုံးမှုများ ဆက်လက်များပြားလျက်ရှိသောကြောင့် ပြည်သူများအနေဖြင့် ပေါ့ဆမှုလုံးဝမရှိဘဲ အောက်ပါအချက်များကို ဆက်လက်လိုက်နာကျင့်သုံးရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ညွှန်ကြားထားသည်။

(က) တတ်နိုင်သမျှ လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံးဝ) မသွားကြပါရန်၊

(ခ) တစ်ဦးနှင့်တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်ကြပါရန်၊ ဖြစ်နိုင်ပါက အနည်းဆုံး ခြောက်ပေအကွာမှသာ နေထိုင်ပြောဆို ဆက်ဆံကြပါရန်၊

(ဂ) အပြင်ထွက်တိုင်းနှင့် လူစုလူဝေးရှိသည့်နေရာများသို့ သွားသည့်အခါတိုင်း ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျ မပျက်မကွက် ဝတ်ဆင်ကြပါရန်၊

(ဃ) လက်တွင် ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာရည် အသုံးပြု၍ အနည်းဆုံး စက္ကန့် ၂၀ ကြာအောင် ဆေးကြောကြပါရန်တို့ ဖြစ်ပါသည်။

တိရစ္ဆာန်ဆေးကုဆရာဝန်များအတွက် ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးစင်တာ (CDC) မှ လမ်းညွှန်ချက်များ

ယခုအချိန်ကာလတွင် ကိုဗစ်-၁၉ ရောဂါပျံ့နှံ့မှု၌ တိရစ္ဆာန်များ ပါဝင်ပတ်သက်နေကြောင်း အထောက်အထား အချက်အလက်များအရ ကိုဗစ်-၁၉ ရောဂါဖြစ်နေသော လူနှင့်နီးကပ်စွာနေသည့် ခွေး၊ ကြောင်တချို့ (အရေအတွက် အနည်းငယ်)မှာ ရောဂါကူးစက်ခြင်းကို တွေ့ရသည်။ သို့သော် ရောဂါပြင်းထန်စွာ မဖြစ်ပွားဘဲ ပြန်လည်ကောင်းမွန်လာသည်ဟု သိရသည်။

ထိုတိရစ္ဆာန်များမှ လူသို့ ပြန်လည်ကူးစက်ခြင်း မရှိသေးပါ။

တိရစ္ဆာန်ဆေးကုခန်းတွင် ဆောင်ရွက်ရမည့် တာဝန်များ

ကိုဗစ်-၁၉ ကပ်ရောဂါသည် လူအချင်းချင်း ကူးစက်နိုင်သောကြောင့် ဖျားနာနေသော ဝန်ထမ်းများအား အိမ်မှာနေခိုင်းရမည်။

ဆေးခန်းရှိ ဝန်ထမ်းများသည် အခန်းတွင်း အခန်းပြင် သန့်ရှင်းရေးနှင့် ပိုးသတ်ဆေးဖျန်းခြင်းတို့ကို စနစ်တကျဆောင်ရွက်ရမည့်အပြင် တစ်ယောက်နှင့် တစ်ယောက် ခပ်ခွာခွာနေခြင်း၊ ကိုယ်ပိုင်အသုံးအဆောင်၊ စားပွဲ၊ ကုလားထိုင်၊ ပစ္စည်းကိရိယာများ သီးခြားထားရှိခြင်း၊ ဖျားနာ၍ နားနေရသူ ဝန်ထမ်း၏ အသုံးအဆောင်များကို ရှောင်ကြဉ်ခြင်း၊ မသုံးမဖြစ် အတူသုံးစွဲရသော ကိရိယာတန်ဆာပလာများကို မကြာမကြာ ပိုးသတ်ဆေးဖျန်းခြင်းများ ပြုလုပ်ရမည်။

တိရစ္ဆာန်ဆေးကုဆရာဝန်များ၊ ဆေးဘက်အကူ ဝန်ထမ်းများ၊ အိမ်မွေးတိရစ္ဆာန်ပိုင်ရှင်များ၊ ဆေးခန်းသို့ လာသမျှ ဧည့်သည်များအားလုံးတို့သည် မျက်နှာစည်းများ၊ လက်အိတ်များ ဝတ်ဆင်ရမည် ဖြစ်သည်။ လိုအပ်ပါက တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ(PPE) များအား အသုံးပြုရမည်။ အရေးမကြီးသည့် ခွဲစိတ်ကုသမှုများ၊ အရေးမကြီးသည့်ကျန်းမာရေးကိစ္စများကို ဆိုင်းငံ့ထားသင့်သည်ဟု ညွှန်ကြားထားပါသည်။

သို့ရာတွင် ဖယ်ရီကားများ၊ ဘတ်စ်ကားများပေါ်၌ ပူးကပ်ထိုင်ပြီး လိုက်ပါလာသော သူတို့သည် နှာခေါင်းစည်း မဝတ်ကြတော့ပေ။ အချို့က နှာခေါင်းစည်းကို မေးစေ့မှာသာ ချိတ်ဆွဲထားကြသည်။

နှာခေါင်းစည်းဝတ်ဆင်ပြီးမှ တွေ့ဆုံ စကားပြောခွင့် ပေးလျှင် မျက်နှာညိုကြသည်။ အချို့က ဤရောဂါသည် နိုင်ငံခြားပြန်တို့မှာသာ ဖြစ်ပွားတတ်သည်ဟု ထင်မှတ်ကြသည်။ ရောဂါလက္ခဏာမပြဘဲ ရောဂါပိုး သယ်ဆောင်ထားသူကို မျက်မြင်အားဖြင့် လုံးဝမသိနိုင်ပါ။

ယခု ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၈ ရက် သတင်းအရ တစ်ကမ္ဘာလုံးတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၆ သန်းကျော်ရှိနေပြီး သေဆုံးသူဦးရေ ခြောက်သိန်းကျော် ရှိနေပါပြီ။

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြီးအတွက် ကာကွယ်ဆေးနှင့် ကုသဆေးများကို စမ်းသပ်နေဆဲသာ ရှိနေပါသေးသည်။ ထိုအချိန်ကာလတွင် ပြည်သူများ လုံးဝမပေါ့ဆသင့်ပါ။ နိုင်ငံတော်အစိုးရ၏၊ ညွှန်ကြားချက်များကို စနစ်တကျလိုက်နာသင့်ပါ၏။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ စကားအတိုင်း၊ ဗိုလ်ချုပ်၏သမီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ထပ်ဆင့် သတိပေးချက်အတိုင်း "ပန်းတိုင်မရောက်ခင် တက် မထောင်ပါနှင့်"ဆိုသော စကားကို မမေ့မလျော့ လိုက်နာကျင့်သုံးစေချင်ပါသည်။ ။

> ❖ **အချို့က ဤရောဂါသည် နိုင်ငံခြားပြန်တို့မှာသာ ဖြစ်ပွားတတ်သည်ဟု ထင်မှတ်ကြသည်။ ရောဂါလက္ခဏာမပြဘဲ ရောဂါပိုး သယ်ဆောင်ထားသူကို မျက်မြင်အားဖြင့် လုံးဝမသိနိုင်ပါ။**
>
> ❖ **ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြီးအတွက် ကာကွယ်ဆေးနှင့် ကုသဆေးများကို စမ်းသပ်နေဆဲသာ ရှိနေပါသေးသည်။ ထိုအချိန်ကာလတွင် ပြည်သူများ လုံးဝမပေါ့ဆသင့်ပါ။**

လင်းခေးမြို့၌ Cash For Work စီမံကိန်းတာဝန်ပေးအပ်ပွဲနှင့် VRFP ရန်ပုံငွေပေးအပ်

လင်းခေး ဇူလိုင် ၂၈

ကျေးလက်နေပြည်သူများ ကိုဗစ်-၁၉ ရောဂါကြောင့် ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားနိုင်ရန်အတွက် Cash For Work စီမံကိန်းတာဝန်ပေးအပ်ပွဲနှင့် VRFP ကျေးရွာမတည်ရန်ပုံငွေ ပေးအပ်ပွဲကို ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်မျိုးကျော်နှင့် ခရိုင်ကျေးလက်ဦးစီးမှူး ဦးအောင်ငွေတို့က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ကျေးလက်ဦးစီးမှူး ဦးထွန်းထွန်းက စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် ခရိုင်/မြို့နယ်ကျေးလက်ဦးစီးမှူးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် Cash For Work စီမံကိန်းအတွက် ရန်ပုံငွေကျပ်သိန်း ၅၀၀ နှင့် VRFP စီမံကိန်းအတွက် ကျေးရွာမတည်ရန်ပုံငွေ ကျပ်သိန်း ၈၀၀ တို့အား စီမံကိန်းကျေးရွာ ၁၀ ရွာမှ တာဝန်ခံများအား အသီးသီးပေးအပ်ပြီး စီမံကိန်းတာဝန်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

ကြေးမုံ

ဒုဌဝတီမြစ်ရေ စိုးရိမ်ရေမှတ်ဌာ ရောက်ရှိ

နေပြည်တော် ဇူလိုင် ၂၈

ယနေ့ ညနေ ၃နာရီခွဲအချိန် တိုင်းထွာချက်အရ ဒုဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ၃ စင်တီမီတာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် လက်ရှိရေမှတ်မှ နောက်နှစ်ရက်အတွင်း တစ်ပေခန့် ဆက်လက်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

မိုး/၈လ

ကိုဗစ် - ၁၉ သတင်း

မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း	ပိုးတွေ့လူနာပေါင်း
၁၁၂၃၈၁	၃၅၀

ရောဂါပိုးကင်းစင်လာသူ	သေဆုံးသူ
၂၉၃	၆

စောင့်ကြည့်လူနာ စုစုပေါင်း - ၆၇၁၅

ရောဂါကင်းစင်၍ အေးဆေးမှ ဆင်းခွင့်ရရှိသူ - ၂၇၈ ဦး (အသွေးအသား ဆက်လက်ကန့်သတ်ထားရှိ)

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

စဉ်	ပြည်နယ်/တိုင်းဒေသကြီး	ပိုးတွေ့ရှိသူ	သေဆုံးသူ
၁	ရန်ကုန်	၂၆၇	၅
၂	ရခိုင်	၁၆	
၃	ချင်း	၁၄	
၄	စစ်ကိုင်း	၉	
၅	ပဲခူး	၉	၁
၆	မွန်	၆	
၇	ကရင်	၅	
၈	ရှမ်း(တောင်)	၄	
၉	မန္တလေး	၄	
၁၀	ရှမ်း(မြောက်)	၃	
၁၁	မကွေး	၃	
၁၂	ရှမ်း(ရှေ့)	၃	
၁၃	နေပြည်တော်	၂	
၁၄	ဧရာဝတီ	၂	
၁၅	ကချင်	၂	
၁၆	တနင်္သာရီ	၁	
	စုစုပေါင်း	၃၅၀	၆

❖ ယနေ့အချိန်ထိ ကယောဖြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၈-၇-၂၀၂၀ ရက်၊ ည (၈) နာရီ

ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
အမေရိကန်	၄၄၃၄၁၈၅	၂၁၃၇၉၅၉	၁၅၀၅၀၀
ဘရာဇီး	၂၄၄၆၃၃၇	၁၆၆၇၆၆၇	၈၇၇၃၇
အိန္ဒိယ	၁၄၉၃၉၀၄	၉၅၇၀၄၄	၃၃၅၃၇
ရုရှား	၈၂၃၅၂	၆၁၂၂၀	၁၃၅၀၄
တောင်အာဖရိက	၄၅၂၅၂	၂၀၄၉၂	၇၀၆၇
မက္ကဆီကို	၃၉၅၄၈	၂၅၆၇၇	၄၄၀၂
ပီရူး	၃၈၉၇၁	၂၇၂၅၄	၁၈၄၁
ချီလီ	၄၄၇၉၂	၃၁၉၅၄	၉၁၈၇
စပိန်	၃၂၅၈၆	စိစစ်ဆဲ	၂၈၄၃၄
ဗြိတိန်	၃၀၀၁၁	စိစစ်ဆဲ	၄၅၇၅

အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

နိုင်ငံအမည်	ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ	ရောဂါပိုး ကင်းစင်သွားသူ	ပိုးတွေ့ သေဆုံးလူနာ
အင်ဒိုနီးရှား	၁၀၂၀၅၁	၆၀၅၃၉	၄၉၀၁
ဖိလစ်ပိုင်	၈၃၆၇၃	၂၆၆၁၇	၁၉၄၇
စင်ကာပူ	၅၁၁၉၇	၄၅၆၉၂	၂၇
မလေးရှား	၈၉၄၃	၈၆၀၇	၁၂၄
ထိုင်း	၃၂၉၇	၃၁၁၁	၅၈
ဗီယက်နမ်	၄၃၈	၃၆၉	၀
မြန်မာ	၃၅၀	၂၉၃	၆
ကမ္ဘောဒီးယား	၂၂၆	၁၄၇	၀
ဘရူနိုင်း	၁၄၁	၁၃၈	၃
လာအို	၂၀	၁၉	၀

ရန်ကုန်တိုင်းဒေသကြီးရှိ ဘုရား၊ စေတီများအား ဇူလိုင် ၃၀ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်သွားမည်



ဆူးလေစေတီတော်ဖွင့်လှစ်ရန်အတွက် ယနေ့ည နေပိုင်းက စစ်ဆေးနေကြစဉ်။

ရန်ကုန် ဇူလိုင် ၂၈

ကမ္ဘာတစ်ဝန်းဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာယီပိတ်ထားသည့် ဘုရား၊ စေတီများအား ဇူလိုင် ၃၀ ရက် နံနက် ၄ နာရီမှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

"ဒီနေ့မနက်ကစပြီး ကျွန်တော်တို့ ဘုရားတွေကို လိုက်စစ်နေပါတယ်။ မြို့တွင်းဇရိယာကို ကျွန်တော်တို့ အဖွဲ့ကစစ်ပြီး မြို့တွင်းဇရိယာပြင်ပမှာကျတော့ သက်ဆိုင်ရာခရိုင်အုပ်ချုပ်ရေးမှူးတွေ၊ သက်ဆိုင်ရာ ကိုဗစ်ကော်မတီနဲ့ ဌာနဆိုင်ရာတွေက စစ်ဆေးကြပါလိမ့်မယ်။ အခုဆိုရင် ကမ္ဘာအေး၊ စွယ်တော်၊ ကျောက်တော်ကြီး၊ ကျိုက္ကဆံ၊ ရွှေဘုန်းပွင့်စေတီနဲ့ ဆူးလေစေတီတို့မှာ စစ်ဆေးပြီးပါပြီ။ ရွှေတိဂုံစေတီတော်မြတ် ဖွင့်လှစ်ဖို့ကျတော့ နည်းပညာပိုင်းအတွက် လုပ်ဆောင်စရာလေးတွေ ရှိနေပါသေးတယ်။ ဘုရားဖူးအင်အားလည်း များပြားတာမို့ ကိုဗစ်-၁၉ ဗဟိုကော်မတီရဲ့ခွင့်ပြုချက်နဲ့ ဖွင့်လှစ်သွားမှာဖြစ်ပါတယ်။ ဇူလိုင် ၃၀ ရက်မှာ ဘုရား၊ စေတီအားလုံးကိုဖွင့်ဖို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အသိပေးအကြောင်းကြားစာထုတ်ပြန်ထားတယ်ဆိုတာကလည်း ဟုတ်ပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူး ဦးစိန်မော်ကပြောသည်။

ပြန်လည်ဖွင့်လှစ်မည်

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ယာယီပိတ်ထားသည့် ဘုရားစေတီများပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဘုရား၊ စေတီများအား မတ်လမှစတင်၍ ယာယီပိတ်ထားခဲ့ပြီး ဇူလိုင် ၃၀ ရက် နံနက် ၄ နာရီမှစတင်ကာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်များ၊ စည်းကမ်းချက်များနှင့်အညီ ဘုရား၊ စေတီများ ဖွင့်လှစ်ဆောင်ရွက်နိုင်ရေးအတွက် ဂေါပကအဖွဲ့များအား ဆက်လက်အသိပေးဆောင်ရွက်သွားစေမည်ဖြစ်ကြောင်းဖြင့် အဆိုပါ ညွှန်ကြားချက်တွင် ဖော်ပြထားသည်။

စိုးမြင့်အောင်

စံပြပရဟိတအသင်း ဗလာစာအုပ်ဒါဇင်ပေါင်း ၂၄၀၀ ကျော် လှူဒါန်း

ရန်ကုန် ဇူလိုင် ၂၈

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်မှုကာလအတွင်း ကျောင်းသားမိဘများ၏အခက်အခဲကို တစ်ဖက်တစ်လမ်းမှ ထောက်ပံ့ကူညီသည့် အနေဖြင့် စံပြလူမှုကူညီရေး ပရဟိတလူငယ်အသင်း (ရန်ကုန်) မှ ဦးဆောင်၍ ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးစျေးကြီး စျေးသူစျေးသား မိသားစုများအား တတိယအကြိမ်မြောက် ကျောင်းသုံးဗလာစာအုပ်၊ ခဲတံ၊ ဘောပင်များ လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ၎င်းစျေးရှေ့၌ ပြုလုပ်သည်။

အဆိုပါပရဟိတအသင်းအမှုဆောင်အဖွဲ့ဝင်များက စျေးသူစျေးသားများ၏ ကလေးများအတွက် ဗလာစာအုပ်၊ ခဲတံနှင့် ဘောပင်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏လမ်းညွှန်ချက်များနှင့်အညီ တစ်ဦးချင်းစီ ခြောက်ပေစီခြားကာ လှူဒါန်းပေးခြင်းဖြစ်သည်။

"ဒီလိုလှူဒါန်းတာက ဒီနှစ်နဲ့ဆို တတိယအကြိမ်ဖြစ်ပါတယ်။ စျေးသူစျေးသား၊ ကာယဉာဏလုပ်သားတွေရဲ့ကလေးတွေအတွက် လှူဒါန်းခြင်းဖြစ်ပါတယ်။ ကျောင်းသားတစ်ဦးကို ဗလာစာအုပ် တစ်ဒါဇင်၊ ခဲတံ ခြောက်ချောင်း၊ ဘောပင် ခြောက်ချောင်း ပေးလှူခြင်းဖြစ်ပါတယ်" ဟု အဆိုပါပရဟိတအသင်းဒုတိယဥက္ကဋ္ဌ ဦးအောင်နိုင်ဦးက ပြောသည်။

ယနေ့လှူဒါန်းမှုမှာ စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၈၀ ကျော် ဖြစ်ပြီး ဗလာစာအုပ်ဒါဇင်ပေါင်း ၂၄၀၀၊ ခဲတံနှင့် ဘောပင် တစ်သောင်း ကျော်စီရှိကြောင်း သိရသည်။

မြင့်မောင်

လက်ပံတန်းမြို့နယ် ကိုဗစ်-၁၉ ကာကွယ်ရေး ငါးရိုက္ခာများစားသုံးပေး ပို့စတာများဖြန့်ဝေခြင်းနှင့် အင်းများ လေလံတင်ရောင်းချပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၂၈

ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် လက်ပံတန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူးရုံးရှေ့၌ သာယာဝတီခရိုင်ဦးစီးမှူး ဦးစုံမွှိုင်း၊ လက်ပံတန်းမြို့နယ် ငါးလုပ်ငန်းဦးစီးမှူး ဦးဇော်မင်းလွင်နှင့် ဝန်ထမ်းများသည် ယနေ့ နံနက်ပိုင်းက ပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ရေး ငါးရိုက္ခာများစားသုံးပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းလုပ်ငန်းများ ဆောင်ရွက်သည်။ ထို့နောက် ၂၀၂၀-၂၀၂၁ ခုနှစ် လုပ်ငန်းရာသီအတွက် လက်ပံတန်းမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနတွင် ကြမ်းခင်းစျေးနှုန်း ပြင်ဆင်သတ်မှတ်သည့် အင်းများ လေလံတင်ရောင်းချရာ အင်းရှစ်အင်းအတွက် အင်းခွန်ငွေကျပ် ၁၆၉၆၀၀၀၀ ရရှိကြောင်း သိရသည်။

သတင်းစဉ်

ရှေးဦးပြုစုခြင်းမူဝါဒ (၂၀၂၀) အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



ရန်ကုန် ဇူလိုင် ၂၈

မြန်မာနိုင်ငံကြက်ခြေနီအသင်းနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်း၊ ဂျာမန်ကြက်ခြေနီအသင်းတို့ ပူးပေါင်းပြုလုပ်သည့် ရှေးဦးပြုစုခြင်းမူဝါဒ (၂၀၂၀)အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ရှိ Central Hotel ၌ ကျင်းပသည်။

အမှာစကားပြောကြား

အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်က အမှာစကားပြောကြားသည်။ ဆက်လက်ပြီး ဂျာမန်ကြက်ခြေနီအသင်းဌာနေ ကိုယ်စားလှယ် Mr. Emilio က နှုတ်ခွန်းဆက်စကားပြောကြားသည်။

အခမ်းအနားသို့ အသင်းဥက္ကဋ္ဌ ဒေါက်တာမောင်မောင်မြင့်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်အမယာမော်နိုင်၊ အချိန်ပြည့်/အချိန်ပိုင်းအမှုဆောင်များ ဖြစ်ကြသော ဒေါက်တာတင်ညွန့်နှင့် ဒေါ်ကြူကြူဝင်း၊ ဒေါက်တာထိန်လင်းနှင့် ဒေါက်တာသိန်းငွေ၊ အထွေထွေအတွင်းရေးမှူး ပါမောက္ခ ဒေါက်တာထင်ဇော်စိုး၊ ဒုတိယအထွေထွေအတွင်းရေးမှူးများ ဖြစ်ကြသော ဒေါက်တာဒေါ်ညိုညိုဝင့်နှင့် ဒေါက်တာတင်ထွန်းအောင်၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများနှင့် ကြက်ခြေနီတပ်ဖွဲ့မှူးများ၊ စီမံကိန်းမန်နေဂျာနှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့မှ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းအနေဖြင့် ရှေးဦးပြုစုခြင်း သင်တန်းများကို တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်၊ ကျေးရွာများတွင် ဖွင့်လှစ်ပို့ချပေးလျက်ရှိပြီး သင်တန်းတက်ရောက်ပြီးသူ ကြက်ခြေနီစေတနာလုပ်အားရှင်များကလည်း အကူအညီလိုအပ်သူများကို ရှေးဦးပြုစုခြင်းဖြင့် ပြုစုစောင့်ရှောက်မှုများပေးလျက်ရှိကြောင်း သိရသည်။

ဝင်းအောင်(MRCS)

ဆေးသုတေသနဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများအား စိန့်ဂျွန်းကျောင်းသားဟောင်းများ(၁၉၇၉)က အလှူငွေနှင့် စားသောက်ကုန်များ လှူဒါန်း



ရန်ကုန် ဇူလိုင် ၂၈

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသော ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများအား အထက(၁) လမ်းမတော်(စိန့်ဂျွန်း) ကျောင်းသားဟောင်းများ (၁၉၇၉)က အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဆေးသုတေသနဦးစီးဌာန (ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက အမှာစကားပြောကြားပြီး အထက(၁) လမ်းမတော် (စိန့်ဂျွန်း) ကျောင်းသားဟောင်းများ (၁၉၇၉) ကိုယ်စား ကျောင်းသားဟောင်းဦးသန်းနိုင်က လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းထံ အထက(၁) လမ်းမတော်(စိန့်ဂျွန်း) ကျောင်းသားဟောင်းများက အလှူငွေနှင့် စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ပြီး ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာဇော်သန်းထွန်းက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယနေ့လှူဒါန်းပွဲတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကြိုးပမ်းဆောင်ရွက်နေကြသည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများအား အထက(၁) လမ်းမတော် (စိန့်ဂျွန်း) ကျောင်းသားဟောင်းများ (၁၉၇၉)က အလှူငွေကျပ် ၁၇ သိန်းနှင့် ဟင်းသီးဟင်းရွက်ဆီ၊ ကြက်သွန်၊ အာလူး၊ ခေါက်ဆွဲခြောက်ထုပ်နှင့် ဆပ်ပြာခဲ၊ ဆပ်ပြာမှုန့်များကို လှူဒါန်းခဲ့ပြီး အဆိုပါ လှူဒါန်းငွေနှင့် ကုန်ပစ္စည်းများကို ဓာတ်ခွဲစစ်ဆေးခြင်းလုပ်ငန်းများ၊ ရွှေ့လျားမော်တော်ယာဉ်ဖြင့် အသွားအလာကန့်သတ်ထားသူများ ထားရှိရာနေရာ ကန့်သတ်စောင့်ကြည့် ရေးစခန်းများနှင့် ဆေးရုံများရှိ စောင့်ကြည့် လူနာများထံမှ ဓာတ်ခွဲနမူနာများ ရယူခြင်းလုပ်ငန်းများ ဆောင်ရွက်နေသည့် ဝန်ထမ်းများအား ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းနှင့်ဓာတ်ပုံ
မင်းသစ်(MNA)

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အခြေခံပညာအထက်တန်းကျောင်းများသို့ လက်ဆေးဆပ်ပြာရည်နှင့် လက်သန့်စင်ဆေးရည်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၂၈

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း(လွိုင်ကော်)မှ ကျောင်းသား ကျောင်းသူများ တက်ရောက်လျက်ရှိသော အမှတ်(၇)အခြေခံပညာအထက်တန်းကျောင်းသို့ ယနေ့နံနက်ပိုင်းက ကယားပြည်နယ်ရုံးမှ ပြည်နယ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးတင်ဦးနှင့်အဖွဲ့က လက်ဆေးဆပ်ပြာရည် ဘူး ၅၀ နှင့် လက်သန့်စင်ဆေးရည် ဘူး ၅၀ တို့ကို ကျောင်းအုပ်ထံ ပေးအပ်လှူဒါန်းခဲ့သည်။

အလားတူ ဝေးလံခေါင်ဖျားသည့် ဒေသများပါဝင်သော နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းများဖြစ်သည့် ပူတာအို၊ မြစ်ကြီးနား-၁၊ မြစ်ကြီးနား-၂၊ ဗန်းမော်၊ ဟိုပင်၊ ဘားအံ၊ စစ်တွေ၊ မင်းတပ်-၁၊ မတူပီ၊ ကန့်ပက်လက်၊ ဟားခါး၊ တီးတိန်၊ တွန်းဇံ၊ မောင်တော ကျောင်းများမှ ကျောင်းသား ကျောင်းသူများ တက်ရောက်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်း ၁၅ ကျောင်းသို့ ငွေကျပ် ၂၆ သိန်းတန်ဖိုးရှိ လက်ဆေးဆပ်ပြာရည် ဘူး ၇၅၀ နှင့် လက်သန့်စင်ဆေးရည် ဘူး ၇၅၀ တို့ကို တာဝန်ရှိသူများက သက်ဆိုင်ရာကျောင်းများသို့ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်



အင်းစိန်မြို့နယ် အခြေခံပညာအထက်တန်းကျောင်း ရှစ်ကျောင်းရှိ ကျောင်းသား ကျောင်းသူများအတွက် နှာခေါင်းစည်းများ လှူဒါန်း



ရန်ကုန် ဇူလိုင် ၂၈

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အတွင်း အခြေခံပညာအထက်တန်းကျောင်း ရှစ်ကျောင်းတို့၌ ကျောင်းသား ကျောင်းသူများ ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်နိုင်ရေး ကျန်းမာရေးသုံးအထောက်အကူပြု နှာခေါင်းစည်းပစ္စည်းအခု ရေ ၄၀၀၀ လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီတွင် အင်းစိန်မြို့နယ်အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ကြီးရုံးခန်း၌ ကျင်းပသည်။

လှူဒါန်းပွဲသို့ တိုင်းဒေသကြီး လွတ်တော်ကိုယ်စားလှယ် ဦးသာအောင်၊ ခရိုင်/မြို့နယ်တို့မှ တာဝန်ရှိသူများနှင့် အထက ရှစ်ကျောင်းမှ ကျောင်းအုပ် ဆရာကြီး ဆရာမကြီးများ တက်ရောက်ကြသည်။

လှူဒါန်းပွဲတွင် အလှူရှင် ILBC ကျောင်းအုပ်ကြီး ဦးတင်မောင်ဝင်းက လှူဒါန်းသော ကျန်းမာရေးသုံး အထောက်အကူပြုနှာခေါင်းစည်းများကို အင်းစိန်မြို့နယ်၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီနာယက တိုင်းဒေသကြီးလွတ်တော် ကိုယ်စားလှယ်က အလှူရှင်ကိုယ်စား တာဝန်ရှိသူများထံသို့ ပေးအပ်လှူဒါန်းပြီး ခရိုင်ပညာရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဉာဏ်ဟိန်း

တင်ဒါပိုက်ချက်များ အိတ်ဖွင့်တင်ဒါရောင်းချခြင်းနှင့် ကိုဗစ်-၁၉ ကာကွယ်ရေး ငါးရိုက္ခာများ စားသုံးပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

ဒိုက်ဦး ဇူလိုင် ၂၈

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ လုပ်ငန်းရာသီနှစ် တင်ဒါပိုက်ချက်များ တတိယအကြိမ် အိတ်ဖွင့်တင်ဒါရောင်းချခြင်း အခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက ဒိုက်ဦးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပဲခူးခရိုင်လေလံတင်ရောင်းချရေးအဖွဲ့ ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်နိုင်က လေလံတင်ရောင်းချခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီး လေလံတင်ကြီးကြပ်ရေးကော်မတီဝင်များနှင့် ရောင်းချရေးအဖွဲ့ဝင်များ၊ တင်ဒါငါးဖမ်းလုပ်ကိုင်သူများ၊ လေလံဆွဲ ဝယ်သူများ တက်ရောက်ခဲ့ကြပြီး လေလံတင်ရောင်းချပွဲသို့ တက်ရောက်လာသူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ငါးရိုက္ခာများ စားသုံးပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် နှာခေါင်းစည်းများ ဝတ်ဆင်ဝင်ရောက်စေခြင်း၊ လက်ဆေးခြင်းနှင့် ကိုယ်အပူချိန်တိုင်းတာ စစ်ဆေးခြင်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်နှင့်အညီ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

(ယမန်နေ့မှအဆက်)

ပြန်လည်တောင်းခံသည့် နည်းပညာအခများနှင့် ခိုင်ကြေးများအပေါ် အခွန်ကောက်ခံခြင်း

၄၇။ (က) ဤပုဒ်မသည် အောက်ပါအခြေအနေများနှင့် ကိုက်ညီမှသာ အကျိုးသက်ရောက်မှု ရှိစေရမည် –

(၁) ပြည်ပနေပုဂ္ဂိုလ်တစ်ဦး (“ဆောင်ရွက်ပေးသူ”(supplier) ဟု ရည်ညွှန်းမည်) သည် နည်းပညာဝန်ဆောင်မှုများ သို့မဟုတ် ပစ္စည်းကိရိယာ ငှားရမ်းမှုများကို မြန်မာနိုင်ငံအတွင်းရှိ အမြဲတမ်းလုပ်ငန်းတည်ရာဌာနတစ်ခုမှ မဟုတ်ဘဲ ဆောင်ရွက်ပေးခြင်း၊

(၂) နည်းပညာဝန်ဆောင်မှုများ သို့မဟုတ် ပစ္စည်းကိရိယာများ ငှားရမ်းမှုများကို ရရှိသည့် ပုဂ္ဂိုလ်တစ်ဦး(“ရရှိသူ”(recipient)ဟု ရည်ညွှန်းမည်) သည် –

(ကက) မြန်မာနိုင်ငံပြင်ပရှိအမြဲတမ်းလုပ်ငန်းတည်ရာဌာနတစ်ခုမှတစ်ဆင့် ယင်းပုဂ္ဂိုလ်ဆောင်ရွက်သည့် လုပ်ငန်းတစ်ရပ်နှင့် သက်ဆိုင်ခြင်းမရှိသည့် ပြည်တွင်းနေပုဂ္ဂိုလ်ဖြစ်ခြင်း သို့မဟုတ်

(ခခ) မြန်မာနိုင်ငံအတွင်း အမြဲတမ်းလုပ်ငန်းတည်ရာဌာနတစ်ခုမှတစ်ဆင့် လုပ်ငန်းဆောင်ရွက်သည့် ပြည်ပနေ ပုဂ္ဂိုလ်ဖြစ်ခြင်း၊

(၃) ဆောင်ရွက်ပေးမှု သို့မဟုတ် ငှားရမ်းမှုနှင့် စပ်လျဉ်းသည့် နည်းပညာအခ သို့မဟုတ် ခိုင်ကြေးကို ဆောင်ရွက်ပေးသူထံ ရရှိသူ (recipient)၏ တွဲဖက်လုပ်ကိုင်သူဖြစ်သည့် ပြည်ပနေ ပုဂ္ဂိုလ်တစ်ဦးက ပေးချေခြင်း၊

(၄) နည်းပညာအခ သို့မဟုတ် ခိုင်ကြေးကို ယင်းတွဲဖက်လုပ်ကိုင်သူက ရရှိသူ (recipient)ထံမှ ပြန်လည်တောင်းခံခြင်း။

(ခ) ဤပုဒ်မနှင့် အကျုံးဝင်လျှင် တွဲဖက်လုပ်ကိုင်သူက နည်းပညာဝန်ဆောင်မှုများ သို့မဟုတ် ပစ္စည်းကိရိယာငှားရမ်းမှုများကို ရရှိသူအား ဆောင်ရွက်ပေးဘိသကဲ့သို့မှတ်ယူရမည်ဖြစ်သည့်အပြင် ပြန်လည်တောင်းခံသည့် ငွေကြေးပမာဏသည် ဝန်ဆောင်မှုများအတွက် နည်းပညာအခ သို့မဟုတ် ပစ္စည်းကိရိယာ ငှားရမ်းမှုအတွက် ခိုင်ကြေးဖြစ်ဘိသကဲ့သို့ ဤဥပဒေသည် အကျိုးသက်ရောက်စေရမည်။

အမြဲတမ်းလုပ်ငန်းတည်ရာဌာနမှ ပြန်လည်ပေးပို့သည့် အမြတ်

၄၈။ (က) ပြည်ပနေ ကုမ္ပဏီတစ်ခု၏ အမြဲတမ်းလုပ်ငန်းတည်ရာဌာနတစ်ခုမှ ပြန်လည်ပေးပို့သည့် အခွန်နှစ်တစ်နှစ်အတွက် အမြတ်ငွေကို အောက်ပါပုံသေနည်းအတိုင်း တွက်ချက်ရမည် –

A + (B – C) – D

ယင်းတွင် –

A သည် ယင်းအခွန်နှစ် စတင်ချိန်တွင် ယင်းအမြဲတမ်းလုပ်ငန်းတည်ရာဌာန၏ စုစုပေါင်းကုန်ကျစရိတ်များ (အသားတင်ပေးရန် တာဝန်များ)၊

B သည် ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများနှင့်အညီ တွက်ချက်ထားသည့် ယင်းအမြဲတမ်းလုပ်ငန်းတည်ရာဌာန၏ ယင်းအခွန်နှစ်အတွက် အသားတင်အမြတ်ငွေ၊

C သည် ယင်းအခွန်နှစ်အတွက် အမြဲတမ်းလုပ်ငန်းတည်ရာဌာန၏ အခွန်စည်းကြပ်ရန် ဝင်ငွေအပေါ် ပေးဆောင်ရန်ရှိသည့် ဝင်ငွေခွန်နှုန်း

D သည် ယင်းအခွန်နှစ် ကုန်ဆုံးချိန်တွင် ယင်းအမြဲတမ်းလုပ်ငန်းတည်ရာဌာန၏ ရရန်ပိုင်ခွင့်များ၏ စုစုပေါင်းကုန်ကျစရိတ်များ (အသားတင်ပေးရန်တာဝန်များ) ဖြစ်သည်။

(ခ) အခွန်နှစ်တစ်နှစ်အတွက် အမြဲတမ်းလုပ်ငန်းတည်ရာဌာနတစ်ခုမှ ပြန်လည်ပေးပို့သည့်အမြတ်ကို တွက်ချက်ရာ၌ အခွန်နှစ်တစ်နှစ်၏ အစတွင်ရှိသည့် အမြဲတမ်းလုပ်ငန်းတည်ရာဌာနရှိ ရရန်ပိုင်ခွင့်များ၏ စုစုပေါင်းကုန်ကျစရိတ်သည် ပြီးခဲ့သည့် အခွန်နှစ်ကုန်ဆုံးချိန်တွင်ရှိသည့် ရရန်ပိုင်ခွင့်များ၏ စုစုပေါင်းကုန်ကျစရိတ် ဖြစ်သည်။

ပါးလျစွာ အရင်းအဖြစ်ပြောင်းလဲခြင်း (Thin capitalization)

၄၉။ (က) ပုဒ်မခွဲ (ခ)နှင့် မဆန့်ကျင်စေဘဲ ငွေရေးကြေးရေးအဖွဲ့အစည်းမဟုတ်သည့် ပြည်ပက ထိန်းချုပ်ထားသော ပြည်တွင်းနေကုမ္ပဏီတစ်ခု၏ အခွန်နှစ်တစ်နှစ်အတွက် ပျမ်းမျှကြွေးမြီ(average debt)နှင့် ပျမ်းမျှပိုင်ဆိုင်မှု (average equity) အချိုးသည် နှစ်အချိုးတစ်ထက် ကျော်လွန်နေလျှင် ယင်းကုမ္ပဏီက ထိုနှစ်အတွင်း ပေးချေခဲ့သည့် အောက်ပါပုံသေနည်းအတိုင်း တွက်ချက်ထားသည့် အတိုးပမာဏကို နုတ်ပယ်ခွင့် မပြုရ –

$$A \times \frac{B}{C}$$

ယင်းတွင် –

A သည် ဤပုဒ်မကို လျစ်လျူရှုလျက် ယင်းကုမ္ပဏီ၏ ထိုနှစ်အတွက် နုတ်ပယ်နိုင်သော စုစုပေါင်း အတိုး အသုံးစရိတ်ပမာဏ၊

B သည် ယင်းနှစ်အတွက် ကုမ္ပဏီ၏ ကျော်လွန်နေသည့် ကြွေးမြီနှင့်

C သည် ယင်းနှစ်အတွက် ကုမ္ပဏီ၏ ပျမ်းမျှကြွေးမြီဖြစ်သည်။

(ခ) ပြည်ပကထိန်းချုပ်ထားသည့် ပြည်တွင်းနေကုမ္ပဏီတစ်ခု၏ ပျမ်းမျှကြွေးမြီနှင့် ပျမ်းမျှပိုင်ဆိုင်မှု အချိုးသည် အခွန်နှစ်တစ်နှစ်အတွက် နှစ်အချိုးတစ်ထက် ကျော်လွန်စေကာမူ ယင်းနှစ်အတွက် ယင်းကုမ္ပဏီ၏ ပျမ်းမျှကြွေးမြီပမာဏသည် လက်တစ်ကမ်းကြွေးမြီပမာဏကို ကျော်လွန်ခြင်းမရှိပါက ပုဒ်မခွဲ (က) သည် အကျိုးသက်ရောက်မှု မရှိစေရ။

(ဂ) ဤပုဒ်မသည် မြန်မာနိုင်ငံတွင် အမြဲတမ်းလုပ်ငန်းတည်ရာဌာနတစ်ခုရှိသည့် ပြည်ပနေ ကုမ္ပဏီတစ်ခုအတွက် အောက်ပါအခြေခံဖြင့် အကျိုးသက်ရောက်စေရမည် –

(၁) ယင်းအမြဲတမ်းလုပ်ငန်းတည်ရာဌာနကို ပြည်ပကထိန်းချုပ်သော ပြည်တွင်းနေ ကုမ္ပဏီတစ်ခုအဖြစ် မှတ်ယူခြင်း၊ ထို့ပြင်

(၂) ယင်းအမြဲတမ်းလုပ်ငန်းတည်ရာဌာန၏ ပျမ်းမျှကြွေးမြီနှင့် ပျမ်းမျှပိုင်ဆိုင်မှု အချိုးကို အောက်ပါတို့အား ရည်ညွှန်းခြင်းဖြင့် တွက်ချက်ခြင်း –

(ကက) ယင်းအမြဲတမ်းလုပ်ငန်းတည်ရာဌာနမှပေါ်ပေါက်သည့် ပြည်ပနေကုမ္ပဏီ၏ ကြွေးမြီဆိုင်ရာ တာဝန်များနှင့်

(ခခ) ယင်းအမြဲတမ်းလုပ်ငန်းတည်ရာ ဌာနမှတစ်ဆင့် ဆောင်ရွက်သည့် ယင်းပြည်ပနေကုမ္ပဏီက လုပ်ငန်းများမှ ပေါ်ပေါက်လာသည့် ပိုင်ဆိုင်မှု၊

(ဃ) ဤပုဒ်မတွင် –

(၁) ပြည်ပကထိန်းချုပ်ထားသည့် ပြည်တွင်းနေကုမ္ပဏီတစ်ခုနှင့် စပ်လျဉ်း၍ **“လက်တစ်ကမ်းကြွေးမြီပမာဏ (arm's length debt amount)”**ဆိုသည်မှာ ယင်းကုမ္ပဏီ၏ တွဲဖက်လုပ်ကိုင်သူမဟုတ်သည့် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုက ယင်းကုမ္ပဏီ၏ အခြေအနေအရပ်ရပ်ကို စဉ်းစားလျက် ယင်းကုမ္ပဏီသို့ လက်တစ်ကမ်း ဆောင်ရွက်ချက်ဖြင့် ချေးငှားနိုင်မည်ဖြစ်သည့် ငွေကြေးပမာဏကို ဆိုသည်။

(၂) ပြည်ပကထိန်းချုပ်ထားသည့် ပြည်တွင်းနေကုမ္ပဏီတစ်ခုနှင့် စပ်လျဉ်း၍ အခွန်နှစ်တစ်နှစ်အတွက် **“ပျမ်းမျှကြွေးမြီ”**သည် အောက်ပါပုံသေနည်းအရ တွက်ချက်သည့် ငွေကြေးပမာဏ ဖြစ်သည် –

$$\frac{A}{B}$$

ယင်းတွင် –

A သည် ယင်းအခွန်နှစ်အတွင်း ပြက္ခဒိန်လအသီးသီး ကုန်ဆုံးချိန်တွင်ရှိသည့် ယင်းကုမ္ပဏီ၏ ကြွေးမြီပမာဏ စုစုပေါင်းဖြစ်ပြီး

B သည် ယင်းကုမ္ပဏီက မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်ခဲ့သည့် နှစ်အတွင်းရှိ ပြက္ခဒိန်လအရေအတွက်ဖြစ်သည်။

ပြည်ပကထိန်းချုပ်ထားသည့် ပြည်တွင်းနေကုမ္ပဏီနှင့် စပ်လျဉ်း၍ အခွန်နှစ် တစ်နှစ်အတွက် **“ပျမ်းမျှပိုင်ဆိုင်မှု”** သည် အောက်ပါ ပုံသေနည်းအရ တွက်ချက်သည့် ငွေကြေးပမာဏ ဖြစ်သည် –

$$\frac{A}{B}$$

ယင်းတွင် –

A သည် ယင်းအခွန်နှစ်အတွင်း ပြက္ခဒိန်လအသီးသီး ကုန်ဆုံးချိန်တွင်ရှိသည့် ယင်းကုမ္ပဏီ၏ ပိုင်ဆိုင်မှုပမာဏ စုစုပေါင်းဖြစ်ပြီး

B သည် ယင်းကုမ္ပဏီက မြန်မာနိုင်ငံတွင် လုပ်ငန်းဆောင်ရွက်ခဲ့သည့် နှစ်အတွင်းရှိ ပြက္ခဒိန်လအရေအတွက်ဖြစ်သည်။

(၃) ပြည်ပကထိန်းချုပ်ထားသည့် ပြည်တွင်းနေ ကုမ္ပဏီတစ်ခုနှင့် စပ်လျဉ်း၍ **“ကြွေးမြီ”** ဆိုသည်မှာ ယင်းကုမ္ပဏီ၏ ကြွေးမြီဆိုင်ရာ တာဝန်များအပေါ် ပေးချေရန်အတိုးကို ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများနှင့်အညီ ဆုံးဖြတ်သည့် ယင်းကြွေးမြီဆိုင်ရာ တာဝန်များကို ဆိုသည်။

(၄) **“ကြွေးမြီဆိုင်ရာတာဝန်”** ဆိုရာတွင် ပေးရန်ရှိစာရင်းများ ပါဝင်ခြင်းမရှိစေရ။

(၅) ပြည်ပကထိန်းချုပ်ထားသည့် ပြည်တွင်းနေကုမ္ပဏီတစ်ခုနှင့် စပ်လျဉ်း၍ **“ပိုင်ဆိုင်မှု (equity)”** ဆိုသည်မှာ ဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများအရ ဆုံးဖြတ်သည့် ယင်းကုမ္ပဏီ၏ ပိုင်ဆိုင်မှုကိုဆိုသည်။

(၆) ပြည်ပကထိန်းချုပ်ထားသည့် ပြည်တွင်းနေ ကုမ္ပဏီတစ်ခုနှင့် စပ်လျဉ်း၍ အခွန်နှစ်တစ်နှစ်အတွက် **“ကျော်လွန်သည့် ကြွေးမြီ”**ဆိုသည်မှာ ယင်းကုမ္ပဏီ၏ ထိုနှစ်အတွက် ပျမ်းမျှကြွေးမြီက ယင်းနှစ်အတွက် ခွင့်ပြုထားသည့် အမြင့်ဆုံးပျမ်းမျှကြွေးမြီကို နှစ်အချိုးတစ်ထက် ကျော်လွန်သည့် ငွေကြေးပမာဏကိုဆိုသည်။

(၇) **“ပြည်ပကထိန်းချုပ်ထားသည့် ပြည်တွင်းနေကုမ္ပဏီ”** ဆိုသည်မှာ ယင်းကုမ္ပဏီ၏ အဖွဲ့ဝင်အကျိုးစီးပွားဇယား၏ ၅၀ ရာခိုင်နှုန်းအထက်ကို ပြည်ပနေ တစ်ဦးတည်းဖြစ်စေ၊ တွဲဖက်လုပ်ကိုင်သူတစ်ဦး သို့မဟုတ် တွဲဖက်လုပ်ကိုင်သူအများနှင့် ပူးတွဲ၍ဖြစ်စေ လက်ဝယ်ရယူထားသောပြည်တွင်းနေကုမ္ပဏီကို ဆိုသည်။

နယ်စပ်ဖြတ်ကျော် ဈေးနှုန်းလွှဲပြောင်းခြင်း

၅၀။ (က) လက်တစ်ကမ်းဆောင်ရွက်ချက်မဟုတ်သည့် လုပ်ငန်းဆောင်ရွက်ချက်တစ်ခုတွင် ပါဝင်သူတစ်ဦးသည် မြန်မာနိုင်ငံအတွင်း၌ တည်ရှိပြီး မြန်မာနိုင်ငံတွင် အခွန်ထမ်းဆောင်ရန်ဖြစ်ကာ ယင်းလုပ်ငန်းဆောင်ရွက်ချက်တွင် ပါဝင်သည့် အခြားသူတစ်ဦးသည် မြန်မာနိုင်ငံပြင်ပတွင် တည်ရှိပါက ဝင်ငွေ၊ မြတ်စွန်းငွေ၊ နုတ်ပယ်မှုများ၊ အရှုံးများ၊ သို့မဟုတ် အခွန်ခုန်မိခွင့်များအား မည်သည့်ခွဲဝေမှု၊ စိတ်ပိုင်းမှု၊ သို့မဟုတ် ဖြန့်ဝေမှုကိုမဆို စည်းမျဉ်းများနှင့်အညီ ပြုလုပ်ရမည်။

(ခ) ပြည်ပနေပုဂ္ဂိုလ်တစ်ဦး၏ မြန်မာနိုင်ငံရှိအမြဲတမ်းလုပ်ငန်းတည်ရာဌာန တစ်ခုသို့၊ သို့မဟုတ် ပြည်တွင်းနေပုဂ္ဂိုလ်၏ မြန်မာနိုင်ငံပြင်ပရှိအမြဲတမ်းလုပ်ငန်းတည်ရာဌာန တစ်ခုသို့ ဝင်ငွေနှင့်နုတ်ပယ်မှုများ ခွဲဝေပေးခြင်းကို စည်းမျဉ်းများနှင့်အညီ ပြုလုပ်ရမည်။

ပြည်ထောင်အချင်းချုပ်ဆိုသော အခွန်ဆိုင်ရာ သဘောတူစာချုပ်များ

၅၁။ (က) ပြည်ထောင်စုဝန်ကြီးသည် ပြည်ပနိုင်ငံအစိုးရတစ်ရပ် သို့မဟုတ် အစိုးရများနှင့် အခွန်ဆိုင်ရာ သဘောတူစာချုပ်တစ်ရပ်ကို ပြုလုပ်နိုင်သည်။

(ခ) မြန်မာနိုင်ငံတွင် ဥပဒေအရ အကျိုးသက်ရောက်မှုရှိသည့် အခွန်ဆိုင်ရာ သဘောတူစာချုပ်တစ်ရပ်ပါ သတ်မှတ်ချက်များနှင့် ဤဥပဒေတွင် ဆန့်ကျင်ကွဲလွဲမှု တစ်စုံတစ်ရာပေါ်ပေါက်လျှင် ယင်းအခွန်ဆိုင်ရာ သဘောတူစာချုပ်သည် ပုဒ်မခွဲ (ဂ)၊ ပုဒ်မ ၄၉ နှင့် အခန်း (၇) တို့မှအပ ဤဥပဒေပါ ပြဋ္ဌာန်းချက်များအပေါ် လွှမ်းမိုးစေရမည်။

(ဂ) ပုဒ်မခွဲ (ဃ) နှင့် မဆန့်ကျင်စေဘဲ အခွန်ဆိုင်ရာ သဘောတူစာချုပ်တစ်ရပ်တွင် မြန်မာနိုင်ငံရင်းမြစ်မှ ဝင်ငွေကို အခွန်မှ ကင်းလွတ်ခွင့်ပြုကြောင်း သို့မဟုတ် ဖယ်ထုတ်ကြောင်း ဖော်ပြပါရှိလျှင် သို့မဟုတ် ယင်းအခွန်ဆိုင်ရာ သဘောတူစာချုပ်ကို ကျင့်သုံးခြင်းဖြင့် ဝင်ငွေခွန်နှုန်းတွင် လျော့နည်းမှု ပေါ်ပေါက်စေနိုင်လျှင် ယင်းအခွန်ဆိုင်ရာ သဘောတူစာချုပ်၏ ရည်ရွယ်ချက်များအလို့ငှာ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်တစ်ခုသည် အခြားစာချုပ်ဝင်နိုင်ငံ၏ ပြည်တွင်းနေဖြစ်ပြီး ယင်းတရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်၏ မမြင်သာသည့် ပိုင်ဆိုင်မှု သို့မဟုတ် ထိန်းချုပ်မှု၏ ၅၀ ရာခိုင်နှုန်းနှင့်အထက်ကို ယင်းစာချုပ်၏ ရည်ရွယ်ချက်များအလို့ငှာ အခြားစာချုပ်ဝင်နိုင်ငံ၏ ပြည်တွင်းနေမဟုတ်သည့် တစ်ဦးချင်း ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးချင်းပုဂ္ဂိုလ် အများက ရယူပိုင်ဆိုင်ထားလျှင် ယင်းကင်းလွတ်ခွင့်၊ ဖယ်ထုတ်မှု သို့မဟုတ် လျော့နည်းစေမှု၏ အကျိုးခံစားခွင့်ကို အဆိုပါ တရားဝင်ရပ်တည်မှုရှိသည့် ပုဂ္ဂိုလ်က ရရှိခြင်း မရှိစေရ။

(ဃ) အခြားစာချုပ်ဝင်နိုင်ငံ၏ ပြည်တွင်းနေဖြစ်သူသည် အောက်ပါတစ်ခုခုဖြစ်လျှင် ပုဒ်မခွဲ (ဂ) သည် အကျိုးသက်ရောက်ခြင်းမရှိစေရ –

(၁) အခြားစာချုပ်ဝင်နိုင်ငံ၏ စတော့ရောင်းဝယ်ရေးတွင် စာရင်းဝင်သည့် ကုမ္ပဏီတစ်ခုဖြစ်ခြင်း၊ **(ဆက်လက်ဖော်ပြပါမည်)**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်မောင် ကော့သောင်းမြို့ ပုလုံးတုံးတုံးတံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်စစ်ဆေး

ကော့သောင်း ဇူလိုင် ၂၈

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်မောင်သည် ကော့သောင်းမြို့၌ တည်ဆောက်လျက်ရှိသည့် ပုလုံးတုံးတုံးတံတားတည်ဆောက်ရေး စီမံကိန်းလုပ်ငန်းခွင်သို့ ယမန်နေ့ ညနေပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့အား တံတားတည်ဆောက်ရေးအဖွဲ့(၄)မှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးကျော်မျိုးထွန်းကလည်းကောင်း၊ တံတားချဉ်းကပ်လမ်း ကော့သောင်းဘက်ခြမ်း ဖောက်လုပ်ပြီးစီးမှုနှင့် ပုလုံးတုံးတုံးတုံးဘက်ခြမ်းဖောက်လုပ်လျက်ရှိသည့် အခြေအနေများကို လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးသိန်းဇော်ဝင်းကလည်းကောင်း ရှင်းလင်းတင်ပြကြရာ ဝန်ကြီးချုပ်က တံတားတည်ဆောက်မှုနှင့် ချဉ်းကပ်လမ်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ကြရေး လမ်းညွှန်မှာကြားခဲ့သည်။

ရာနှုန်းပြည့်နီးပါးပြီးစီး

အဆိုပါတံတားသည် RC Girder – PC Girder– RC Decking အမျိုးအစား၊ အရှည်ပေ ၂၄၀၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေ၊ လူသွားလမ်းအကျယ် ငါးပေခြောက်လက်မ၊ ရေလမ်းကင်းလွတ်အကျယ် ပေ ၈၀၊ View Deck အကျယ် ၁၀ ပေရှိသည်။ အဆိုပါစီမံကိန်းကို ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီးရန်ပုံငွေ ကျပ်သန်းပေါင်း ၁၃၄၄၀ အသုံးပြုကာ ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် စတင်ဆောင်ရွက်ခဲ့ပြီး ယခုလက်ရှိအချိန်တွင် တံတားတည်ဆောက်မှုလုပ်ငန်း ရာနှုန်းပြည့်နီးပါး ပြီးစီးနေပြီဖြစ်ကာ လာမည့်စက်တင်ဘာလအတွင်း စီမံကိန်းလုပ်ငန်းအားလုံးပြီးစီးရန် လျာထားကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)



ဖျာပုံမြို့နယ်၌ လယ်ယာကဏ္ဍအဆင့်မြှင့်တင်နိုင်ရေး ဒေသခံများနှင့် တွေ့ဆုံဆွေးနွေး

ဖျာပုံ ဇူလိုင် ၂၈

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်း စိုက်ပျိုးရေးဝင်ငွေတိုးတက်ရေးစီမံကိန်းအဝိုင်း(၂)ဖြင့် ဆောင်ရွက်ရန်လျာထားသည့် ဆည်မြောင်း၊ စိုက်ပျိုးရေး၊ လယ်ယာကဏ္ဍနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား သတ်မှတ်ကာလအတွင်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေးအတွက် တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ယနေ့နံနက် ၁၀ နာရီက ဖျာပုံမြို့နယ် ကိုးအိမ်တန်းကျေးရွာအုပ်စု နောင်တော်ကြီးကျေးရွာ မူလတန်းကြိုကျောင်း၌ ကျင်းပသည်။

ပူးပေါင်းပါဝင်

အခမ်းအနားတွင် ဖျာပုံမြို့နယ်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဘိုဘိုမင်းဇော်က ဂျပန်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီ(JICA)၏ စီမံကိန်းအဖွဲ့တစ်ခုဖြစ်သည့် စိုက်ပျိုးရေးဝင်ငွေတိုးတက်ရေးစီမံကိန်း အပိုင်း(၂) အနေဖြင့် ဒေသတွင်းတောင်သူလယ်သမားများအကျိုးကို ရှေးရှု၍ ရောက်လာခြင်းအတွက် များစွာဝမ်းမြောက်ပါကြောင်း၊ JICA အဖွဲ့နှင့် ဒေသခံများအကြား အပြန်အလှန် ပူးပေါင်းထောက်ကူပါဝင် စည်းလုံးမှုရှိမှသာ စီမံကိန်းအောင်မြင်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။



ရှင်းလင်းဆွေးနွေး

ထို့နောက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးသိန်းဇော်၊ စက်မှုလယ်ယာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်ခင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာကျော်မြင့်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးသက်မင်းထွန်း၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမောင်မောင်သွင်၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသူရိန်ဝင်း၊ စိုက်ပျိုးရေးဝင်ငွေ တိုးတက်ရေးစီမံကိန်းအပိုင်း(၂)မှ လက်ထောက်မန်နေဂျာ ဦးသူရိန်မင်းသန့်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးဘိုမင်းတို့က စီမံကိန်း မစတင်မီနှင့် လုပ်ဆောင်စဉ် ဆောင်ရွက်ရမည့်ကဏ္ဍများအား အသီးသီး ရှင်းလင်းဆွေးနွေးကြပြီး ဒေသခံများ၏ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားသည်။

ဆောင်ရွက်သွားမည်

အဆိုပါစိုက်ပျိုးရေးဝင်ငွေတိုးတက်ရေးစီမံကိန်းအဝိုင်း(၂)မှ ဖျာပုံမြို့နယ်အတွင်း လျာထားလုပ်ငန်းများ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် သဘောထားအတည်ပြုချက်ရယူရေး တွေ့ဆုံညှိနှိုင်းပွဲအခမ်းအနားကို ဇူလိုင် ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် ဘန့်ဘွေးစုကျွန်း ပတ်တာအတွင်း သုံးကြိမ် ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၄ ရက်နှင့် ၅ ရက်တို့တွင် ကြက်ဖမွေးဧရိယာ ပတ်တာရှိ ကြက်ဖ မွေးဧရိယာကျေးရွာနှင့် ကျုံကဒွန်းကျေးရွာများတွင် ကိုဗစ်-၁၉ ကာလ ကာကွယ်ရေးစည်းကမ်းများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သပြေထွန်း

မဲဆန္ဒရှင်အမည်စာရင်းများ ထုတ်ပြန်ကြေညာ

ငါန်းဖွန် ဇူလိုင် ၂၈

မန္တလေးတိုင်းဒေသကြီး ငါန်းဖွန်မြို့နယ်၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အမည်စာရင်း များကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းမှစ၍ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာခွဲများတွင် ပထမအကြိမ် ကြေညာပေးလျက်ရှိကြောင်း သိရသည်။

မဲဆန္ဒရှင်အမည်စာရင်းများကို ဇူလိုင် ၂၅ ရက်မှ ဩဂုတ် ၇ ရက်အထိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာများတွင် ၁၄ ရက်ကြာ ကပ်ထားမည်ဖြစ်ပြီး မဲဆန္ဒရှင်ပြည်သူများအနေဖြင့် မိမိအမည် မဲစာရင်းတွင်မပါဝင်ပါက ပုံစံ(၃)ဖြင့် အမည်စာရင်းထည့်သွင်းပေးရန် တောင်းဆိုခြင်း၊ မဲစာရင်းတွင် မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များမှားယွင်းနေပါက ပုံစံ(၄-ဂ)ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းကို ဆောင်ရွက်နိုင်ပြီး လိုအပ်သော်ပုံစံများကို ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများတွင် အခမဲ့ရယူနိုင်ခြင်း၊ ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် (မပျက်မကွက်) လာရောက်ကြည့်ရှုနိုင်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

သက်နောင်ဦး(ငါန်းဖွန်)

မဲဆန္ဒရှင်စာရင်းမှန်ကန်မှု ရှိ၊ မရှိ ပြည်သူများကြည့်ရှု

ကျောင်းကုန်း ဇူလိုင် ၂၈

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ မဲပေးကြမည့် ပုသိမ်ခရိုင် ကျောင်းကုန်းမြို့မှ ဆန္ဒမဲပေးခွင့်ရှိသူ မဲဆန္ဒရှင်များအမည်စာရင်းကို ဇူလိုင် ၂၅ ရက် နံနက်ပိုင်းကစတင်၍ ကျောင်းကုန်းမြို့ရှိ ရပ်ကွက်နှင့်ကျေးရွာ ၁၂၅ နေရာတို့တွင် ကြေညာထားလျက်ရှိသည်။

ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအမည်စာရင်းကို ၁၄ ရက်ကြာ ကြေညာပေးသွားမည်ဖြစ်ပြီး ပြည်သူများသိရှိနိုင်ရန်နှင့် လာရောက် ကြည့်ရှုနိုင်ရေးကို အသိပေးနှိုးဆော်ပေးခဲ့ကြကြောင်း၊ အသက် ၁၈ နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူတိုင်း မဲပေးခွင့်မဆုံးရှုံးစေရန်အတွက် မဲစာရင်းများကို လာရောက် ကြည့်ရှုကြကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

ကောက်စိုက်စက်ဖြင့် သရုပ်ပြစိုက်ပျိုး

ပြင်ဦးလွင် ဇူလိုင် ၂၈

ပြင်ဦးလွင်မြို့ ဝက်ဝံကျေးရွာအုပ်စု မြိုင်ကြီးကျေးရွာရှိ ကွင်းအမှတ် ၇၀၁၊ တောင်သူ ဒေါ်ခင်သန်းမေ၏ လယ်တစ်ဧကခွဲ ဒေသခံတောင်သူများအား ကောက်စိုက်စက် 6 Rows Kubota Transplanter NSPU68CMD ထိုင်မောင်းစက်ဖြင့် သရုပ်ပြစိုက်ပျိုးခြင်းကို ယမန်နေ့ နံနက်ပိုင်းက ပြုလုပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မင်းက မိမိတို့နိုင်ငံသည် ဆန်စပါးစိုက်ပျိုးရေးကို ပိုမိုအားထားသည့်အတွက် နည်းပညာအကူအညီဖြင့် ပိုမိုခေတ်မီ၍ အထွက်နှုန်းကောင်းရန် အရေးကြီးကြောင်းပြောကြားခဲ့ပြီး ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်လွင်ဦးက လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင် ကောက်စိုက်စက်အသုံးပြုစိုက်ပျိုးခြင်းဖြင့် တစ်ဧကစိုက်ပျိုးချိန် တစ်နာရီသာကြာပြီး အချိန်ကုန်သက်သာခြင်း၊ လယ်လုပ်သားရှားပါးမှုကို ဖြေရှင်းပေးနိုင်ခြင်း၊ ပင်ခြား တန်းခြားညီညာ၍ လေဝင်လေထွက်ကောင်းမွန်ခြင်း စသည့်အကျိုးကျေးဇူးများရရှိကြောင်း ရှင်းလင်း ပြောကြားသည်။

မြတ်ဆုမွန်(ပြန်/ဆက်)

ဆည်ရေကို စနစ်တကျ အကျိုးရှိစွာ သုံးစွဲသွားရန် အသိပေးနှိုးဆော်ချက်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ တည်ဆောက်ထိန်းသိမ်းထားသော ရေလှောင်တမံ၊ ရေလွှဲဆည်၊ ရေထိန်းတံခါးအပါအဝင် ဆည်ငယ်၊ ကန်ငယ်များတွင် သိုလှောင်ထားရှိသော ရေများကို ဒေသအလိုက် စိုက်ပျိုးရေး၊ သောက်သုံးရေ လိုအပ်မှုများအတွက် စနစ်တကျစီမံဆောင်ရွက်ပေးဝေလျက်ရှိပါသည်။

ထိုကဲ့သို့ ဆောင်ရွက်လျက်ရှိရာတွင် ဆည်တစ်ခုချင်းစီအလိုက် ရေပေးဝေနိုင်မည့် ရေပမာဏများကိုလည်း ဌာနမှ ထုတ်ပြန်ကြေညာသွားမည်ဖြစ်သည့်အပြင် စိုက်ခင်းအတွင်း ရေစီမံခန့်ခွဲမှုလုပ်ငန်းများကိုလည်း ရေအသုံးချသူများအဖွဲ့(WUG)များနှင့်အတူ "ပူးပေါင်းပါဝင် ဆည်မြောင်းစနစ်" ဖြင့် လက်တွဲဆောင်ရွက်ပေးလျက်ရှိပါသည်။

အားလုံးသော ရေသုံးစွဲသူတောင်သူများအနေဖြင့်လည်း ဆည်ရေကို စနစ်တကျ အကျိုးရှိစွာသုံးစွဲရန် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ရေလေလွင့်ဆုံးရှုံးမှုနည်းပါးကာ မိုးရာသီကာလအတွင်း စိုက်ပျိုးရေးနှင့် သောက်သုံးရေ လိုအပ်ချက်များကို ထိရောက်စွာပေးဝေစီမံသွားနိုင်မည်ဖြစ်သည့်အတွက် တောင်သူများအားလုံး အထူးအလေးထားပြီး ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန



ရေတာရှည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတွင် အကျိုးဆောင်တောင်သူဖွံ့ဖြိုးတိုးတက်ရေးသင်တန်းဖွင့်လှစ်

ရေတာရှည် ဇူလိုင် ၂၈

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတွင် ယနေ့နေ့ နံနက်ပိုင်းက အကျိုးဆောင်တောင်သူ ဖွံ့ဖြိုးတိုးတက်ရေးသင်တန်း ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် တောင်ငူခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြတ်မင်းထွေးက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများ၏ မူဝါဒနှင့် လုပ်ငန်းစဉ်များ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ရေးလုပ်ငန်းများကို စီးပွားဖြစ် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်၊ နိုင်ငံတကာစျေးကွက်သို့ အဆင့်မြင့် လယ်ယာထွက်ကုန်များ ချိတ်ဆက် တင်ပို့ရောင်းချနိုင်ရန်၊ ကျေးလက်ဒေသ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေပြီး နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုကို ထိရောက်စွာ အထောက်အကူ ပြုလာနိုင်စေရန်နှင့် ကုန်ထုတ်လုပ်မှုစွမ်းအား မြင့်မားလာစေရန် သင်တန်းဖွင့်လှစ်ရခြင်း ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ရေတာရှည်၊ တောင်ငူ၊ ထန်းတပင်၊ အုတ်တွင်း၊ ဖြူး၊ ကျောက်ကြီးမြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၃၀ တက်ရောက်လျက်ရှိကြောင်း သိရသည်။

ကိုလွင်(ဆွာ)

မြန်မာ-ကိုရီးယား စီးပွားရေးလုပ်ငန်းများနည်းပညာဖလှယ်ရေး အွန်လိုင်းဆွေးနွေးပွဲကျင်းပ



ရန်ကုန် ဇူလိုင် ၂၈

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း စီးပွားရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့်ဆက်လက်လည်ပတ်နိုင်ရန်အတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဌာနနှင့် ကိုရီးယားသမ္မတနိုင်ငံ အသေးစား၊ အလတ်စားနှင့် အစပျိုးစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဌာနတို့ ပူးပေါင်း၍ "Technology Exchange Program" အဖြစ် ၂၀၂၀ ပြည့်နှစ် ပထမအကြိမ် မြန်မာ-ကိုရီးယားနည်းပညာဖလှယ်ခြင်း အွန်လိုင်းဆွေးနွေးပွဲကို ယမန်နေ့နံနက်ပိုင်းက စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနရှိ MSME Center Yangon ၌ ကျင်းပသည်။

အဆိုပါဆွေးနွေးပွဲတွင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်အေးအေးဝင်းက ကိုရီးယားသမ္မတနိုင်ငံ Korea SMEs and Startups Agency (KOSME) အနေဖြင့် မြန်မာ Buyer များဘက်မှ ပူးပေါင်းလုပ်ကိုင်လိုသော စီးပွားရေးနယ်ပယ်မှ ကိုရီးယားလုပ်ငန်းများနှင့် ချိတ်ဆက်ပေးပြီး ရှေ့ဆက်ပူးပေါင်းဆောင်ရွက်မှုများလုပ်ကိုင်စဉ်တွင်လည်း နှစ်ဖက်လုပ်ငန်းများ အဆင်ပြေချောမွေ့စွာ လုပ်ဆောင်နိုင်စေရန်ရည်ရွယ်ကာ ဘာသာပြန်၊ စကားပြန်များ၊ ဥပဒေရေးရာ အကြံပေးခြင်းနှင့်ပတ်သက်သော လိုအပ်ချက်များကို အလျဉ်းသင့်သလို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲကို ဇူလိုင် ၂၉ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ကိုရီးယားလုပ်ငန်း ၁၁ ခု၊ မြန်မာလုပ်ငန်း ၄၄ ခုအထိပါဝင်ဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

မြင့်မောင်

ရုပ်ရှင်ရိုက်ကူးရေးတွင် လုပ်ငန်းလမ်းညွှန်ချက်၊ စည်းမျဉ်းစည်းကမ်းများ စနစ်တကျလိုက်နာဆောင်ရွက်ကြရမည်



ဇူလိုင် ၄ ရက်က ရုပ်ရှင်သရုပ်ပြရိုက်ကူးခဲ့ကြစဉ်။

ရန်ကုန် ဇူလိုင် ၂၈

ကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟို ကော်မတီမှ ရုပ်ရှင်၊ ဗီဒီယိုနှင့် ရုပ်သံဇာတ်လမ်းတွဲများကို ပြန်လည် ရိုက်ကူး ခွင့်ပြုလိုက်ပြီဖြစ်ရာ ရိုက်ကူးမည့်သူများအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းရေးဆွဲထားသော လုပ်ငန်းလမ်းညွှန်ချက်များထဲမှ စည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်ကြရန်လိုအပ်ပြီး ရုပ်ရှင်ရိုက်ကူးရေးလုပ်ငန်းနှင့် ရုံဖွင့်ပြသရေးလုပ်ငန်းများအားလုံး အဆင်ပြေ ချောမွေ့စေရန်အတွက် ရုပ်ရှင်လောကသားများက စည်းလုံးညီညွတ်သောအသိစိတ်ဖြင့် ဆောင်ရွက်ကြရန်လိုအပ်ကြောင်း မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးညီညီထွန်းလွင်က ပြောသည်။

"ရိုက်ကူးရေးတွေ ပြန်လည်လုပ်ခွင့်ရတာကို ဒီနေ့မနက်ပဲ ဝမ်းသာစရာသတင်းကြားရတာပါ။ ရုပ်ရှင်ရိုက်ကူးရေးလုပ်ငန်းနဲ့ ရုံဖွင့်ပြသရေးလုပ်ငန်းများ လိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းများအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ ပြန်ကြားရေး ဝန်ကြီးဌာနတို့က ပူးပေါင်းရေးဆွဲထားတဲ့ လုပ်ငန်းလမ်းညွှန်ထွက်ရှိထားတာမို့ ကိုဗစ်ဆိုတာကအတွေ့အကြုံလည်းမရှိဘူးဆိုတော့ ရိုက်ကူးရေးတွေ ပြန်လည်ပြုလုပ်မယ့်ရုပ်ရှင်လောကသားတွေအနေနဲ့ လိုက်နာရမယ့်စည်းမျဉ်းစည်းကမ်းများအတွက် လုပ်ငန်းလမ်းညွှန်ချက်တွေကို အစည်းအရုံးမှာ လာတောင်းပြီး အရင်ဆုံးသေချာလေ့လာကြဖို့တော့လိုအပ်ပါတယ်၊ ဒါပေမယ့်အလုပ်လုပ်ရာမှာ ကျန်းမာရေးအတွက် စည်းကမ်းတော့ရှိရမယ်၊ အကြောက်တရားလည်း ရှိရမယ်၊ အဲဒီတော့ ကျန်းမာရေးအတွက် ကိုယ့်အန္တရာယ်ကိုယ်ကြည့်ရှောင်ပေါ့။ ကိုယ့်လောကသားတွေကို အဲ့ဒါလေးပဲမှာချင်ပါတယ်၊ သရုပ်ပြရိုက်ကွင်းကတော့ ဇူလိုင် ၄ ရက်က ပြုလုပ်ပြီးပါပြီ" ဟု ဥက္ကဋ္ဌ ဦးညီညီထွန်းလွင်က ဆက်လက်ပြောပြသည်။

ပွင့်သစ္စာ

ဗဟန်းမြို့နယ်စာရေးဆရာအသင်း မျက်နှာစုံညီအစည်းအဝေး ကျင်းပ

ရန်ကုန် ဇူလိုင် ၂၈

ဗဟန်းမြို့နယ် စာရေးဆရာအသင်း မျက်နှာစုံညီအစည်းအဝေးနှင့် အလုပ်အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို ဇူလိုင် ၂၆ ရက် နံနက်ပိုင်းက ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

အခမ်းအနားတွင် သမားတော်ကြီး ဦးကျော်စိန် (မိုးကုတ်)က သဘာပတိအဖြစ် ဆောင်ရွက်ပြီး သဘာပတိနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟို အလုပ်အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူးမြတ်ဝေတိုး(ပညာရေး)တို့က အဖွင့်အမှာစကား ပြောကြားကြသည်။



ထို့နောက် နှစ်ပတ်လည်အစီရင်ခံစာကို တွဲဖက်အတွင်းရေးမှူး ဦးသိမ်းထွန်း(မောင်မေခ)နှင့် ဘဏ္ဍာရေးရှင်းတမ်းကို ဒေါ်နီနီတင်(နီနီ-မြန်မာစာ) တို့က ဖတ်ကြားခဲ့ကြသည်။

ယင်းနောက် ၂၀၂၀/၂၀၂၄ ခုနှစ် မြို့နယ်စာရေးဆရာအသင်း အလုပ်အမှုဆောင်အဖွဲ့အတွက် ဥက္ကဋ္ဌ ဦးကိုကိုလေး(ရန်ကင်း ကိုကိုလေး)၊ ဒုတိယဥက္ကဋ္ဌ ဦးထွန်းထွန်းဦး (မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာထွန်းထွန်းဦး)၊ အတွင်းရေးမှူး ဦးမောင်ချစ်(မောင်ချစ်-သူရဲသမိန်)၊ တွဲဖက်အတွင်းရေးမှူး ဦးသိမ်းထွန်း(မောင်မေခ)၊ ဘဏ္ဍာရေးမှူး ဒေါ်နီနီတင် (နီနီ-မြန်မာစာ)၊ အမှုဆောင်များအဖြစ် ဦးအောင်သင်း(ဗဟန်း)၊ ဒေါ်ဖြူဖြူဥ(လေဒီဒိုင်းမွန်း)နှင့် တတိယအကြိမ်ညီလာခံကိုယ်စားလှယ်များအဖြစ် ဦးကိုကိုလေး(ဥက္ကဋ္ဌ)နှင့် ဦးသိမ်းထွန်း(တွဲဖက်အတွင်းရေးမှူး)တို့အား ရွေးချယ်ခဲ့ကြသည်။

ရွေးချယ်ခံအမှုဆောင်သစ်များက သဘာပတိရှေ့မှောက်တွင် ကတိသစ္စာခံယူခဲ့ကြပြီး ဥက္ကဋ္ဌသစ်က ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

တင်ဝင်းတင်

အင်းစိန်မြို့နယ် ရပ်ကွက်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ၂၁ ရုံး၌ မဲဆန္ဒရှင်စာရင်းများ ထုတ်ပြန်

ရန်ကုန် ဇူလိုင် ၂၈

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်အတွင်းရှိ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ၂၁ ရုံးခွဲ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲအတွက် မဲရုံပေါင်း ၁၈၈ ရုံဖွင့်လှစ်ဆောင်ရွက်ရန်စီစဉ်ထားရှိပြီး မဲဆန္ဒရှင် ၂၀၀၀၀၀ ကျော်ပါဝင်သော မဲဆန္ဒရှင်စာရင်းများကို ဇူလိုင် ၂၅ ရက်မှစတင်၍ ဩဂုတ် ၇ ရက်အထိ ပထမအကြိမ်အဖြစ် ၁၄ ရက်ကြာကြေညာထားမည်ဖြစ်သည်။ မြို့နယ်အတွင်း ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က တိုက်တွန်းနှိုးဆော်မှုများပြုလုပ်လျက်ရှိပြီး နိုင်ငံသားတိုင်းမဲပေးခွင့်မဆုံးရှုံးစေရေးအတွက် ကြေညာထားပြီးဖြစ်ကြောင်း သိရသည်။

အင်းစိန်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် ညွှန်ကြားချက်များနှင့်အညီ ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို လုပ်ဆောင်သွားမည်ဖြစ်ရာ အထွေထွေရွေးကောက်ပွဲအတွက် ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရေး လစဉ်ပြင်ဆင်ပြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်းများကို ဆောင်ရွက်ခဲ့ပြီးဖြစ်သည့် အတွက် ပြည်သူများအနေဖြင့် မိမိအမည်ကပ်ထားသော မဲစာရင်းတွင်မပါဝင်ပါက ပုံစံ (၃) ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန်တောင်းဆိုနိုင်ခြင်း၊ မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ (၄) ဖြင့် ကန့်ကွက်နိုင်ခြင်း၊ မဲစာရင်းပါအချက်အလက်များမှားယွင်းနေပါက ပုံစံ(၄-ဂ) ဖြင့် ပြင်ဆင်လွှာတင်သွင်းနိုင်ရန် လိုအပ်သည့်ပုံစံများကို ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ အခမဲ့ရယူနိုင်ကြောင်းနှင့် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ပြီးပါက အထွေထွေရွေးကောက်ပွဲ အတွက် မဲဆန္ဒရှင်စာရင်းများကို အောက်တိုဘာလတွင် နောက်ဆုံးအကြိမ် ကြေညာပေးမည်ဖြစ်ကြောင်း သိရသည်။

ဉာဏ်ဟိန်း

အခြေခံအိမ်ထောင်စုများအား ထောက်ပံ့ကြေးများ ပေးအပ်

ရန်ကုန်

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးကာလအတွင်း ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်း မြို့နယ် ၁၄ မြို့နယ်ရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုပေါင်း ၂၂၇၀၅ဖြစ် စုအတွက် အိမ်ထောင်စုတစ်စုလျှင် ကျပ် ၂၀၀၀၀ နှုန်းဖြင့် နိုင်ငံတော်အစိုးရက ပုံမှန်ဝင်ငွေမရှိသောအိမ်ထောင်စုများထံသို့ လက်ဝယ်အရောက်ပေးအပ်ခြင်းကို ဇူလိုင် ၂၄ ရက်မှစ၍ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်း ကျန်မြို့နယ်များရှိ အခြေခံလူတန်းစားအိမ်ထောင်စုများကိုလည်း နိုင်ငံတော်အစိုးရက ဆက်လက်ထောက်ပံ့လျက်ရှိကြောင်း သိရသည်။

ကျော်တင့်ထွန်း (ပြန်/ဆက်)

မြို့သစ်

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင် နိုင်ငံတော်အစိုးရမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလတွင် ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားများအတွက် (တတိယအကြိမ်)ထောက်ပံ့ငွေများကို ဇူလိုင် ၂၇ ရက် မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ဦးက ထောက်ပံ့ငွေပေးအပ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၅၂ အုပ်စုမှ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအတွက် အိမ်ထောင်စုတစ်စုလျှင် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၁၅၇၇၈ စုအတွက် စုစုပေါင်းထောက်ပံ့ငွေကျပ် ၃၁၅ ၅၆၀၀၀၀ ကိုသက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝင်းအိဇွန် (ပြန်/ဆက်)

လောက်ကိုင်

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်တွင် ပုံမှန်ဝင်ငွေမရှိသောအခြေခံလူတန်းစားများအားထောက်ပံ့ငွေပေးအပ်ခြင်းကို ယနေ့နံနက်က လက်ဝယ်အရောက် ပေးအပ်ခဲ့သည်။

ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးဦးသက်ဇော်နိုင်နှင့် တာဝန်ရှိသူများက ကိုဗစ်-၁၉ ရောဂါကာလအတွင်း မြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစားအိမ်ထောင်စုများအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် အိမ်ထောင်စု ၁၃၃၆ စုတို့အတွက် စုစုပေါင်းငွေကျပ် ၂၆၇၂၀၀၀၀ အား အိမ်ထောင်စုများ၏ လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဇော်ဇော်အောင်(ပြန်/ဆက်)

လာမည့်နှစ်တွင် ပြည်တွင်းဖူဆယ်ပြိုင်ပွဲများ တိုးမြှင့်ကျင်းပရန် စီစဉ်နေ

ရန်ကုန် ဇူလိုင် ၂၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လာမည့်နှစ်မှစတင်ကာ ပြည်တွင်းဖူဆယ်ပြိုင်ပွဲများ တိုးမြှင့်ကျင်းပရန် စီစဉ်လျက်ရှိပြီး လိဂ်ပြိုင်ပွဲအပြင် အခြားပြိုင်ပွဲနှစ်ခုပါ ကျင်းပနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ဘောလုံးကော်မတီသည် ပြီးခဲ့သည့်ရက်ပိုင်းက ကျင်းပသည့် အစည်းအဝေးတွင် ပြည်တွင်းပြိုင်ပွဲများ တိုးမြှင့်ကျင်းပရန် ဆွေးနွေးခဲ့သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခင်က ဖူဆယ်ကလပ်အသင်းများအတွက် လိဂ်ပြိုင်ပွဲနှင့် Open Cup ပြိုင်ပွဲနှစ်ခုသာ ကျင်းပခဲ့သော်လည်း လာမည့်နှစ်မှစတင်ကာ လိဂ်ပြိုင်ပွဲအပြင် Open Cup ပြိုင်ပွဲနှင့် Knock-Out ပြိုင်ပွဲများပါ ကျင်းပရန် စီစဉ်လျက်ရှိသည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အတွင်း ကျင်းပရန် စီစဉ်ထားသည့် Open Cup ပြိုင်ပွဲကို ကိုဗစ်-၁၉ ရောဂါကြောင့် ဖျက်သိမ်းခဲ့ရာ Knock-Out ပြိုင်ပွဲဖြင့် အစားထိုးကျင်းပရန် စီစဉ်လျက်ရှိသည်။

လိဂ်ပြိုင်ပွဲကိုလည်း အတန်းနှစ်တန်းထားရှိရန် ကြိုးပမ်းလျက်ရှိပြီး ပြိုင်ပွဲဝင်အသင်း အရေအတွက် တိုးမြှင့်လာရန် ဆောင်ရွက်မည်ဖြစ်သည်။ အတန်းနှစ်တန်းထားရှိနိုင်ပါက တန်းတက်၊ တန်းဆင်းစနစ်ကျင့်သုံးမည်ဖြစ်ပြီး တစ်နှစ်လျှင် လိဂ်ပြိုင်ပွဲအပါအဝင် Open Cup ပြိုင်ပွဲနှင့် Knock-Out ပြိုင်ပွဲများ ပုံမှန်ကျင်းပနိုင်ရန် ဆောင်ရွက်လျက်ရှိသည်။

နောက်ဆုံးကျင်းပခဲ့သည့် ၂၀၁၉-၂၀၂၀ ရာသီ ဖူဆယ်လိဂ်ပြိုင်ပွဲတွင် အသင်းပေါင်း ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြင်ပမှ ကလပ်အသင်း ၁၁ သင်းနှင့် မြန်မာ ယူ-၁၉ လက်ရွေးစင်ဖူဆယ်အသင်းတို့ ယှဉ်ပြိုင်ခဲ့သည်။ ယင်းအသင်းများအနက် GV အသင်းမှာ နုတ်ထွက်သွားသောကြောင့် ၁၁ သင်းသာ ကျန်ရှိပြီး ပြိုင်ပွဲများ ပြန်လည်ကျင်းပပါက အသင်းများ အတည်ပြုရမည်ဖြစ်သည်။

ရွှိုင်းထက်ဇော်

ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး အမ်ဘာတ်ပီ ချန်ပီယံလိဂ်ကွာတားဖိုင်နယ် လွဲချော်မည်



ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး အမ်ဘာတ်ပီဟာ ဒဏ်ရာပြဿနာကြုံတွေ့ခဲ့ရတာကြောင့် ဩဂုတ် ၁၂ ရက်မှာ လစ္စဘွန်းမြို့၌ အတ္တလန္တာအသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ ယှဉ်ပြိုင်ကစားမယ့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်မှာလည်း လွဲချော်မှာဖြစ်ပါတယ်။

အသက် ၂၁ နှစ်အရွယ်ရှိ တိုက်စစ်မှူး အမ်ဘာတ်ပီဟာ ဇူလိုင် ၂၄ ရက်က ပီအက်စ်ဂျီအသင်းနဲ့ စိန့်အက်စ်တီယန်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ ပွဲစဉ်မှာ ခြေချင်းဝတ် ဒဏ်ရာရရှိခဲ့တာဖြစ်ပြီး သိတင်းသုံးပတ်ကြာ အနားယူရဖို့ ရှိနေတာလည်း ဖြစ်ပါတယ်။

ပီအက်စ်ဂျီအသင်း ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်မှာ အတ္တလန္တာအသင်းကို အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်အဆင့်ကို တက်လှမ်းနိုင်ခဲ့မယ်ဆိုရင်တော့ ဩဂုတ် ၁၈ ရက်မှာကျင်းပမယ့် ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်မှာ တိုက်စစ်မှူး အမ်ဘာတ်ပီ ပြန်လည်ပါဝင်လာဖို့ရှိနေတာဖြစ်ပါတယ်။

ပြင်သစ်ကြယ်ပွင့် အမ်ဘာတ်ပီဟာ ပီအက်စ်ဂျီအသင်းက စိန့်အက်တီယန်အသင်းကို အနိုင်ရရှိခဲ့တဲ့ ပွဲစဉ်ရဲ့ ပထမပိုင်းပွဲချိန်အတွင်းမှာ စိန့်အက်စ်တီယန်အသင်း နောက်တန်းကစားသမား လွိုက်ပါရင်ရဲ့ ကြမ်းတမ်းစွာ ကစားမှုကနေတစ်ဆင့် ဒဏ်ရာရရှိခဲ့ပြီး ပြိုင်ပွဲအတွင်း ကနေ ထွက်ခွာခဲ့ရတာဖြစ်ပါတယ်။

အမ်ဘာတ်ပီဟာ ၂၀၁၈ ခုနှစ်က မိုနာကိုအသင်းကနေ အမြဲတမ်းစာချုပ်နဲ့ ပြောင်းရွှေ့လာခဲ့ပြီးနောက် ပီအက်စ်ဂျီအသင်းအတွက် ၅၁ ပွဲမှာ ၄၉ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။

လီဗာပူးကွင်းလယ်ကစားသမား လယ်လာနာကို ဘရိုက်တန်အသင်း စာချုပ်ချုပ်ဆိုခေါ်ယူ



ဘရိုက်တန်အသင်းဟာ လီဗာပူးအသင်းမှ ကွင်းလယ်ကစားသမား လယ်လာနာကို အလွတ်ပြောင်းရွှေ့ကြေးနဲ့ စာချုပ်ချုပ်ဆိုခေါ်ယူလိုက်ပြီဖြစ်ပါတယ်။ ကွင်းလယ်ကစားသမား လယ်လာနာဟာ ဘရိုက်တန်အသင်းနဲ့အတူ သုံးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ် ချုပ်ဆိုခဲ့တာဖြစ်ပြီး လီဗာပူးအသင်းနဲ့ ချုပ်ဆိုထားတဲ့စာချုပ်သက်တမ်းကတော့ ယခုနှစ်ဘောလုံးရာသီကုန်မှာ ကုန်ဆုံးခဲ့တာ ဖြစ်ပါတယ်။

အသက် ၃၂ နှစ်အရွယ် လယ်လာနာဟာ ၂၀၁၉-၂၀၂၀ ဘောလုံးရာသီအတွင်းမှာ လီဗာပူးအသင်းအတွက် ၂၂ ပွဲ ပါဝင်ကစားပေးခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် အခုနှစ်ဘောလုံးရာသီတစ်လျှောက်လုံးမှာ ပရီမီယာလိဂ်ပွဲစဉ် သုံးပွဲသာ ပွဲထွက်ကစားခွင့်ရရှိခဲ့တာဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ်ကြောင့်ရပ်နားထားခဲ့ရတဲ့ ပရီမီယာလိဂ်ဘောလုံးရာသီ ပြန်လည်စတင်ချိန်မှာတော့ ပွဲထွက်ကစားခွင့်ပျောက်ခဲ့ရတာလည်းဖြစ်ပါတယ်။

လယ်လာနာဟာ ၂၀၁၄ ခုနှစ် ဇူလိုင်လအတွင်းက ပြောင်းရွှေ့ကြေး ပေါင် ၂၅ သန်းနဲ့ ဆောက်သမ်တန်အသင်းကနေ လီဗာပူးအသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး လီဗာပူးအသင်းနဲ့အတူ ပရီမီယာလိဂ်ဖလား၊ ချန်ပီယံလိဂ်ဖလား၊ ဖီဖာကမ္ဘာ့ကလပ်အသင်းများဖလားနဲ့ ယူအီးအက်ဖ်အေဈုပါဖလားတို့ကို ရယူဆွတ်ခူးနိုင်ခဲ့တာလည်းဖြစ်ပါတယ်။ လယ်လာနာဟာ အင်္ဂလန်နိုင်ငံ လက်ရွေးစင်အသင်းအတွက်လည်း ၃၄ ပွဲပါဝင်ကစားပေးခဲ့တာဖြစ်ပါတယ်။

ငွေကြေယ်- ရေးသားသည်

အနုပညာ



ပထမဆုံး ရင်သွေးလေး မွေးဖွားလိုက်ပြီဖြစ်တဲ့ ဆိုဖီယာတာနာ

ကျော်ကြားတဲ့ ဟောလိဝုဒ်မင်းသမီးတစ်ဦးဖြစ်သူ ဆိုဖီယာတာနာကို ပရိသတ်တွေအနေနဲ့ Game of Thrones ဇာတ်လမ်းတွဲရုပ်ရှင်တွေနဲ့ စတင်ရင်းနှီးခဲ့တာဖြစ်ပါတယ်။ ဆိုဖီယာတာနာဟာ လတ်တလောမှာ ပထမဆုံးရင်သွေးလေးကို မွေးဖွားခဲ့ပြီဖြစ်ကာ သမီးလေးဖြစ်ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇူလိုင် ၂၇ ရက်က ဆိုဖီယာတာနာနဲ့ ခင်ပွန်းဖြစ်သူ ဂျိုးဂျိနက်စ်တို့ရဲ့ ကိုယ်စားလှယ်က ကြယ်ပွင့်စုံတွဲရဲ့ ရင်သွေးလေးမွေးဖွားခဲ့တဲ့သတင်းကို ထုတ်ဖော်ပြောကြားခဲ့တာ ဖြစ်ပါတယ်။ အသက် ၂၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မင်းသမီး ဆိုဖီယာတာနာနဲ့ တေးသံရှင်နဲ့ သရုပ်ဆောင်တစ်ဦးဖြစ်သူ ဂျိုးဂျိနက်စ်တို့ဟာ ၂၀၁၉ ခုနှစ် မေလအတွင်း လက်ထပ်ခဲ့တာ ဖြစ်ပါတယ်။

ဆိုဖီယာတာနာနဲ့ ဂျိုးဂျိနက်စ်တို့ရဲ့ သမီးလေးကို ဝေလာလို့ အမည်ပေးထားပြီး ဇူလိုင် ၂၂ ရက်က လော့အိန်ဂျလိစ်မှာ မွေးဖွားခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

စံချိန်သစ်တင်လိုက်တဲ့ ဗွီ

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ တေးသံရှင်တစ်ဦးဖြစ်သူ ဗွီဟာ အမျိုးသားတေးဂီတအဖွဲ့ BTS ရဲ့ အဖွဲ့ဝင်တစ်ဦးပါ။ သူဟာ တစ်ကိုယ်တော်တေးသီချင်းတွေ ထုတ်လွှင့်ရာမှာလည်း စံချိန်သစ်တွေ တင်နိုင်ခဲ့ပြီး လတ်တလောမှာလည်း ယခင်တင်ထားခဲ့တဲ့ သူ့ရဲ့ စံချိန်ဟောင်းကို ကျော်လွန်ကာ စံချိန်သစ်တင်နိုင်ခဲ့ကြောင်း အောကေပေါ့ပ်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဗွီသီဆိုထားတဲ့ ဇာတ်ဝင်တေးသီချင်းတစ်ပုဒ်ဖြစ်တဲ့ Sweet Night ဟာ 'Itaewon Class' ရုပ်သံဇာတ်လမ်းတွဲမှာပါဝင်တဲ့ ဇာတ်ဝင်တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး အဆိုပါ တေးသီချင်းဟာ ဇူလိုင် ၂၇ ရက်မှာ နိုင်ငံပေါင်း ၁၁၃ နိုင်ငံက iTunes တေးဂီတဇယားတွေမှာ နံပါတ်တစ်နေရာမှာ ရပ်တည်နေပါတယ်။ ဒါဟာ ဗွီထုတ်လွှင့်ပေးခဲ့တဲ့ တစ်ကိုယ်တော်တေးသီချင်းတွေအနက် iTunes တေးဂီတဇယားမှာ နိုင်ငံအများဆုံးမှာ နံပါတ်တစ်နေရာ ရရှိခဲ့တာဖြစ်ကြောင်းလည်း သိရပါတယ်။

BLACKPINK ၏ တေးအယ်လ်ဘမ်သစ် ထွက်ရှိမည့်ရက်ကြေညာ



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသမီးတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ BLACKPINK ရဲ့ တေးအယ်လ်ဘမ်သစ်ကို လာမယ့်အောက်တိုဘာလအတွင်း စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ကြောင်း အေဂျင်စီက လတ်တလောမှာ ထုတ်ဖော်ပြောကြားလာတာဖြစ်တယ်လို့ အောကေပေါ့ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အဖွဲ့ရဲ့ တေးအယ်လ်ဘမ်သစ်မှာ ပါဝင်မယ့် တေးသီချင်းတစ်ပုဒ်ကိုလည်း လာမယ့်ဩဂုတ်လအတွင်း စတင်ထုတ်လွှင့်ပေးသွားမှာဖြစ်ပြီး အဆိုပါတေးသီချင်းမှာ အခြားသောနာမည်ကျော်တေးသံရှင်တစ်ဦးကလည်း ပါဝင်အားဖြည့်သီဆိုပေးထားပါတယ်။

ပရိသတ်တွေ စောင့်မျှော်နေတဲ့ 'BLACKPINK – The Album' လို့ အမည်ပေးထားတဲ့ တေးအယ်လ်ဘမ်သစ်တစ်ခုလုံးကို အောက်တိုဘာ ၂ ရက်မှာ စတင်ထုတ်လွှင့်သွားဖို့ရာ စီစဉ်ထားပြီး အဆိုပါ တေးအယ်လ်ဘမ်ဟာ BLACK PINK ရဲ့ ဂီတသက်တမ်းတစ်လျှောက် ပထမဆုံးထုတ်လွှင့်မယ့် တေးအယ်လ်ဘမ်အပြည့်အစုံတစ်ခုလည်းဖြစ်ကြောင်း သိရပါတယ်။

အေးပြည့် - စုစည်းသည်

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ရေနံချက်စက်ရုံများမှ ရေနံထွက်ပစ္စည်းများအား အောက်ပါအတိုင်း တင်ဒါခေါ်ယူရောင်းချမည်ဖြစ်ပါ၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် (၄၄)၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	စက်ရုံ	ရေနံထွက်ပစ္စည်းအမျိုးအမည်	ရေတွက်ပုံ	ပမာဏ	တင်ဒါဝိုတ်ချိန်		တင်ဒါဖွင့်ချိန်	
					နေ့ရက်	နာရီ	နေ့ရက်	နာရီ
၁	သံဃရာကန်	စီဂျီအို	ဂါလန်	၅၀၀,၀၀၀	၂၈-၈-၂၀၂၀	၁၃:၀၀	၂၈-၈-၂၀၂၀	၁၄:၀၀
၂	သံဃရာကန်	ရေနံမီးသွေး	မက်ထရစ်တန်	၁,၀၀၀	၂၈-၈-၂၀၂၀	၁၃:၀၀	၂၈-၈-၂၀၂၀	၁၄:၀၀
၃	ချောက်	ဖယောင်းစစ်ကျ ကျန်ရည်	ဂါလန်	၄၁,၆၈၉	၂၈-၈-၂၀၂၀	၁၃:၀၀	၂၈-၈-၂၀၂၀	၁၄:၀၀

၂။ တင်ဒါစည်းကမ်းချက်နှင့်တင်ဒါပုံစံများအား (၁)လကြေးတင်၍ ဤလုပ်ငန်းရုံးချုပ် (ဘဏ္ဍာရေးဌာန)တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၅၃သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ





RUBY ကားစီးလုံးဝှေးသည် 519100 09-51-77212, 535100
ဇီးစဉ်ချိုးစုံအတွက် (၄၅)ခုခု၊ ၂၄၊၁၈၊၁၄ ခရီး)မြောက်စီးနှင့် Saloon,Vanကားမျိုးစုံ ဝှေးနိုင်ပါသည်၊ လေဆုပ်ကားမျိုးစုံဝှေးနေ့ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)



ရိုးရာအထူးသတိပေးချက်၊ ရိုးရာဃတြာ၊ နေ့သားအသီးသီး အတွက် အဆောင်နှင့် ထီကံအဖြာဖြာကို သိရှိနိုင်ရန်အတွက် -
မြန်မာသင်္ကြန် – ၁၃၈၂ ခုနှစ်
ဝံ-ကထိုဝ်
မြန်မာ့ရိုးရာအဋ္ဌဟောကိန်း
City Mart, Ocean, Capital, ABC Convenience Store
ဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။
တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ရာဟု၊ ကြာသပတေး၊ သောကြာ၊ စနေ
ပင်ရင်းဖြန့်ဖို့ရေး
အမှတ် - ၂၈၆(ဓမြေညီထပ်)၊ လမ်း - ၄၀(အထက်)၊ ရန်ကုန်မြို့၊ ဖုန်း - ၀၁၈ ၃၉၁၁၆၉၊ ၀၁ ၇၀၉၀၃၂
ထွက်ပြီ
မန္တလေးဖြန့်ဖို့ရေး
လူထုကြီးများရေးစာအုပ်တိုက် အမှတ် - ၂၂၁၊ ၈၉ - လမ်းနှင့် ၃၃ - လမ်းကြား၊ မန္တလေးမြို့၊ ဖုန်း - ၀၂၊ ၄၀၃၉၇၁၁၇၊ ၄၀၆၀၃၃၆

ဂျူလီယာ(JULIA)

စက်ချုပ်နှင့်ဒီဇိုင်နာသင်တန်း(ဖုန်း-၀၉-၅၀၅၈၀၆၀၇)

စက်ချုပ်ပညာကို အခြေခံစက်နင်းမှအစပြု၍ အခြေခံကျကျ တိုင်းနည်း၊ တွက်နည်း၊ ညှပ်နည်း၊ ချုပ်နည်းများ၊ ထမီ၊ ချိတ်ထမီ၊ ၃လွှာ၊ ၄လွှာ၊ ဘောင်းဘီနှင့် အင်္ကျီဒီဇိုင်းအမျိုးမျိုး ကော်လာအစုံ၊ လက်ပုံစံ အမျိုးမျိုးနှင့် ဂါဝန်တို့ကို အချိန်တိုတိုအတွင်း ဆိုင်ဖွင့်စားနိုင်သည်အထိ အာမခံဖြင့် ဆရာမကိုယ်တိုင် ကြီးကြပ်၍ သင်ကြားပို့ချလျက်ရှိပါသည်။

တန်းခွဲများ - စနေ၊ တနင်္ဂနွေ - တစ်ပတ်(၂)ရက် (၂)လပြတ်
- တနင်္လာမှ သောကြာ - တစ်ပတ်(၅)ရက် (၁)လပြတ်
- (၁)ရက်တည်း သီးသန့်သင်တန်းများလည်းရှိသည်။

သင်တန်းကြေး(ကျပ်ခုနစ်သောင်း)၊ ၉-၈-၂၀၂၀ ရက်စတင်ဖွင့်လှစ်မည်။ လူဦးရေကန့်သတ်ထားပါသည်။
ဆက်သွယ်ရန်လိပ်စာ- အမှတ်(၂၅၅)၊ တတိယထပ်(ယာ)၊ ဗိုလ်ချုပ်လမ်းမကြီး၊ (၃၉)လမ်းနှင့် လမ်း(၄၀)ကြား၊ ရွှေဘီမတ်အနီး၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
(ပန်းဆိုးတန်းမှတိုင်တွင်ဆင်းပါ)ဖုန်း-၀၉-၅၀၅၈၀၆၀၇

ဖျံ-၅-ကောင်
အမှတ်တံဆိပ်
ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက(စာနယ်ဇင်း) ၂၁၄/၀၆၁၁
GENEVA GOLD STAR FOR QUALITY
ဆီးချို-သွေးချိုကျဆေးနှင့် သွေးတိုးကျဆေးကို
ရန်ကုန်မြို့ မန္တလေးနှင့် တောင်ကြီးမြို့ရှိ မြန်မာဆေးအရောင်းဆိုင်ကြီးများမှ
တဆင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပါပြီ။
ပင်ရင်း - ဒေါက်တာဖိုးမြင့်အောင်(ဝါးခယ်မ)
Ph.D (Alternative Medicines)
LONDON QUALITY CROWN QC 100
ဖျံ-၅-ကောင် တိုင်းရင်းဆေးခန်း၊ အမှတ်-၁၃၉(မြေညီထပ်)၊ ၄၂ လမ်း၊ ဗိုလ်တထောင်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း- 01-838 0175 / 839 2594

တကယ်ပြောတတ်ချင်ရင်လာခဲ့ပါ။
UMA ကလော
အင်္ဂလိပ်စကားပြော
အမှတ်(၃၅၁)၊ မဟာပန္ထလလမ်း၊ ဆိပ်ကမ်းသာလမ်းနှင့်(၃၉)လမ်းကြား
PH: 09 30062954
အိမ်မှေးက်သင်သည်။

အများပြည်သူသို့ သတိပေးပန်ကြားချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒေါပုံမြို့နယ်တို့ကို ဆက်သွယ်ထားသည့် ငရုံးရိပ်တံတားဟောင်း (သံပေါင်တံတား)၏ အပေါ်ပိုင်းသံထည် ဖြိုဖျက်ခြင်းလုပ်ငန်းကို တင်ဒါအောင်မြင်ထားသူမှ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် ၂၇-၇-၂၀၂၀ ရက်တွင် စတင်၍ဆောင်ရွက်မည်ဖြစ်ရာ နေ့စဉ် နံနက် ၅:၀၀ နာရီမှ ညနေ ၆:၀၀ နာရီအတွင်း ငရုံးရိပ်ချောင်းအတွင်း ဖြတ်သန်းသွားလာနိုင်သည့် ရေလမ်းကြောင်းကို အချက်ပြမီးအစိမ်းရောင်ဖြင့် ပြသထားမည်ဖြစ်ပြီး တားမြစ်ကန့်သတ်ထားသည့် ရေလမ်းကြောင်းကို အချက်ပြမီးအနီရောင်ဖြင့် ပြသထားပါမည်။

၂။ သို့ဖြစ်ပါ၍ ငရုံးရိပ်ချောင်းအတွင်း သွားလာနေသော ရေယာဉ်ကြီး၊ ရေယာဉ်ငယ်များသည် သတ်မှတ်ရေလမ်းကြောင်းမှသာ ဂရုပြုသွားလာကြပါရန် သတိပေးအပ်ပါသည်။

လမ်း၊ တံတားဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကုန်အမှတ်တံဆိပ် အသိပေးခြင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အနော်ရထာလမ်း၊ အမှတ်(၁၆၉)နေ ဦးတင်ဦး[၁၂/ကတတ(နိုင်)၀၂၈၁၇]သည် အောက်ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများကို မိမိတစ်ဦးတည်းသုံးစွဲရန် ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်စာချုပ်အမှတ် -၂၅၀၁၃/၂၀၁၉ နှင့် ၂၅၀၁၃/၂၀၁၉ တို့အရ တရားဝင်မှတ်ပုံတင်ထားပြီး ဖြစ်ပါသည်။


super Sunny (Reg:No. IV/25012/2019)
Sunny Baby Diaper Pants (Reg:No. IV/25013/2019)

အထက်ဖော်ပြပါ "Super Sunny" ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားနှင့် "Sunny Baby Diaper Pants" ကုန်အမှတ်တံဆိပ်အမည် အမှတ်အသားများဖြင့် ကလေးသုံးဒိုင်ဘာ(Baby Diaper)၊ လူကြီးသုံးဒိုင်ဘာAdult Diaper)၊ အမျိုးသမီးလစဉ်သုံးပစ္စည်း(Woman Sanitary Pad)၊ တစ်ရှူးအစို(Wet Tissue)၊ တစ်ကိုယ်ရည်သုံး (Personal Care Product)၊ ပစ္စည်းအမျိုးမျိုးတို့ကို အရောင်အမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုး၊ ဒီဇိုင်းအမျိုးမျိုးတို့ဖြင့် ဖိနပ်၍လည်းကောင်း၊ ကပ်နိပ်၍လည်းကောင်း၊ အသားတံဆိပ်ကပ်နိပ်ခြင်းနှင့် အဆိုပါပစ္စည်းများထည့်သွင်းအသုံးပြုသော ပလတ်စတစ်အိတ်အမျိုးမျိုး၊ စက္ကူဘူးအမျိုးမျိုး၊ စက္ကူကတ်အမျိုးမျိုး၊ စက္ကူအိတ်အမျိုးမျိုး၊ အသားတံဆိပ်အမျိုးမျိုး၊ ပြေစာ၊ ဘောက်ချာတို့ပေါ်တွင်ဖိနပ်၍၊ ကပ်နိပ်၍၊ ရိုက်နှိပ်၍ ရန်ကုန်မြို့နှင့်တကွ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံးသို့ လက်လီလက်ကားထုတ်လုပ်ဖြန့်ဖြူးရောင်းချလျက်ဖြစ်ပါကြောင်းနှင့် ယင်းလုပ်ငန်းနှင့် ဆက်နွယ်ပတ်သက်သည့် စာရွက်စာတမ်း၊ ကြော်ငြာ၊ လက်ကမ်းကြော်ငြာ၊ ရေဒီယို၊ ရုပ်မြင်သံကြားကြော်ငြာ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ Online, Internet, Website ဆိုင်းဘုတ်၊ ဘလောက်၊ ဒီဇိုင်း၊ တံဆိပ်တုံး၊ ပြေစာဖြတ်ပိုင်းအစရှိသည်တို့အပေါ်တွင်လည်း အဆိုပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများကို အသုံးပြုနေပါသည်။

ဖော်ပြပါ ကုန်အမှတ်တံဆိပ် အမည်အမှတ်အသားများတို့၏ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ အခြားမည်သူမဆို ဆင်တူယိုးမှား၊ ထင်ယောင်ထင်မှားဖြစ်အောင် တုပပြုလုပ်သုံးစွဲခြင်း၊ ဖြန့်ချိရောင်းချခြင်းတို့ကို မပြုလုပ်ကြပါရန်နှင့် လိုက်နာခြင်းမရှိပါက တည်ဆဲတရားဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးစိုင်းထွန်းအေး B.A, M.A(Philo;), H.G.P,R.L, B.D.S (MOFA), DL-101-WIPO, D.I.L, D.M.L တရားလွှတ်တော်ရှေ့နေ(စဉ်-၃၉၁၇)
အမှတ်(၄၆)၊ ပထမထပ်၊ ၈၉-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၂၆၃၈၇၂၂၄၄





မိဘအမည်မှန်

မြစ်ကြီးနားမြို့၊ အထက(ရွှေစက်)ဒသမတန်းတွင် ပညာသင်ကြားနေသော မကိန္နရီဖြေသွေး၏ မိဘအမည်မှန်မှာ ဦးနေဦး[၈/ပခက(နိုင်)၁၇၄၂၅၉]နှင့် ဒေါ်ဂျာနန်[၁/မကန(နိုင်)၀၈၇၉၃၃] ဖြစ်ပါသည်။

ဒဂုံမြို့သစ်
အရှေ့ပိုင်း။ မြောက်ပိုင်း။
တောင်ပိုင်း။ ဆိပ်ကမ်း
မြေကွက်များအထူး
ဈေးကောင်းပေးဝယ်သည်။
09-5089354
09-5180139

ကြော်ငြာ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၄)၊ မြေကွက်အမှတ်(၂၀၆/ခ)၊ ဇေယျာမြိုင်လမ်း၊ ဧရိယာ(အလျား ၂၀xအနံ ၆၀ပေ)၊ (၁၂၀၀) စတုရန်းပေ(၀.၀၂၇)ဧကရှိ ဦးသာရင် အမည်ပေါက်ဂရမ်မြေနှင့် ယင်းမြေပေါ် မြေအောက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ဂရမ်အမည်ပေါက် ဦးသာရင် ထံမှ ဆက်စပ်စာချုပ်များအရ မြေငှားဂရမ်မူရင်းဖြင့် လက်ရောက် ဝယ်ယူပိုင်ဆိုင်နေထိုင်သူများဖြစ်သော (၁)ဦးသန်းငွေး (၁၂/ သဃက(နိုင်)၀၂၉၈၁၇)၊(၂)ဦးမြိုးသီဟနိုင်(၁၂/ဒဂတ(နိုင်) ၀၄၇၅၉၆)ထံမှဝယ်ယူရန် အတွက်၊ ကျွန်ုပ်မိတ်ဆွေက အရောင်းတန်ဘိုး၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ်ပေးချေပြီး ဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း တရားဝင်နိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပြီး၊ သတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

လွှဲအပ်ချက်အရ
ဒေါ်မြတ်မြတ်မွန် (LL.B) အထက်တန်းရှေ့နေ (စဉ်၄၈၃၃၀)
အမှတ် ၁၂၈၆/ စည်ပင်လမ်းနှင့်မြရတနာလမ်းဒေါင့်၊(၂၄)ရပ်ကွက်၊
ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၄၂၆၁၄၂၅၄၁၊၀၉ - ၉၆၆၄၁၁၇၇၉

ဖခင်အမည်မှန်

ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၊ အထက(၂)နဝမတန်း(C)မှ မောင်အောင်မြတ်ထက်၏ဖခင်အမည်မှန်မှာ ဦးကျော်မျိုးနိုင်[၇/ကတခ(နိုင်)၀၃၈၃၆၈]ဖြစ်ပါကြောင်း။

ဦးကျော်မျိုးနိုင်

ဖခင်အမည်မှန်

အ.ထ.က(၄)၊ သာကေတမြို့နယ်တွင် ပညာသင်ကြားနေသော မောင်ဇော်သီဟ၏ဖခင်အမည်မှန်မှာ ဦးထွန်းဦး [၁၂/သကတ(နိုင်)၀၂၆၅၄၈] ဖြစ်ပါကြောင်း။

ဦးထွန်းဦး

ဖခင်အမည်မှန်

ဖြူးမြို့နယ်၊ အလက-ကညင်ဒိုင်းကျောင်း အဋ္ဌမတန်း(A)မှ မအိအိဖြိုးနှင့် ပဉ္စမတန်းမှ မောင်ဝေယံစိုးတို့၏ ဖခင်အမည်မှန်မှာ ဦးကုလား[၇/ဖမန(နိုင်) ၁၂၂၄၁၅]ဖြစ်ပါကြောင်း။

ဦးကုလား

ဖခင်အမည်မှန်

ဖြူးမြို့နယ်၊ ကညွတ်ကွင်းမြို့၊ အထက(၁)နဝမတန်း(C)မှ မပြည့်ပြည့်ဝင်း၊ ငါးနုဆန်း မူလွန်ကျောင်း စတုတ္ထတန်းမှ မသဲလင်းဖြူတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်မောင်ညွန့်[၇/ဖမန(နိုင်)၁၃၀၉၅၀]ဖြစ်ပါကြောင်း။ **ဦးမောင်မောင်ညွန့်**

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏဂရန်ပေးစီမံချက်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၃၂/စီ၊ မြေကွက်အမှတ်-၂/၁၁၄၊ ဧရိယာ ၀.၀၂၇ ဧက၊ မြေကွက်တည်နေရာအမှတ်-၂/၁၁၄၊ ကာယ(၃)လမ်း၊ ကာယရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ကာယဉာဏဂရန်ပေးစီမံချက်၊ ငယ်စာရင်းအမည်ပေါက် ဦးစံမြင့်ထံမှ အရောင်းအဝယ်အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးတင်ထွန်း[၁၂/မဂဒ(နိုင်)၀၁၅၈၄၆]မှ ကာယဉာဏဂရန်ပေးစီမံချက်၊ မြေယာအထောက်အကူပြုအဖွဲ့၏ ကန့်ကွက်ရန် မရှိကြောင်းထောက်ခံချက်၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးတို့၏ ကန့်ကွက်ရန်မရှိကြောင်းထောက်ခံချက်၊ အရပ်ကတိအရောင်းအဝယ်စာချုပ် အဆက်ဆက်တို့ကိုတင်ပြ၍ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂၊ လူနေရပ်ကွက်အမှတ်-၁၂၊ နှင်းဆီလမ်းသွယ်၊ မြေကွက်အမှတ်-၅၁၄၊ အကျယ်အဝန်း(၄၀' x ၆၀') ရှိ မြေကွက်အနက်မှ တရားဝင်ခွဲစိတ်ခြင်း မပြုရသေးသော (၂၀' x၆၀')ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက် ဦးခင်မောင်ဦး [၁၂/ဗတထ(နိုင်)၀၁၂၅၇၅]ထံက ဆက်စပ်စာချုပ်များဖြင့် တရားဝင်လက်ရှိထားပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြုပြောဆိုသူ ဦးကျော်ဇင်ထိုက် [၁၂/ရပသ(နိုင်)၀၈၈၂၅၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ် ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ စ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေ နှင့်အညီပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်စန္ဒာသက်ထွန်း
LL.B,D.B.L,D.I.L
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၄၂၉)
ဖုန်း-၀၉-၂၅၀၁၇၇၄၉၁

မြေကွက် ဝယ်လိုသည်

အရှေ့ဒဂုံမြို့နယ်၊ (၁၃၀/၁၃၁)ရပ်ကွက်များတွင် ဝယ်လိုသည်။
ဖုန်း-၀၉-၆၉၇၅၄၄၆၇၅

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၃၇)၊မြေကွက်အမှတ်(၇၈၅)၊မြေကွက်တည်နေရာအမှတ်(၇၈၅) ၁၃၇-ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ဦးခင်မြင့်မောင်အမည်ပေါက်၊ပါမစ်မြေအားအမည်ပေါက်ဦးခင်မြင့်မောင်(၉/မမန(နိုင်)၀၁၂၄၂၂)မှပါမစ်ပျောက်ဆုံးကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ရဲစခန်းထောက်ခံချက်၊ကိုယ်တိုင်ကတိဝန်ခံချက်၊မြေချပါမစ်မူရင်းမှာအမှန်တကယ်ပျောက်ဆုံးသွားသည်မှာမှန်ကန်ကြောင်းကျမ်းကျိန်လွှာတို့တင်ပြ၍ပါမစ်ပျောက်ဖြင့်ဂရန်သစ်လျှောက်ထားလာခြင်းအားကွင်းဆင်းစစ်ဆေးရာ(၁၈'×၁၅') ကျောက်ပြားကာ၊သွပ်မိုးအဆောက်အဦးတစ်လုံးရှိပြီးကိုယ်တိုင်နေထိုင်ပါသည်။ သို့ပါ၍ဦးခင်မြင့်မောင်မှပါမစ်ပျောက်ဖြင့်ဂရန်သစ်လျှောက်ထားလာခြင်းအားတရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပျောက်ဆုံးကြောင်း

ကျွန်တော် ဝေဖြိုးအောင်[၁၂/ဒဂတ(နိုင်)၁၀၄၈၃၂]၏ SIDကတ်မှာ ကားစီးရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၉၈၄၉၉၅၄၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃ အေ^၁၊ မြေကွက်အမှတ်-၁၂၂ အေ၊ ဧရိယာ(၀.၀၄၀)ဧက၊ မြေကွက်တည်နေရာအမှတ်-၂၄၉၊ ကျိုက္ကဆံလမ်း၊ ဗျိုင်းရွာမရပ်ကွက်၊ တာမွေမြို့နယ်၊ ဒေါက်တာဝင်းမြင့် (တီဗွီဝိုင်-၀၀၅၉၆၁) [၁၂/တမန(နိုင်)၀၃၂၇၀၂]၊ ဒေါ်စန်းစန်း (ဘီဂျီ-၀၀၆၁၆၉) [၁၂/ကတတ(နိုင်)၀၀၃၄၉၁]၊ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ (မိခင်) ဒေါ်စန်းစန်းနှင့် (ဖခင်) ဦးလှတင်သိန်းတို့ အသီးသီးကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (သမီး) ဒေါ်ချိုချိုသိန်း (KTDA-၀၀၈၂၆၁) [၁၂/ကတတ(နိုင်)၀၀၃၄၉၂] နှင့် ကျန်အမည်ပေါက်ဖြစ်သူ (သား) ဦးဝင်းမြင့် (တီဗွီဝိုင်-၀၀၅၉၆၁)[၁၂/တမန(နိုင်)၀၃၂၇၀၂]တို့က တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာများ၊ သေစာရင်းများ၊ အိမ်ထောင်စု လူဦးရေစာရင်း၊ မြေခွန်ပြေစာ၊ ဂရန်မူရင်းတို့တင်ပြပြီး ပိုင်ဆိုင်ကြောင်းနှင့် စွန့်လွှတ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှု မရှိပါက လုပ်ထုံးလုပ်နည်း အတိုင်း ဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

တစ်ဦးတည်းဖြစ်ကြောင်း

ဒေါ်ခင်အုန်းမြင့်[၁၂/အစန(နိုင်)၁၅၃၉၅၅]သည် ဂန္ဓမာ(ခ)ဒေါ်တင်အုန်း(ခ) ဒေါ်ခင်အုန်း(ခ)ဒေါ်ခင်အုန်းမြင့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဂန္ဓမာ(ခ)ဒေါ်တင်အုန်း(ခ)ဒေါ်ခင်အုန်း(ခ) ဒေါ်ခင်အုန်းမြင့်

မိခင်အမည်မှန်

ထားဝယ်ခရိုင်၊ လောင်းလုံးမြို့နယ်၊ ဂေါ့အင်းရွာနေ မထက်နွေးအေး၏မိခင် ဒေါ်စန်းစန်းထွေး၏ အမည်မှန်မှာ ဒေါ်မြင့်စိန်[၆/လလန(နိုင်)၁၂၃၃၉၄]ဖြစ်ပါသည်။

ဒေါ်မြင့်စိန်

အမှားပြင်ဆင်ချက်

(၂၇-၇-၂၀၂၀) ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၃၀) တွင်ပါရှိသော ဒေါ်ချိုချိုလှိုင်၏ တရားလွှတ်တော်ရှေ့နေမှ "အများသိစေရန်အသိပေးအကြောင်းကြားခြင်း" ကြော်ငြာစာ၊ စာကြောင်းရေ (၁၁) ကြောင်းမြောက်တွင် အိမ်အမှတ်အား မှားယွင်းဖော်ပြမိပါသဖြင့် "အောင်ဇေယျ (၂) လမ်း၊ အမှတ်-၁၆၁" အစား "အောင်ဇေယျ (၂) လမ်း၊ အမှတ်-၁၆" ဟု အမှန်ကိုပြောင်းလဲပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ သာဓုအနောက်ရပ်ကွက်၊ စလင်းလမ်း၊ အမှတ် (၂၅)၊ ၃-လွှာ(ခေါင်းရင်းခန်း)တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ပိုင်ဆိုင်သူ ဒေါ်မြင့်မြင့်မော် (၁၂/စခန (နိုင်) ၀၀၆၂၁၃)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်တိုက်ခန်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ခိုင်မာသော အထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်သဲနုစံ (LL.B., D.BL., D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ် - ၁၅၅၆၉)
အမှတ် (၇၀/ခ)၊ ၂-လမ်းသွယ် (၂)၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်။
ဖုန်း - ၀၉ ၄၀၁၆၂၀၈၀၆၊ ၀၉ ၅၉၉၂၆၀၉၅၃

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၇)ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ်(၆၁၁)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်(၄၇)၊ လူနေရပ်ကွက် (-)၊ မြေကွက်အမှတ် (၆၁၁)၊ ဧရိယာ (၂၄၀၀)စတုရန်းပေရှိ ပါမစ်မြေအမျိုးအစား မြေကွက်နှင့်ဆက်နွယ်သည့် အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးလှစိုး(MTA-၁၆၅၇၃၅) အမည်ဖြင့်တည်ရှိပြီး ၎င်းထံမှအရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားသူ ဦးဂွမ်အိန်နှင့် ဒေါ်မော်မော်သန်းတို့မှ အဆိုပါမြေကွက်အား ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချလိုကြောင်းကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေမှဝယ်ယူရန် သဘောတူညီသည့်အတွက် ရောင်းကြေးငွေ၏တစ်စိတ်တစ်ဒေသကို(စရံငွေ)အဖြစ် ရောင်းချသူများထံပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းကို ကန့်ကွက်လိုပါက ယနေ့မှစပြီး (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း၊ စာချုပ်စာတမ်းမူရင်းအထောက်အထားများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူ မရှိပါက အဆိုပါ အရောင်းအဝယ်ကို ဥပဒေနှင့်အညီတရားဝင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ချိုသဲမေ(LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ
(စဉ်-၁၂၄၀၇)
ဖုန်း -၀၉ ၄၂၀၀၇၀၄၉၊ ၀၉ ၇၉၉၆၁၅၂၀၃

အမွေပြတ်စွန့်လွှတ်ခြင်း

ကရင်ပြည်နယ်၊ ဘုရားသုံးဆူမြို့၊ အမှတ်(၃)ရပ်ကွက်၊ ထော့မဲပါရပ်ကွက်၊ ကရင်စုနေ ဦးစောလှဘောင်(ခ) ဦးတခူး ၃/ဘသဆ(နိုင်)၀၀၁၁၉၈ နှင့် ဒေါ်နော်ထွေးသက်မူ(ခ)ဒေါ်မပို ၃/ကဆက(နိုင်)၀၂၆၆၀၂တို့၏ သမီး နော်လေးဇာဖော(ခ)နော်ဖုအဲ့ ၃/ဘသဆ(နိုင်)၀၁၀၈၁၇ သည် မိဘအပေါ် စိတ်ဆင်းရဲမှုပေးသောကြောင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီး နော်လေးဇာဖော(ခ) နော်ဖုအဲ့နှင့် ပတ်သက်သော တစ်စုံတစ်ရာမျှ တာဝန်ယူမည်မဟုတ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

ဦးစောလှဘောင်-ဒေါ်နော်ထွေးသက်မူ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ အောင်ဇေယျလမ်း၊ အမှတ်(၁၀၁၈)ဟုခေါ်တွင်သော ပေ(၄၀×၆၀)ရှိ ဦးစန်းမောင် အမည်ပေါက် ပါမစ်မြေနှင့် ယင်းမြေပေါ်၌ဆောက်လုပ်ထားသော တစ်ထပ်ပျဉ်ထောင်အိမ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့်ဝယ်ယူထားပြီး လက်ဝယ်ရရှိသူ ဒေါ်ကြိုင်ကြိုင်ထွန်း[၉/မထလ(နိုင်)၀၂၇၂၇]ထံမှ ကျွန်ုပ်က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့် နေ့မှစ၍(၇)ရက်အတွင်းခိုင်လုံသောစာရွက်စာတမ်း အထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါ သည်။

ဦးဇော်အုန်း (၁၂/ရကန(နိုင်)၀၂၀၀၆၅
ဖုန်း-၀၉-၇၇၀၄၈၀၉၄၈၊၀၉-၅၀၃၄၆၅၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း၊ (၄)ရပ်ကွက်၊ အမှတ်(၁၂၄/၁၂၆)၊ ဒုတိယထပ် တိုက်ခန်းကို ဦးဇော်လွင်ဦး[၁၂/ကမတ(နိုင်) ၀၁၆၂၂၇]က တန်ဖိုးငွေအကျေ ပေးသွင်းဝယ်ယူပြီးဖြစ်ပါ၍ ပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ထုတ်ပေးနိုင်ရေး လျှောက်ထားလာခြင်းအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် ဤဦးစီးဌာနသို့လာရောက်၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက တိုက်ခန်းပိုင်ဆိုင်မှုအတွက် မှတ်ပုံတင်စာအုပ် (Owner Book) ထုတ်ပေးရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အိမ်ရာ(၂)၊ မြေနှင့်အိမ်ရာဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၄)၊ မြေကွက်အမှတ်(၂၇၀)၊ ဧရိယာ(၀.၀၅၅ ဧက)၊ အကျယ်ရှိ ဦးစိုးမြင့်(ခ)ဦးဟုတ်စိန် အမည်ပေါက်သည့် နှစ်(၆၀)ဂရန်မြေကွက်(အရပ်ခေါ်) ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၄၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊အမှတ်(၂၇၀)ဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်မြိုးလှမြင့်(၇/သဝတ(နိုင်) ၀၀၀၀၀၅)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရံငွေတစ်ချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား (မူရင်း)များဖြင့် ကျွန်ုပ်တို့ထံလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ထက် ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

တရားလွှတ်တော်ရှေ့နေ	အထက်တန်းရှေ့နေများ	
ဒေါ်မေမြတ်ချိန်	ဒေါ်ဝတ်ရည်ငွေး	ဦးရဲသီဟ
LL.B,D.B.L	LL.B,LL.M	LL.B
(စဉ်-၁၁၃၁၁)	(စဉ်-၃၆၉၁၇)	(စဉ်-၃၁၅၉၇)

ရုံးချုပ် > အမှတ်(၇၀)၊ ပထမထပ်၊ အင်းစိန်လမ်း၊ စံရိပ်ငြိမ်မှတ်တိုင်၊ ကမာရွတ်မြို့နယ်။
☎ > 01 2304311, 510760, 510940, 510950, 500643, 502517
ရုံးခွဲ > အမှတ်(၂၈၇)၊ ပထမထပ်၊ ရွှေဂုံတိုင်လမ်းမ၊ ငါးထပ်ကြီးဘုရားမှတ်တိုင်၊ ဗဟန်းမြို့နယ်။
☎ > 01 - 552742, 01- 559320, 09 5060940, 09 5060938,09 73500535
Email - soesanrealestate@gmail.com

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ ချမ်းမြေ့သာယာ(၁)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ်-၃၂၊ မြေကွက်အမှတ်-၂၉၂၊ မြေအကျယ်အဝန်း(၄၀'×၆၀')ပေရှိ နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်အကျိုးခံစားလျက်ရှိသော ဦးကျော်ဝင်း (၁၁/သတန(နိုင်)၀၀၄၇၈၇) ထံမှ ကျွန်ုပ်၏မိတ်ဆွေတို့က ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

၁။ ဦးခင်မောင်နိုင် ၂။ ဒေါ်သီသီအေး
တို့၏လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်စပါယ် LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၄၇၇)
အမှတ်-၁၁၉၊ တတိယထပ်၊ ၁၅၇-လမ်း၊ တာမွေကြီး(က+ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၄၂၂၄၇၆၃၇၇၊ ၀၉-၂၅၂၀၇၈၄၈၇

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆-H၊ မြေကွက်အမှတ်-၃၅-L/၃-၂၊ ဧရိယာ (၀.၁၀၅)ဧကရှိ မြေပိုင်မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်တင်သီမော်နိုင် [၁၂/ဗဟန(နိုင်)၀၅၄၅၅၂] ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင် ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

တောင်ဥက္ကလာပမြို့နယ်၊မြေတိုင်းရုပ်ကွက်အမှတ်-၁၂၊မြေကွက်အမှတ်-၉၂၉၊မြေကွက်တည်နေရာအမှတ်(၉၂၉)၊မာဃ(၁၂)လဆိုး၊(၁၂)ရပ်ကွက်၊တောင်ဥက္ကလာပမောင်မောင်မြင့်(ISN-၄၅၃၃၀၁၅)အမည်ပေါက်-နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်ဦးမောင်မောင်မြင့်(ISN-၄၅၃၃၀၁၅)သည်(၇-၁၂-၂၀၁၄)ရက်နေ့တွင်လည်းကောင်း(၈နီး)ဒေါ်သိန်းအေးသည်(၁၅-၁-၂၀၀၇)ရက်နေ့တွင်လည်းကောင်းအသီးသီးကွယ်လွန်သဖြင့်ဦးထွန်းဖြင့်ဦး(၁၂/ဥကတ(နိုင်)၁၄၅၂၇၄)၊ဦးမိုးဖြင့်(၁၂/ရကန(နိုင်)၀၄၂၅၄၉)၊ဦးတိုးဖြင့်(၁၂/ဥကတ(နိုင်)၁၁၈၅၆၃)တို့မှသားများတော်စပ်ကြောင်းကျမ်းကျိန်လွှာ-၈၅၄/၁၉(၁၀-၉-၁၉)၊သေစာရင်းများ၊အိမ်ထောင်စုစာရင်းများဦးမောင်မောင်မြင့်အမည်ပေါက်ဂရန်မူရင်းတို့တင်ပြ၍ငှင်းတို့ထံမှအထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်-၂၅၄၁၉/၁၉(၃-၉-၂၀၁၉)ဖြင့်ရရှိသူGP ဦးစိုးကြည်ဖြင့်(၁၂/ဥကတ(နိုင်)၀၀၆၆၂၉)မှပါဝါမဲပေးသူသက်ရှိထင်ရှားရှိကြောင်းနှင့်ပါဝါမရတော်သိမ်းသောကြောင်းကျမ်းကျိန်လွှာ-၈၈၈/၁၉(၁၁-၉-၂၀၁၉)ကိုတင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့်ငွေနှဲလွှတ်စာချုပ်ချုပ်ဆိုရန်မြေပုံကူးလျှောက်ထားခြင်းအားတရားဝင်ပိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှ၁၄၊(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့၊ရန်ကုန်မြို့တော်ဧည်ဝင်သာယာရေးကော်မတီ

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရုပ်ကွက်အမှတ်-၄၆၊ မြေကွက်အမှတ်-၁၅၇၂၊ ဧရိယာ(၀.၀၅၅)ဧက၊ မြေအမျိုးအစား-နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ စံရိပ်ငြိမ်လမ်း၊ အမှတ်(၁၅၇၂)ဟုခေါ်တွင်သော မြေနှင့်အိမ် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်း၏ အမည်ပေါက်ပိုင်ရှင် ဦးနိုင်လင်းထွန်း(၁၂/မရက(ပြု)၀၀၀၃၄၄)မှ မိမိတစ်ဦးတည်း လက်ဝယ်ထားရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအေးမင်းဇော် ဦးကျော်မင်းနိုင်
အထက်တန်းရှေ့နေ(စဉ်-၄၈၉၃၉) အထက်တန်းရှေ့နေ(စဉ်-၄၈၈၈၀)
အမှတ်(၄၆)၊ ပထမထပ်(၁)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

(၂၆-၇-၂၀၂၀)ရက်စွဲပါ ကြေးမုံသတင်းစာအရ ဦးစန်းမောင်နှင့် ဒေါ်ခင်မာလွင် (တရားလွှတ်တော်ရှေ့နေ) သိစေရန်နှင့်အများသိစေရန်ကြေညာအပ်ပါသည်

(၁)ဒေါ်ထွေး[၁၂/ရပသ(နိုင်)၀၁၂၈၆၃]၊ (၂)ဦးသန်းအောင်[၁၂/ရပသ(နိုင်)၀၀၉၄၆၆]၊ (၃)ဦးစိုးမြင့် [၁၂/ရပသ(နိုင်)၀၀၈၉၃၈]၊ (၄)ဦးနေဝင်း[၁၂/ရပသ(နိုင်)၀၀၉၀၂၃]တို့၏ လွှဲအပ်ညွှန်ကြားချက်များအရ အများသိစေအပ်ပါသည်။

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ လှော်ကားကျေးရွာအုပ်စု၊ ကရင်ချောင်းကွင်း၊ ကွင်းအမှတ်-၅၆၊ ဦးပိုင်အမှတ်-၃၂၊ ၃၃၊ ၆၉(၁)၊ ၆၉(၂)လယ်ယာမြေကွက်များသည် အထောက်အထားများလက်ဝယ်ရှိပြီး လယ်သမားများကိုယ်တိုင် လုပ်ကိုင်ပိုင်ဆိုင်သော မြေကွက်များသာဖြစ်ပြီး အမှတ်(၃၂)၊ မြေကွက်မှာ ဦးကျော်ထွန်းအမည်ပေါက်၊ ဦးပိုင်အမှတ်(၃၃)သည် ဦးလှမောင်အမည်ပေါက်၊ ဦးပိုင်အမှတ်-၆၉(၁)သည် ဦးစိုးမြင့်အမည်ပေါက်နှင့် ဦးပိုင်အမှတ်-၆၉(၂)သည် ဦးနေဝင်းအမည်ပေါက်များသာ ဖြစ်ကြောင်း ဦးစန်းမောင်ကိုလည်းကောင်း၊ ဦးကျော်ရှိန်ကိုလည်းကောင်း ရောင်းချထားခြင်းမရှိကြောင်း လူကြီးမင်းနှင့်လူကြီးမင်းမိတ်ဆွေအား သိစေအပ်ပါသည်။ (၂၆-၇-၂၀၂၀)ကြေညာချက်သည် မူလပိုင်ရှင်လယ်သမားများကို ထိခိုက်နစ်နာစေပြီး ဂုဏ်သိက္ခာကျဆင်းစေသည်ကိုလည်း လူကြီးမင်းများအား သိစေအပ်ပါသည်။

လူကြီးမင်းအား ညွှန်ကြားသည့်ဦးစီးနန်းမောင်[၇/ပခန(နိုင်)၀၁၈၀၃၇]၏ (၂၆-၇-၂၀၂၀)ရက်စွဲပါ ကြေးမုံသတင်းစာတွင် ဖော်ပြထားသောမူလပိုင်ရှင် ဦးကျော်ရှိန်ဟုလည်းကောင်း၊ ကျူးကျော်ဝင်ရောက် နေထိုင်ပါသည်ဟုလည်းကောင်း ဖော်ပြထားသော ညွှန်ကြားချက်သည် လွဲမှားစွာညွှန်ကြားထားသော ဖော်ပြချက်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်ချို(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၄၃)
အမှတ်(၉A/၈B)၊ မြမျိုလမ်း၊ ဘုံရွှည်ကုန်းရပ်ကွက်၊
ရွှေပြည်သာမြို့နယ်။ Ph:09-43204621

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီးမရမ်းကုန်းမြို့နယ်၊ ၁ရပ်ကွက်၊ ဧရပ်းအမှတ် ၉/၆(B) ဧမြေကွက်ပေါ်ရှိ(၅)ထပ်အဆောက်အဦးအခဲ့လွှာ ဒုတိယထပ် (ဧခြေရင်းခြမ်း)၊ ဧရိယာ(၂၃′ × ၂၆′)ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကိုတရားဝင်လက်ရှိထားပိုင်ဆိုင်သူဒေါ်ခင်စမ်းဝင်း(၁၂/သကတ(နိုင်)၀၁၃၃၃၅)ထံမှ ကျွန်ုပ်၏မိတ်ဆွေကဒေါ်ဖြူအေးက ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေအဖြစ်ပေးအပ်ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ၀ပ်လျှင်းချိမည်သူမဆို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း နိုင်လုံသောပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် အတွင်း လာရောက်ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးစီးအောင်ဆက်လက်ဆောင် ရွက်သွား မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်စင်မိသင်း (စဉ်-၁၂၂၁၁)
LL.B,D.B.L,D.I.L,N.BL
တရားလွှတ်တော်ရှေ့နေ
တိုက်(၆)၊အခန်း၀၀၄၊ A၁၀လမ်း၊ ယုဇနဥယျာဉ်မြို့တော်
ဖုန်း - ၀၉၄၅၀၀၂၂၃၁

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ မေခလမ်း၊ အမှတ်(4E/2)နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရုပ်ကွက်အမှတ်-၅၆ သမိုင်း၊ မြေကွက်အမှတ်- ၈/၆၆ ၊ ဧရိယာ(၀.၁၉)ဧက၊ မြေပိုင်မြေ(လ/နှ-၃၉၄၅၅)ပြီး-အိမ်ရာမြေ)ပေါ်ရှိ အမှတ်(4E/2)၊ မေခလမ်း၊ (၇)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သော မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ်တို့ သည် မြို့မြေစာရင်းတွင် ဒေါ်ဝင်း[၁၂/မရက(နိုင်)၀၃၂၂၇၂] အမည်ပေါက်တည်ရှိပြီး ၎င်းထံမှမှတ်ပုံတင်အထူးကိုယ်စားလှယ်သွေစာအမှတ်-၁၃၀၈၃၉/၂၀၁၈)အရ လက်ဝယ်ထားရှိပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူထံမှ ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်းအထောက် အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်း မရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသန့်စော်
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၄၁)
အမှတ်(၄၆)၊ ပထမထပ်(၁)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁)၊ မြေကွက်အမှတ်-၈၊ သစ်တစ်နိန်းလမ်း၊ အမှတ်(၈)၊ အလျား(၄၀)ပေ× အနံ(၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေအချိုးအစား၊မြေကွက်နှင့် မြေကွက်ပေါ်ရှိ အဆောက်အဦး၊အပေါ်ဆင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရန်ကုန်မြို့တော်ဧည်ဝင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဦးစီးဌာနတွင် ဦးအောင်သောင်း(၁၂/ဆနေ(နိုင်)၁၁၈၇၇၈)မှအမည်ပေါက်ပြီး၊ ဒေါ်အေးအေး(၁၂/ဥကတ(နိုင်)၁၂၉၆၁၇)မှဝယ်ယူပြီး၊ လက်ရောက်ပိုင်ဆိုင် ရောင်းချပိုင်ခွင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးနိုင်းလွိုင်းဆိုင်(၁၃/မဆတ(နိုင်)၀၄၂၂၇၅)မှ ရောင်းချသည့်တန်ဖိုးငွေအနက်မှ အရှိုကို စရံငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း နိုင်မာဒေသာစာချုပ်စာတမ်း အထောက်အထား၊(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်ပြုပြုသန့် — LL.B., D.B.L., WIPO - 101 (Switzerland)
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၁၁)

ဒေါ်အိသွယ်ငြိမ်း — LL.B
အထက်တန်းရှေ့နေ (စဉ်-၅၁၃၃၇)

အမှတ်-၁၂၈၊ ၄၁-လမ်း၊ ပထမထပ်၊ ရန်ကုန်မြို့။ ဖုံးနံပါ-၀၁ ၉၂၄၇၇၄၄

ကန့်ကွက်နိုင်ပါသည်

နေပြည်တော်၊ ပုဇွန်သီရိမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆/မြို့မရပ်)၊ လူနေရပ်ကွက်အမှတ် (ပုဇွန်သီရိ)၊ မြေကွက်အမှတ် (၁၅၀၅)၊ အကျယ်အဝန်း (၈၀′×၈၀′)ခန်း၊ ဧရိယာ(၀.၁၄၆)ဧကအကျယ်ရှိဦးစော်ဝင်း အမည်ပေါက်သည့် နှစ်(၃၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ဝယ်ယူ၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးကျော်ကျော်(၉/မနတ(နိုင်)၀၅၈၆၉၇)ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား (မူရင်းများ)ဖြင့် ယနေ့မှ စ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ခိုင်ခိုင်စန်း
(LL.B, D.B.L, D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၁)
အမှတ်(၄၆/၄၈)၊ ပထမထပ်(B)၊ ၁၆-ရပ်ကွက်၊ ဦးအေး(၁)လမ်း၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၈၀၀၊ ၀၉-၇၉၅၃၆၀၀၀၇

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ပျဉ်းကုတိုးလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ မြေကွက်အမှတ် (၂၂၂)၊ အကျယ်အဝန်း(၄၀′ × ၆၀′)(၀.၀၆၅)ဧကအနက်မှ တရားဝင်မခွဲမစိတ်ရသေးသည့် အကျယ်အဝန်း(၂၀′ × ၆၀′) အကျယ်ရှိ (ခြေရင်းဘက်ခြမ်း) နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဒေါ်မော်ဒီမြင့် (၁၂/မရက(နိုင်)၀၆၁၁၅၉)ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက အကျိုးခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုအထောက်အထား (မူရင်းများ)ဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဒေါ်ခိုင်ခိုင်စန်း
(LL.B, D.B.L, D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၄၆၁)
အမှတ်(၄၆/၄၈)၊ ပထမထပ်(B)၊ ၁၆-ရပ်ကွက်၊ ဦးအေး(၁)လမ်း၊
လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၀၁၆၀၂၈၀၀၊ ၀၉-၇၉၅၃၆၀၀၀၇

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလု

ဝမ်းနည်းကြေကွဲခြင်း
ဦးသန်းထွန်း (ကံ့ကော်ရွှေပြည်)
အသက် (၈၆) နှစ်

ဦးမင်းသိမ်း(ညွှန်ကြားရေးမှူးချုပ်၊ သံတမန်ရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်မျိုးပပထွန်း(သံမှူးကြီး၊ မြန်မာအဖွဲ့ရုံး၊ ဂျီနီဗာမြို့)တို့၏ဖခင် ဦးသန်းထွန်းသည် ၂၇-၇-၂၀၂၀ (တနလ်ာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

အမြဲတမ်းကိုယ်စားလှယ်/သံအမတ်ကြီးနှင့် အဖွဲ့ရုံးဝန်ထမ်းများ
ဆွစ်ဇာလန်နိုင်ငံ၊ ဂျီနီဗာမြို့

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယကာကြီး
အဂ္ဂမဟာသီရိသုဓမ္မမဏိဓောတရ
သီရိသုဓမ္မမဏိဓောတရ
ဦးသန်းထွန်း
(ကံ့ကော်ရွှေပြည်)၊ ဥက္ကဋ္ဌ (ငြိမ်း)၊ SMIDB
အသက် (၈၆) နှစ်

ရန်ကုန်မြို့၊ ပြည်တော်အေးရိပ်သာ၊ အမှတ် (၃-က)နေ ဒေါ်မြသွေး၏ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်ဝင်းဦး(CEO, Bright Time Co.,Ltd)-ဒေါ်စုစုရွှေတို့၏ဖခင်ကြီး ဦးသန်းထွန်းသည် ၂၇-၇-၂၀၂၀ (တနလ်ာနေ့) မွန်းလွဲ ၁၂:၂၃ နာရီတွင် ကန်သာယာအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

A bank ဥက္ကဋ္ဌနှင့် BOD အဖွဲ့ဝင်များ

ဝမ်းနည်းကြေကွဲခြင်း
ဦးမြင့်ဦး
ညွှန်ကြားရေးမှူး (ငြိမ်း)၊ ဟိုတယ်/ခရီး
အသက် (၆၄) နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၆) ရပ်ကွက်၊ အင်းဝ (၃)လမ်း၊ အမှတ် (၂၆၆/A)နေ ဒေါ်စန္ဒာရွှေ၏ခင်ပွန်း၊ မအိဖြိုးဖြိုး၊ မောင်သော်ဇင်မင်းဦးတို့၏ဖခင်ကြီးဖြစ်သူ ဦးမြင့်ဦး(ညွှန်ကြားရေးမှူး -ငြိမ်း၊ ဟိုတယ်/ခရီး)သည် ၂၄-၇-၂၀၂၀ (သောကြာနေ့) ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

OTS (၆၁) သီဟတပ်ခွဲမှသူငယ်ချင်းများ

ကန့်ကွက်နိုင်ကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အမှတ်(၇)ဈေး၊ ရုံ/(၄၊ ဆိုင်ခန်းအမှတ်-၄၊ ဆိုင်ခန်းအဌားခံရသူ ဒေါ်ရွှေစင်[၁၂/သကတ(နိုင်)၁၄၈၂၄၂]၊ ဆိုင်ခန်းမှတ်ပုံတင်စာအုပ်အမှတ် S-၃၉၂၀၂ ပျောက်ဆုံးသွားပါ၍ မိတ္တူမှန်ထုတ်ယူခွင့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် ကြေညာအပ်ပါသည်။

ဈေးများဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
သက်ဆိုင်ရာဈေးတာဝန်ခံ၏၊ ဖုန်းနံပါတ်-၀၉-၄၅၀၀၂၆၇၆၂

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၇)ရပ်ကွက်၊ အမှတ် (၄၂၆)၊ အကျယ်အဝန်း(အလျား ၄၀၀၀၀ အနံ ၆၀၀၀)ရှိ ဦးမောင်ထွန်း အမည်ပေါက် မြေချုပါမစ်မြေအမျိုးအစား မြေကွက်ကို ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဦးကျော်ဆန်း[၁၂/ဒပန(နိုင်)၀၄၀၆၀၀]ထံမှ ဦးသန်းဇော်[၁၂/ဥကတ(နိုင်)၁၅၁၅၂၇]က ဝယ်ယူမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း တရားဝင်စာရွက်စာတမ်းဖြင့် ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးသန်းဇော် [၁၂/ဥကတ(နိုင်)၁၅၁၅၂၇]
ဖုန်း-၀၉-၂၆၂၅၈၄၄၅၅

လင်မယားကွာရှင်းပြတ်စဲကြောင်း အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေအမှုသည် မုဟမ္မဒ်ရဖီး(ခ)ခင်မောင်ဦး[၁၂/လကန(နိုင်)၂၆၁၅၈] (ဘ) ဦးယာဗင်စန်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်သည်မှာ ကျွန်ုပ်၏အမှုသည်နှင့် ဂျဂီလာဘီ(ခ)ဒေါ်စန်းစန်းအေးတို့သည် ၂၀၀၃ ခုနှစ်ခန့်က အိမ်ထောင်ပြုထိမ်းမြားခဲ့ပြီး သမီးတစ်ဦး၊ သားတစ်ဦး ထွန်းကားခဲ့ပါသည်။ ကျွန်ုပ်၏အမှုသည်မှ ထိမ်းမြားစဉ်က ဂျဂီလာဘီ(ခ)စန်းစန်းအေးကို မဟရ်ရွှေ(ခန်းဝင်းကြေး) ရွှေတစ်မတ်သားအား လက်ငင်းပေးခဲ့ပြီးဖြစ်ပါသည်။ ကျွန်ုပ်အမှုသည်နှင့် ဂျဂီလာဘီတို့သည် စိတ်သဘောထားချင်း တိုက်ဆိုင်ခြင်းမရှိပါသဖြင့် လွန်ခဲ့သော(၇)နှစ်ခန့်ကပင် ပေါင်းသင်းနေထိုင်ခြင်းမရှိဘဲ ကွဲကွာနေခဲ့ကာ သားနှင့်သမီးကိုလည်း ဇနီးဖြစ်သူမှ ခေါ်ယူထားပါသည်။ ကျွန်ုပ်အမှုသည်မှ (၁၀-၆-၂၀၂၀)ရက်တွင် ဇနီးဖြစ်သူအား အစ္စလာမ်တရားတော်အရ သွယ်ဘက်တစ်ကြိမ်ပေး၍ ကွာရှင်းပြတ်စဲလိုက်ကြောင်း မြွက်ဟကြေညာလိုက်သဖြင့် ဂျဂီလာဘီနှင့် ကျွန်ုပ်၏အမှုသည်တို့သည် မည်သို့မျှပတ်သက်ခြင်းမရှိတော့ပါကြောင်းနှင့် တစ်ဦးစီ၏ကိုယ်ရေးကိုယ်တာကိစ္စရပ်များကို တစ်ဦးက နောင့်ယှက်ခြင်းမပြုလုပ်ရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစော်မင်းဦး(LL.B)
အထက်တန်းရှေ့နေ(စဉ်-၄၄၉၇၇)
အမှတ်-၁၅၃၊ ၅-လွှာ(A)၊ ဆိပ်ကမ်းသာလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၅၄၈၆၆၀၇

ဖခင်အမည်မှန်

ထားဝယ်မြို့၊ ရွှေလည်ဆွဲရပ်၊ ဆေးရုံလမ်း၊ အမှတ်(၂၈၉)နေ အထက(၃) ထားဝယ်၊ Grade10(C)မှ နေ့ဆန်းဒေး၏ဖခင် ဦးစောပုလဲ၏အမည်မှန်မှာ စောဆန်းဒါး [၆/ထဝန(နိုင်)၀၁၃၈၆] ဖြစ်ပါသည်။

စောဆန်းဒါး

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ရတနာမွန်အိမ်ရာရှိ တိုက်အမှတ်(၅-ဘီ)၊ အခန်းအမှတ်(၀၀၄)ကို အမည်ပေါက်ပိုင်ဆိုင်သူ ဦးစိန်အောင်(ဖခင်)မှတ်ပုံတင်အမှတ်[၁၂/ကတတ(နိုင်)၀၁၃၇၉၀]၊ ဒေါ်တင်အေးကြည်(မိခင်)၊ မှတ်ပုံတင်အမှတ်[၁၂/ကတတ(နိုင်)၀၁၄၁၅၅]နှင့် ဦးဇော်လင်းအောင် မှတ်ပုံတင်အမှတ်[၁၂/ကတတ(နိုင်) ၀၂၄၀၀](အစ်ကို)ဖြစ်သူတို့သည် အသီးသီး ကွယ်လွန်သွားပြီဖြစ်သဖြင့် အမွေဆက်ခံပိုင်ခွင့်ရရှိသူ ဦးနေလင်းအောင် မှတ်ပုံတင်အမှတ်[၁၂/ကတတ(နိုင်)၀၁၄၁၅၂၂]ထံမှ အထက်ဖော်ပြပါ တိုက်ခန်းကို စာချုပ်စာတမ်းဖြင့် ပြန်လည်၀ယ်ယူထားသူ ဦးအောင်စည်မွန်း မှတ်ပုံတင်အမှတ် [၁၂/လမန(နိုင်)၁၄၂၆၃၁]မှ တိုက်ခန်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာပါသည်။ ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစတင်၍ (၁၄) ရက်အတွင်း စာရွက်စာတမ်း အထောက်အထားများ ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၅၊ မြေကွက်အမှတ်-၁၈၂(က/ခ)၊ မြေကွက်တည်နေရာအမှတ်(၁၈၂၊ က/ခ)၊ ဝိဇောက်လမ်း၊ (၄၄) ထိုးချဲ့ရပ်ကွက်၊ (ဦးရီမောင်၊ ဦးကျော်လှိုင်) အမည်ပေါက်ပါမစ်မြေအမှား အမည်ပေါက် တစ်ဦးဖြစ်သူ ဦးကျော်လှိုင်သည် ၂၈-၁၁-၂၀၁၀ ရက်တွင် ကွယ်လွန်သဖြင့် ဇနီး ဖြစ်သူ ဒေါ်စီစီငြိမ်း [၁၂/ဥကမ(နိုင်) ၀၅၂၆၈၂]မှ အမွေဆက်ခံခွင့်ရှိကြောင်း မရမီးကုန်းမြို့နယ်ဝတရားရုံး ကျွမ်းကျိန်လွှာအမှတ်-၅၈၁/၂၀၁၉၊ သေစာရင်း၊ ပါမစ်ပျောက်ဆုံးကြောင်း ရပ်ကွက်အုပ်ချုပ်ရေးမှူး၊ ရဲစခန်းထောက်ခံချက်၊ ကိုယ်တိုင်ဝန်ခံချက်တို့တင်ပြ၍ ဦးရီမောင်[၁၂/ဥကမ(နိုင်)၀၅၂၆၈၂]နှင့် ဒေါ်စီစီငြိမ်း [၁၂/ဥကမ(နိုင်)၀၅၂၆၈၈]တို့မှ ဂရန်သစ် လျှောက်ထားလာခြင်းအပေါ် တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး(ခုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၊ မြေပေါက်ကံ၊ မြေကွက်အမှတ်-၇၈၊ မြေကွက်တည်နေရာအမှတ်(၇၈)၊ အင်းဝလမ်း၊ ၁၄/ ရွှေပေါက်ကံ၊ ဒု-အရာခံဗိုလ်မြအေး အမည်ပေါက်သူ ဒု-အရာခံဗိုလ်မြအေးထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူသူ ဦးသိန်းအောင် [၁၂/ဒဂန(နိုင်)၀၁၁၂၇၃] မှ ပါမစ်မစုံ(မိသားစုဓာတ်ပုံ၊ ရွှေပြောင်းသူများ၊ ရာဇဝင်အကျဉ်းချုပ်သာ တင်ပြ၍) ဂရန်သစ်လျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

ဌာနမှူး(ခုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြစီမံကိန်းလုပ်ငန်းတာဝန်ခံအဖွဲ့
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တောတောင်ပျက်ပြုန်းမြေဆီသဉ်းဇ၏

ဝမ်းနည်းကြေကွဲခြင်း
အဂ္ဂမဟာသီရိသုဓမ္မမဏိဓောတရ
သီရိသုဓမ္မမဏိဓောတရ
ဦးသန်းထွန်း (ကံ့ကော်ရွှေပြည်)
အသက် (၈၆) နှစ်

ဦးမျိုးဇော်အောင်(Nissan United Diamond Motor Co., Ltd & Suzuki United Dimo Co.,Ltd)-ဒေါ်မြမြစိုး(ခ)ဒေါ်မီးမီးတို့၏ချစ်လှစွာသောဖခင်ကြီးသည် ၂၇-၇-၂၀၂၀ (တနလ်ာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးသန်းမြင့်-ဒေါ်မိမိ
သိန်း-ချည်ချောလုံချည် အထည်စက်၊ ဝမ်းတွင်းမြို့

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးထွန်းမင်းဇော် (ငြိမ်း)
O.T.S (85) သီဟတပ်ခွဲ၊ B.A (Geography)
(ကျောက်ဆည်ခရိုင်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)
အသက် (၅၄) နှစ်

ဒေါ်ခင်သန်းမြင့်(ကထိက၊ ပထဝီဝင်ဌာန၊ ကျောက်ဆည်တက္ကသိုလ်)၏ခင်ပွန်း ဗိုလ်မှူးထွန်းမင်းဇော်(ငြိမ်း) (ကျောက်ဆည်ခရိုင်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန)သည် ၂၆-၇-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၉:၅၀ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

မော်လမြိုင်ကောလိပ်/တက္ကသိုလ်ပထဝီဝင်
ကျောင်းသား/သူဟောင်းများ
အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ်၊ ရန်ကုန်မြို့သစ်စီမံကိန်း၊ ပြန်လည်နေရာချထားသည့် အုပ်စု(RA)-(RA-2)၊ အကွက်အမှတ်(တ-၀၅)ရှိ ယာယီမြေပေးစိမ့်အမှတ် (၄၀၉၆/၂၀၂၀)အရ မြေကွက်အမှတ်(၀၀၂၅)၊ အကျယ်အဝန်း ပေ(၉၀x၈၀)ရှိ မြေကွက်၏အကျိုးခံစားခွင့်အရပ်ရပ်အား ၎င်းကိုယ်တိုင်အမည်ပေါက် ရရှိပိုင်ဆိုင်ပြီး တရားဝင်ရောင်းချခွင့်ရှိသူဟုဆိုသူ ဦးသိန်းဇော်မင်း[၁၂/ဥကမ(နိုင်)၀၀၀ ၀၁၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ညိုမာ(LL.B) အထက်တန်းရှေ့နေ(စဉ်-၃၅၇၇၆)
အမှတ်(13/B)၊ ရတနာလမ်း၊ (၁၆/၂)ရပ်ကွက်၊ သဃ်ိန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၃၀၆၆၅၈၀၊ ၀၉-၇၉၂၂၄၇၅၄

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ ပဲခူးစုရပ်ကွက်၊ မာဃလမ်းသွယ်(၂)၊ အမှတ်(၁၈)တွင် တည်ရှိသည့် အကွက်အမှတ်(၁၆)၊ ပဲခူးစုတောင်ကွက်၊ ဦးပိုင်အမှတ်(၁၃၇)၊ဧရိယာ(၀.၀၅၅)ဧကရှိ ဦးစိန်တင်အမည်ပေါက် ဂရန်မြေကွက်အတွင်းမှ ပေ(၂၀x၆၀)ရှိ မြေကွက်နှင့် မြေကွက်အပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်တစ်လုံးအပါအဝင် မြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင် ရောင်းချပိုင်ခွင့်ရှိသူများဟု ဝန်ခံကတိပြုသူ ဒေါ်လဲ့ရည်မြင့်(၁၁)ဦးဆန်းဝင်း[၁၂/သလန(နိုင်)၀၉၃၀၉၂]၊ ဒေါ်နှင်းရည်လွင်(၁၁)ဦးဆန်းဝင်း [၁၂/သလန(နိုင်)၁၁၁၈၂၆]၊ ဦးသန့်ဇင်ထွန်း(၁၁) ဦးချစ်ထွန်း[၁၂/သလန(နိုင်)၀၇၀၄၆၉]တို့ထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်မော်မော်မြင့်မှ အရောင်းအဝယ်ပြုလုပ်ရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

ဒေါ်သီရိဦး(LL.B,LL.M)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၃၀)
အမှတ်(၉)၊ မဂ္ဂင်လမ်း၊
ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။
ဖုန်း-၀၉-၄၂၀၁၃၉၇၆၊ ၀၉-၇၉၉၂၉၁၃၃၃

ဒေါ်ဝေဝေဖြိုး(LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၀၈၀၂)
ဒေါ်လွင်မာကျော်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၅၂၅၀၅)

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေပုဒ်မအမိန့်-၅၊ နည်းဥပဒေ-၂၀)
ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တရားရုံး
၂၀၂၀ခုနှစ်၊ တရားမကြီးမှုအမှတ်(၂၁)

ဒေါ်တင်အေးခိုင် နှင့် ၁။ ဒေါ်ခင်ရှိန်
၂။ ဦးသန့်စင်
တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၉၁)ရပ်ကွက်၊ အမှတ် (၂၁၅)နေ ဒေါ်ခင်ရှိန် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ဂရန်မိတ္တူလျှောက်ထားရန်နှင့် မြေကွက်အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပြုလုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၀ခုနှစ်၊ ဩဂုတ်လ ၁၀ရက်(၁၃၈၂ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၇ရက်)၊ မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်နေ့တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ (သို့မဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၀ခုနှစ်၊ ဇူလိုင်လ ၂၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်မျိုးအေး)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တရားရုံး

ငြင်းချက်ထုတ်ရန်ဆင့်စာ
တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၁ နှင့် ၅
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၌
၂၀၁၉-ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉၆

ဦးသန်းစိန်(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဒေါ်နယ်လီအောင်) နှင့် ၁။ ဦးသိန်းထွန်း
၂။ ဒေါ်နွယ်နွယ်ဝင်း
၃။ ဦးသန်းဝေ
တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၂)ရပ်ကွက်၊ ဗိုလ်လင်းယုန်လမ်း၊ အမှတ်(၉၆၃)နေ (၂) တရားပြိုင် ဒေါ်နွယ်နွယ်ဝင်း (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးစေလိုမှု စွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ (၁၇)ရက် (၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်) နေ့မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်နေ့တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ (သို့မဟုတ်) သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ်၊ နှလိုင်လ (၁၇) ရက်၌ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ညီမိလတ်)
ဒုတိယခရိုင်တရားသူကြီး(၁၂)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးကြောင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးသိန်းဇော် (ခ) မိုဟာမက်ဟူစိန် [၁၂/တမန(နိုင်)၁၂၀၁၆၁] နှင့် မဆွမွန်ထွေး(ခ)အာဘောဘား (PBDN-၀၁၁၄၇၄) တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်ကြတော့သဖြင့် အစ္စလာမ်တရားတော်နှင့်အညီ (၂၇-၇-၂၀၂၀) ရက်တွင် အမှတ် (၃၂၃)၊ ဗိုလ်ဆွန်ပတ်လမ်း (အထက်)၊ (၈)ရပ်ကွက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံလုံးဆိုင်ရာ မော်လဝီများအဖွဲ့ချုပ်(ဗဟို) ရုံး၊ ဂုဏ်သရေရှိလူကြီးမင်းများနှင့် စာချုပ်ပါသက်သေများရှေ့တွင် နှစ်ဦးသဘောတူလက်မှတ်ရေးထိုး ကွာရှင်းပြတ်စဲပြီး တစ်ဦးစီ၏တောင်းဆိုမှုကို တစ်ဦးကလိုက်လျောပြီး နှစ်ဦးသဘောတူ ကျေနပ်လက်ခံဆောင်ရွက်ပြီး၍ (၂၇-၇-၂၀၂၀) ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးသိန်းဇော် (ခ) မိုဟာမက်ဟူစိန်
[၁၂/တမန(နိုင်)၁၂၀၁၆၁]
ဖုန်း-၀၉-၄၂၆၅၂၆၉၄

လွှဲအပ်ညွှန်ကြားချက်အရ
ဦးမြတ်သန်းဦး
B.A (Econ:) H.G.P,D.A(1)
အထက်တန်းရှေ့နေ (စဉ်-၁၀၂၂၀)
အမှတ်(၃၃)၊ ၁၁၀လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၆၂၇၂၆၂၅

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဗိုလ်မှူးမောင်ကျော် (ငြိမ်း)

OTS-30 ၊(ကြည်း-၁၀၂၂၅)

အသက် (၈၁) နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်းမကြီး၊ အမှတ် (၅၄)၊ အခန်း(4-B)နေ (ဦးမောင်မောင်-ဒေါ်ငွေဇင်)တို့၏သားကြီး၊ ဦးပုည၊ ဒေါ်နွဲ့၊ ဒေါ်လဲ့၊ ဦးဝင်းညွန့်တို့၏ အစ်ကိုကြီး၊ ဒေါ်ခင်အေးမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ ခင်မျိုးသူ၊ မေစိုးသူ၊ ထက်အိဖြူတို့၏ ဖခင်၊ မြေးလေးယောက်တို့၏အဘိုး ဗိုလ်မှူးမောင်ကျော်(ငြိမ်း)သည် ၂၇-၇-၂၀၂၀ (တနလ်ာနေ့) နံနက် ၁၁:၃၀ နာရီတွင် ကွယ်လွန်အနိစ္စဓောက်သွားပါသဖြင့် ၂၉-၇-၂၀၂၀ ရက် နံနက် ၈ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီး မိတ်ဆွေများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပုသိမ်အသင်း(ရန်ကုန်)
(ကုံကော်ရွှေပြည်)၊ ဥက္ကဋ္ဌ-ငြိမ်း
SMIDB

ဦးသန်းထွန်း (၈၆)နှစ်

ပုသိမ်မြို့နေ (ဦးလှထွန်း-ဒေါ်မြခင်) တို့၏ သား၊ စစ်တွေမြို့နေ (ဦးမောင်မောင်လှ-ဒေါ်စံသာ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ ပြည်တော်အေးရိပ်သာ၊ အမှတ်(၃-က)နေ ဒေါ်မြသွေး၏ခင်ပွန်း၊ ဦးဇော်ဝင်းဦး (CEO, Bright Time Co.,Ltd.)-ဒေါ်စုစုရွှေ ဦးမျိုးဇော်အောင် (Nissan United Diamond Motor Co.,Ltd. & Suzuki United Dimo Co.,Ltd.) - ဒေါ်မြမြိုး(ခ)ဒေါ်မီးမီး၊ (ဦးထွန်းထွန်းလှိုင်)-ဒေါ်ကိုတာဇင်ငင်သူ၊ ဦးမြတ်သူ-ဒေါ်စုစုမာ၊ ဦးမင်းသိမ်း (ညွှန်ကြားရေးမှူးချုပ်၊ သံတမန်ရေးရာဦးစီးဌာန)၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်မျိုးပထွန်း (သံမှူးကြီး၊ မြန်မာအဖွဲ့ရုံး၊ ဂျီနီဗာမြို့)၊ (ဦးမျိုးမင်းထွန်း)တို့၏ ဖခင်ကြီး၊ အဂ္ဂမဟာ သီရိသုဓမ္မမဏိဓောတရ၊ သီရိသုဓမ္မမဏိဓောတရ ပုသိမ်အသင်း(ရန်ကုန်) ဂုဏ်ထူးဆောင် နာယကကြီး ဦးသန်းထွန်းသည် ၂၇-၇-၂၀၂၀ (တနလ်ာနေ့) မွန်းလွဲ ၁၂:၂၃ နာရီတွင် ကန်သာယာအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များ သိရှိနိုင်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဘဒ္ဒန္တအရိယဝံသ မဟာထေရ်

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

သိက္ခာတော် (၆၁)ဝါ၊ သက်တော် (၈၁) နှစ်

မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၊ စဉ့်ကိုင်ကျေးရွာနေ ခမည်းတော် ဦးဘရင်၊ မယ်တော် ဒေါ်ငွေသိန်းတို့၏ ဒုတိယသားတော်၊ ဦးစံဝင်း၏ညီ၊ ဦးမြအေး၏အစ်ကို၊ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ ကျားကူးဓမ္မဗိမာန်ကျောင်း၊ နာယကဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တအရိယဝံသ မဟာထေရ်(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)သည် (၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၉ ရက်) ၂၈-၇-၂၀၂၀ (အင်္ဂါနေ့) နံနက် ၄:၅၀ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၁၃ ရက်) ၁-၈-၂၀၂၀ (စနေနေ့) နံနက် ၈ နာရီတွင် ကျားကူးဓမ္မဗိမာန်ကျောင်းတိုက်၌ သရဏဂုံတင် ရက်လည်ဆွမ်းဆက်ကပ်ပြီး ကြွေးကျန်ရစ်သောဥစ္စာတရုံရုပ်ကလာပ်တော်ကို ရေဝေးသုသာန်၌ အဂ္ဂိဈာပန ပူဇော်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာများ၊ ဒါယကာများ၊ ဒါယိကာမများ၊ ဆွေတော် မျိုးတော် အပေါင်းတို့အား အသိပေးအပ်ပါသည်။ (ကျားကူးဓမ္မဗိမာန်ကျောင်းတိုက်ရှေ့မှ ကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။)

ကျားကူးဗိမာန် နာယကများနှင့်
တပည့် သံဃာ၊ ဒါယကာ၊ ဒါယိကာမများ

ခရစ်တော်၌အိပ်ပျော်ခြင်း

ဒေါ်နမ်းခိုင်

အသက် (၈၃) နှစ်

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ လိမ်ခိုင်ကျေးရွာနေ (ဦးထန်ကမ်း-ဒေါ်ညောင်ဝိုး)တို့၏ စတုတ္ထသမီး၊ (ဦးထောင်ခန်းနန့်)၊ ဦးကမ်ချင်မုန်-ဒေါ်ရွှေသက်လျန်(USA)၊ (ဦးထောင်ကျင့်ဒါလ်း)၊ ဦးဝီလျံလမ့်နိုး-ဒေါ်နန်ထန်တို့၏ မွေးသမီခင်၊ မြေးခြောက်ယောက်တို့၏အဘွားသည် ၂၅-၇-၂၀၂၀ (စနေနေ့) မွန်းလွဲ ၂:၅၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၉-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးစောရွှေ (ငြိမ်း)

အသက် (၈၂) နှစ်

ဂုဏ်ထူးဆောင်နာယကကြီး ဗိုလ်မှူးကြီးစောရွှေ(ငြိမ်း)သည် ၂၄-၇-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

အမှတ်(၂) အဗိုးရအထက်တန်းကျောင်း (ဟုမ်းလမ်း/ထီးတန်း) ကြည့်မြင်တိုင် ကျောင်းသား/သူပြောင်းများအသင်း

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်မြိုင်

အသက်(၈၉)နှစ်

သူငယ်ချင်း ဦးမျိုးဆွေ-ဒေါ်မိုမိုမြင့်တို့၏မိခင် ဒေါ်ခင်မြိုင်သည် ၂၆-၇-၂၀၂၀ (တနင်္ဂနွေနေ့) တွင် ကွယ်လွန် သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

RIT 1980-1983 B.E (EC/EP) အတန်းဖော်သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
အဂ္ဂမဟာသီရိသုဓမ္မမဏိဓောတရ
သီရိသုဓမ္မမဏိဓောတရ

ဦးသန်းထွန်း
(ကုံကော်ရွှေပြည်)၊ ဥက္ကဋ္ဌ-ငြိမ်း SMIDB

အသက်(၈၆)နှစ်

သူငယ်ချင်းဒေါ်ဝင်းဦး (CEO, Bright Time Co.,Ltd.)-ဒေါ်စုစုရွှေတို့၏ ချစ်လှစွာသောဖခင်ကြီးသည် ၂၇-၇-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

အမှတ်(၂)ဒေသကောလိပ်(လှိုင်)
RC.2 – 1st Batch
ရေထွက်ပန္ဓဉ်းလုပ်ငန်းအတတ်ပညာဌာန
သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး
အဂ္ဂမဟာသီရိသုဓမ္မမဏိဓောတရ
သီရိသုဓမ္မမဏိဓောတရ

ဦးသန်းထွန်း
(ကုံကော်ရွှေပြည်)၊ ဥက္ကဋ္ဌ-ငြိမ်း SMIDB

အသက်(၈၆)နှစ်

Bright Time Co., Ltd. CEO ဦးဇော်ဝင်းဦး-ဒေါ်စုစုရွှေတို့၏ဖခင် ဦးသန်းထွန်းသည် ၂၇-၇-၂၀၂၀ (တနလ်ာနေ့) မွန်းလွဲ ၁၂:၂၃ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမျိုးသိန်း-ဒေါ်ကေခိုင်
မိသားစုနှင့် ဝန်ထမ်းများ
(ဓနသီဟကုမ္ပဏီလိမိတက်)

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ မုဒိဦး၊ ရေတွင်း ဒါယကာကြီး

ဦးဟုတ်စွမ်(ခ)အင်ဟုတ်စွမ် (စံနိုင်အောင်ဝိုင်ရှင်)

အသက်(၉၇)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရွှေရတနာလမ်း၊ ခြံအမှတ် (၆၆)နေ (ဦးဘောဂ-ဒေါ်ပန်းအို)တို့၏ တစ်ဦးတည်းသောသား၊ (ဦးအောင်ရောက်ကီး-ဒေါ်လီတာ)တို့၏ သားသမက်၊ (ဒေါ်အောင်ခင်ကြူး)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်အုန်းမြင့်၊ ဒေါ်သင်းသင်းအေး၊ ဦးစံရွှေ-ဒေါက်တာသင်းသင်းခိုင်၊ ဦးကိုကိုနိုင်-ဒေါက်တာမြင့်မြင့်ရီ၊ ဦးသန်းအောင်-ဒေါက်တာခိုင်နွယ်ဦးတို့၏ ချစ်လှစွာသော မွေးသဖခင်ကျေးဇူးရှင်၊ ဒေါက်တာနှင်းအိအိစံ၊ မဖူးပွင့်ကိုကို (Final Part II, UM 1)၊ မထက်အိအိစံ (Final Year, YUFL)၊ မောင်နေမျိုးနိုင် (3rd MB, UM1)၊ မောင်စိုင်း ဝဏ္ဏထွန်း (Grade II, T.T.C)၊ မဆုချမ်းမြေ့စံ (Grade-9, T.T.C)တို့၏ ချစ်လှစွာသောအဘိုးသည် ၂၈-၇-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၀:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၇-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၃၀-၈-၂၀၂၀ (တနလ်ာနေ့) နံနက် ၈ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်မြမိန် (ကျိုက်လတ်)

မြန်မာ့ဆက်သွယ်ရေး၊ လုပ်ငန်းစစ်(ငြိမ်း)

အသက်(၇၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ကျိုက်လတ်မြို့နေ (ဦးဘသိန်း-ဒေါ်စောခင်)တို့၏ သမီးလတ်၊ (ဦးလှမြင့်)-ဒေါ်မြင့်မြင့်၊ (ဦးလှထွေး)-ဒေါ်တင်တင်အေးတို့၏ ညီမ/အစ်မ၊ ရန်ကုန်မြို့၊ အမှတ်(၄၉)၊ (4-A)၊ အသောကလမ်း၊ နတ်ချောင်းရပ်ကွက်၊ တာမွေမြို့နယ်နေ ဦးသန်းကြွယ် (မြန်မာ့မနောကုမ္ပဏီ)-ဒေါ်မြမြခိုင်၊ ဦးအောင်နိုင်ထွန်း (ညွှန်ကြားရေးမှူး-ငြိမ်း၊ လယ်/ဆည်) အသက်(၆၄)နှစ်သည် ၂၅-၇-၂၀၂၀ (စနေနေ့) နံနက် ၁:၁၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်း သိရပါသဖြင့် မြန်မာနိုင်ငံဆရာဝန်အသင်း (မျက်စိရောဂါပညာအဖွဲ့)အနေဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း
(မျက်စိရောဂါပညာအဖွဲ့)

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၈-ဝါဆို)၊ မြေကွက်အမှတ်(၄၃၈)၊ ဧရိယာ ပေ(၂၅၄၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် ဧရိယာ ပေ(၁၂၁ x၅၀) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်၊ အောင်တံခွန်လမ်း၊ အမှတ်(၁၂)ဟုခေါ်တွင်သည့် နေအိမ်အဆောက်အအုံနှင့်တကွ လျှပ်စစ်မီတာ (၁)လုံးအပါအဝင် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်များ အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်ကြသော **ဒေါ်ရင်ရွှေ[၁၂/ဒပန(နိုင်)၀၁၂၉၇၁]၊ ဦးထွန်းမြင့်အောင်[၁၂/ဒပန(နိုင်)၀၀၃၇၈၆]၊ ဦးသိန်းအောင် (P/RGN-၀၀၁၀၅၁)**ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)
LL.B,DBL,DML,DIL,DLP,WIPO(Switzerland)
ဒေါ်အေးအေးဖိုး(လိုင်စင်-၅၈၂၇)
B.Sc,Hon(IC),HGP,R.L,D.B.L.
တရားလွှတ်တော်ရှေ့နေများ
အမှတ်(၂၇)၊ ၁၂-လမ်း၊ မဂ်လာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
Tel:294766 HP:09-5017044

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ (၁၀)ရပ်ကွက်၊ ၃၁-လမ်း(အလယ်)၊ အမှတ်(၁၁၆)၊ မြေညီတိုက်ခန်းနှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်။

အထက်ပါတိုက်ခန်းကို အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်ကြသော **၁။ ဒေါ်စန်းရီ[၁၂/အစန(နိုင်) ၀၂၈၄၀၄]၊ ။ ၂။ ဒေါက်တာစိုးမိုး [၁၀/မလမ(နိုင်) ၀၀၉၈၇၃၉]၊ ၃။ ဦးစိုးပိုင်[၁၀/မလမ(နိုင်)၀၀၉၈၇၂၉]၊ ၄။ ဒေါ်သီတာ [၁၀/မလမ (နိုင်)၁၃၀၀၉၃၁]၊ ၅။ ဦးကိုကိုနိုင် [၁၀/မလမ(နိုင်) ၁၃၀၀၉၃၂]၊ ၆။ ဦးသန်း၀င်း(ခ) ဦးသန်းကျော် [F/RGN- ၀၁၈၀၁၉]** တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား အပြည့်အစုံဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည် ဖြစ်ပါကြောင်း။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)
LL.B, DBL, DML, DIL, DLP, WIPO (Switzerland)
ဒေါ်အေးအေးဖိုး(လိုင်စင်-၅၈၂၇)
B.Sc, Hon (IC),HGP, R.L, D.B.L.
တရားလွှတ်တော်ရှေ့နေများ
အမှတ်(၂၇)၊ ၁၂-လမ်း၊ မဂ်လာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
Tel: 294766 HP: 09-501 7044

သစ်တောမှန်လျှင် အသုံးဝင်အစဉ်ထာဝရထိန်းသိမ်းကြ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးထွန်းရိုန် (ထားဝယ်)

မြို့ပြအင်ဂျင်နီယာချုပ် (ငြိမ်း) ၊ ပြည်တွင်းရေကြောင်းဦးစီးဌာနရေး

အသက် (၈၉) နှစ်

သူငယ်ချင်း Dr. ကိုကိုနိုင် – ဒေါ်နန်းပြိုးယဉ် (UK)
တို့၏ ချစ်လှစွာသောဖခင်သည် (၂၄.၇.၂၀၂၀)
သောကြာနေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့်
မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။
ကောင်းရာသုဂတိလားပါစေ။

Class Of 1987 IM(1) အဖွဲ့ရ သူငယ်ချင်းများ

ဝမ်းနည်းကြေကွဲခြင်း

မြောက်ဥက္ကလာပဆေးရုံကြီး မျက်စိရောဂါပညာဌာနမှ မျက်စိအထူးကုဆရာဝန် ဒေါက်တာနှင်းယုဝင်း၏ ချစ်လှစွာသော ဖခင် ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး ဦးခင်မောင်ဝင်း (လ/ထ ညွှန်ကြားရေးမှူး-ငြိမ်း၊ လယ်/ဆည်) အသက်(၆၄)နှစ်သည် ၂၅-၇-၂၀၂၀ (စနေနေ့) နံနက် ၁:၁၀ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားကြောင်း သိရပါသဖြင့် မြန်မာနိုင်ငံဆရာဝန်အသင်း (မျက်စိရောဂါပညာအဖွဲ့)အနေဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

မြန်မာနိုင်ငံဆရာဝန်အသင်း
(မျက်စိရောဂါပညာအဖွဲ့)

ဝမ်းနည်းကြေကွဲခြင်း

ဦးသန်းထွန်း

အသက်(၈၆)နှစ်

နိုင်ငံခြားရေးဝန်ကြီးဌာန၊ သံတမန်ရေးရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်ဦးမင်းသိမ်း-ဂျီနီဗာမြို့၊ မြန်မာအမြဲတမ်းကိုယ်စားလှယ်အဖွဲ့ရုံးမှ သံမှူးကြီး ဒေါ်မျိုးပပထွန်း တို့၏ ဖခင်ဖြစ်သူ ဦးသန်းထွန်းသည် ၂၇-၇-၂၀၂၀ (တနလ်းနေ့) မွန်းလွဲ ၁၂:၂၃ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန၊
ပြည်ထောင်စုဝန်ကြီးနှင့်
နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်းဒါယကာကြီး
အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ
သီရိသုဓမ္မမဏိဇောတဓရ

ဒေါက်တာ သန်းထွန်း
(ကံ့ကော်ရွှေပြည်)၊ ဥက္ကဋ္ဌ (ငြိမ်း)၊ SMIDB

အသက် (၈၆) နှစ်

ပုသိမ်မြို့နေ (ဦးလှထွန်း-ဒေါ်မြခင်)တို့၏ သား၊ စစ်တွေမြို့နေ (ဦးမောင်မောင်လှ-ဒေါ်စံသာ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ကမ္ဘာအေးစေတီလမ်း၊ ပြည်တော်အေးရိပ်သာ၊ အမှတ်(၃-က)နေ ဒေါ်မြသွေး(ကံ့ကော်ရွှေပြည်)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်ဝင်းဦး (CEO, Bright Time Co., Ltd)-ဒေါ်စုစုရွှေ၊ ဦးမျိုးဇော်အောင်(Nissan United Diamond Motor Co.,Ltd & Suzuki United Dimo Co., Ltd)-ဒေါ်မြမြစိုး(ခ)ဒေါ်မီးမီး၊ (ဦးထွန်းထွန်းလှိုင်)-ဒေါက်တာဇင်ဇင်သူ၊ ဦးမြတ်သူ-ဒေါ်စုစုမာ၊ ဦးမင်းသိမ်း(ညွှန်ကြားရေးမှူးချုပ်၊ သံတမန်ရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်မျိုးပပထွန်း(သံမှူးကြီး၊ မြန်မာအဖွဲ့ရုံး၊ ဂျီနီဗာမြို့)၊ (ဦးမျိုးမင်းထွန်း) တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး၊ (နွေးဒါလီထွန်း)၊ ရဲဒေဝါထွန်း-လှိုင်ဝတ်ရည်ဦး၊ သိမ့်သဥ္ဇာအောင်၊ ဖုန်းဇေယျာဝင်း-စုယူဇာဇော်၊ ပြည့်ဖြိုးကျော်၊ အောင်မြတ်ကျော်၊ ဆုပြည့်စုံ၊ မြကြာဖြူ၊ ရှင်းသန့်ထွန်းအောင်၊ ထက်မြတ်မင်း၊ ကောင်းခန့်မင်းတို့၏ ချစ်လှစွာသောဒယ်ဒီကြီး၊ မြစ်နှစ်ယောက်တို့၏အဘိုးသည် ၂၇-၇-၂၀၂၀ ရက် မွန်းလွဲ ၁၂:၂၃ နာရီတွင် ကန်သာယာအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးစိန်ညွှန့်(မြန်မာ့မီးရထား-ငြိမ်း) (တစည-ပါတီ)

(ဓမ္မာရုံအကျိုးတော်ဆောင်)

အသက် (၈၀)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ သိမ်ဖြူမီးရထားဝင်း၊ လိုင်း(၁၃၈)၊ အခန်း(F)နေ (ဦးနောင်း-ဒေါ်တင်ညွှန့်)တို့၏သား၊ (ဦးမောင်တင်-ဒေါ်ကြည်)တို့၏ သားသမက်၊ ဦးတင်ကြည်(လ/စ)-ဒေါ်ခင်စန်းဝင်း၊ ဦးစိုးတင့်-ဒေါ်ဆင့်ဆင့်မော်၊ ဦးအေးသန်း-ဒေါ်ဇာခြည်ဦး၊ ဦးစိုးဝေဝင်း-(ဒေါ်မြင့်မြင့်အေး)တို့၏ဖခင်၊ မြေးခုနစ်ယောက်၊ မြစ် တစ်ယောက်တို့၏အဘိုး၊ (ဒေါ်သန်းမြင့်)၏ ချစ်လှစွာသောခင်ပွန်းသည် ၂၇-၇-၂၀၂၀ ရက် နံနက် ၃ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၂၀ ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးမောင်မောင်လေး

အသက် (၇၂) နှစ်

ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ (၇၁) ရပ်ကွက်၊ အမှတ်(၂၃၉စ-က)နေ (ဦးကျင်တိန်း)-ဒေါ်သန်းတင်တို့၏သား၊ (ဦးတင်မြင့်-ဒေါ်သန်းမြ)တို့၏သားသမက်၊ ဒေါ်ခင်သက်လွင်၏ခင်ပွန်း၊ မောင်ထက်လင်း-မမှုမှုစန်း၊ မောင်အာကာလင်း၊ မောင်ဇော်လတ်-မခင်စန္ဒာလင်းတို့၏ ကျေးဇူးရှင်ဖခင်၊ မောင်အောင်ပြည့်စုံ၊ မောင်ရဲဝင်းအောင်တို့၏အဘိုးသည် ၂၇-၇-၂၀၂၀ ရက် ည ၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၂၀ ရက် မွန်းလွဲ ၁ နာရီတွင် ကျိစုသုသာန်၌ မီးသင်္ဂြိဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဦးနေနိုင်မင်းထွန်း

အသက်(၄၇)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၅၂)လမ်း၊ အမှတ်(၂၆/၂၈)၊ ခြောက်လွှာနေ (ဦးသန်းထွန်း)-ဒေါ်ခင်ဆွေဝင်းတို့၏ သားလတ်၊ (ဦးလှသိန်း)-ဒေါ်နီနီဝင်းတို့၏ သားမက်၊ ဦးအေးမင်းထွန်း၊ ဒေါ်အေးမာမာထွန်း၊ ဦးဇင်မင်းထွန်းတို့၏ ညီ/မောင်၊ ဦးလှိုင်ဝင်းမင်းထွန်း ၏ အစ်ကို၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ဓနသိဒ္ဓိလမ်း၊ အမှတ်(၂၈)၊ လေးလွှာနေ ဒေါ်ပန်းဇာဖြူ ၏ ခင်ပွန်း၊ မချစ်စုမြတ်နိုး၊ မဖြူစင်မြတ်နိုး၊ မောင်ခန့်သိဒ္ဓိမင်းထွန်းတို့၏ ချစ်လှစွာသောဖခင်၊ တူ/တူမ ၁၁ ယောက်တို့၏ ဦးလေးသည် ၂၈-၇-၂၀၂၀(အင်္ဂါနေ့)၊ နံနက် ၈နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၃၀-၇-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူးး၍ ၁-၈-၂၀၂၀ (စနေနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ ဗိုလ်တထောင်၌ လည်းကောင်း၊ ၃-၈-၂၀၂၀ (တနလ်းနေ့)နံနက် ၇ နာရီမှ ၁၀ နာရီအထိ မရမ်းကုန်းနေအိမ်၌လည်းကောင်း ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဒေါ်ခင်ခင်အေး

အသက်(၈၈)နှစ်

B.A.,B.L.

ဌာနမှူး၊ စက်မှု-၁(ငြိမ်း)

လက်ပံတန်းမြို့နေ (ဦးစိန်လွန်း-ဒေါ်ဒေစော)တို့၏ သမီး၊ တောင်ငူမြို့နေ (ဦးဘိုးဘ-ဒေါ်လွန်း)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ ကွန်ဒို(A)၊ အခန်း(၉၀၁)၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်နေ [လေယာဉ်မှူးကြီး ဦးအောင်စိုး(ငြိမ်း၊ မြန်မာ့လေကြောင်း)]၏ ချစ်လှစွာသောနှမ၊ ဦးစတန်လီအောင်စိုး၊ ဒေါ်ဌမ္မာအောင်စိုး၊ ဦးမစိုးကီအောင်စိုးတို့၏ ချစ်လှစွာသော မိခင်၊ မောင်ကင်းဒရစ်အောင်စိုး၊ မပေါ်လင်းအောင်စိုးတို့၏ အဘွား၊ တူ/တူမ ၁၅ ယောက်တို့၏ အဒေါ်သည် ၂၂-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၆:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၇-၂၀၂၀ (ကြာသပတေးနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူးး၍ ၂၈-၇-၂၀၂၀ (အင်္ဂါနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူပြီးဖြစ်ပါကြောင်း ရပ်နီးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။] မိခင်ကြီး နာမကျန်းစဉ်မှစ၍ အဘက်ဘက်မှ ပိုင်းဝန်းကူညီစောင့်ရှောက် ဆောင်ရွက်ပေးသူအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်ကြည် (မြောင်းမြ)

အသက် (၉၅) နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ရွှေလှိုင်လမ်း၊ အမှတ်(၆၃)နေ (ဦးမြင့်သိန်း)၏ ဇနီး၊ ဦးလွန်းခင်-ဒေါ်သန်းမြင့်(မိုးတခွန်းတိုက်)တို့၏ အစ်မ၊ အမှတ်(၁၀၉/၄)၊ ဓမ္မစေတီလမ်းနေ ဦးခင်မောင်ဆန်း-ဒေါ်မြင့်မြင့်ဇော်၊ ဦးတင့်ဆွေ-ဒေါ်မြင့်မြင့်မော် (အထက-၁၊ ငြိမ်း)၊ ဦးရဲလွင်-ဒေါ်ခင်ခင်ဦး၊ ဦးစိုးလွင်-ဒေါ်ဖြူဖြူမြင့်၊ ဦးညီညီ-ဒေါ်ခင်မြင့်ခိုင်(ခ) ဒေါ်ချို၊ ဦးမြင့်စိုး-ဒေါ်ခင်မြင့်နိုင်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၃ ယောက်၊ မြစ်ခြောက်ယောက်တို့၏အဘွား ဒေါ်တင်ကြည်သည် ၂၇-၇-၂၀၂၀ (တနလ်းနေ့) မွန်းလွဲ ၁:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာမကြီး

ဒေါ်ယဉ်ယဉ်စိုး(ခ)ဒေါ်ရီလာ

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ ဦးမြင့်စိုး-ဒေါ်ရိမ်တို့၏ သမီးကြီး၊ (ဦးခင်မောင်ရင်-ဒေါ်ခင်စန်းအေး)တို့၏ သမီးချွေးမ၊ ဦးသာထွန်းစိုး-ဒေါ်ကြည်ကြည်ဝင်း၊ ဦးအောင်ကြည်စိုး-ဒေါ်အေးအေးရွှေ၊ ဒေါ်မိမိစိုး-ဦးသက်နိုင်တို့၏ အစ်မ၊ ကိုလွှမ်းမိုး-မနှင်းအင်ကြင်း၊ မခိုင်ဖူးဝေတို့၏ မိခင်၊ Singapore နိုင်ငံ၊ Lengkok Bahru နေ ဦးစိုးပိုင် (83/BE Mech) ၏ ချစ်လှစွာသောဇနီးသည် ၂၇-၇-၂၀၂၀ (တနလ်းနေ့) စင်ကာပူစံတော်ချိန် မွန်းလွဲ ၂:၂၀ နာရီတွင် အထက်ပါနေအိမ်၌ ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ၂၈-၇-၂၀၂၀ (အင်္ဂါနေ့) ညနေ ၅:၄၅ နာရီတွင် Singapore နိုင်ငံ၌ မီးသင်္ဂြိဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးကံထွန်းကြည်

အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အင်းယားလမ်း၊ အမှတ်(၆၈/E)နေ (ဦးကြည်-ဒေါ်တင်တင်)တို့၏ တစ်ဦးတည်းသောသား၊ ဒေါ်ယဉ်မျိုးစု၏ ချစ်လှစွာသောခင်ပွန်း၊ ကိုနိုင်ဝင်း-မကြည်ဇော်၀င့်၊ ကိုအောင်ဦးကြည်(ခေတ္တ-USA)တို့၏ ကျေးဇူးရှင် မွေးသဖခင်သည် ၂၇-၇-၂၀၂၀ (တနလ်းနေ့) ည ၁၁ နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၉-၇-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၅ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဗိုလ်လောင်း မောင်ပြည့်ဖြိုးအောင်

အသက်(၂၃)နှစ်

တပ်မတော်နည်းပညာတက္ကသိုလ်၊ အပတ်စဉ်-၂၅

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရေတာရှည်လမ်းသစ်၊ တိုက်အမှတ်-၁၀၊ အခန်း(B-6) နေ ဦးဝဏ္ဏ-ဒေါ်စိုးအိအိအောင် တို့၏ ချစ်လှစွာသော သားကြီး၊ မောင်ရဲရင့်အောင်၏ အစ်ကိုသည် ၂၅-၇-၂၀၂၀ (စနေနေ့) ညနေ ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၇-၂၀၂၀ (တနလ်းနေ့) မွန်းလွဲ ၁ နာရီတွင် ပြင်ဦးလွင်မြို့၊ ၈ မိုင် သုသာန်၌ သင်္ဂြိဟ်ပြီးဖြစ်ပါကြောင်း မိတ်ဆွေ၊ ဆွေမျိုးများအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူးး၍ ၃၁-၇-၂၀၂၀ (သောကြာနေ့) နံနက် ၁၀:၃၀ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

မစ္စတာစတန်လီအိတ်ချ်ပီတာ့စ် (Mr.Stanley.H.Peters)

အကျိုးဆောင်ဘဏ္ဍာထိန်း (ရှင်ဂါဗြေလ၊ အက်စ်.ပီ.ဂျီ အသင်းတော်)

အသက် (၈၈) နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ လမ်း(၅၀)(အလယ်)၊ အမှတ်(၇၄)၊ ပထမထပ်(ယာ)နေ (ဦးလာဇရက်စ်ပီတာ့စ်-ဒေါ်ဟယ်နာပီတာ့စ်)တို့၏သား၊ (ဒေါ်ရူဘီပီတာ့စ်)၏ခင်ပွန်း၊ ဒေါ်ရှားလတ်ပီတာ့စ်(World Vision)၊ ဦးပရင်စတန်ပီတာ့စ်-ဒေါ်ဆရီးန်ပီတာ့စ်(စင်ကာပူ)၊ (မရီလာပီတာ့စ်)၊ ဦးဂလန်းသာစတန်ပီတာ့စ်(People Express Transportations Services)-ဒေါ်လှလှမျိုးတို့၏ချစ်လှစွာသောဖခင်၊ မောင်ဝင်စတန်ပီတာ့စ်၊ မောင်ဂျွန်ရိုင်ယန်ပီတာ့စ်၊ မမာ့စီးပီတာ့စ်တို့၏ချစ်လှစွာသောအဘိုး မစ္စတာစတန်လီအိတ်ချ်ပီတာ့စ်သည် ၂၈-၇-၂၀၂၀ ရက် မွန်းလွဲ ၁၂:၄၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၉-၇-၂၀၂၀ ရက် ညနေ ၃ နာရီတွင် ရေဝေးခရစ်ယာန်သုသာန်၌ ဝတ်ပြုပြီးမြေမြှုပ်သင်္ဂြိဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု



မူးယစ်ကို
ပစ်
ပန်းတိုင်သစ်
စိတ်သစ်
လူသစ်
ဘဝသစ်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန်၊ ဇရပ် ဒါယိကာမကြီး

ဒေါ်ရွှေခင် (စစ်တွေ-ရန်ကုန်)

အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ မြဇေယျာလမ်း၊ (၆/ခ၊ ခြောက်လွှာ)နေ (ဦးကျော်ဇောအောင်-ဒေါ်သိန်းတင်)-ဒေါ်လှစံသာတို့၏ သမီးလတ်၊ [ဦးထွန်းအောင်ခိုင် (ဦးဥတ္တမ)-ဒေါ်စံရွှေဖြူ]တို့၏ သမီးချွေးမ၊ ဒေါ်ဌေခင်ဦး-ဦးသောင်းရွှေတို့၏ ညီမ၊ ဒေါ်ခင်သန်းနု-ဦးသန်းစိုး၊ ဦးကျော်တင်-ဒေါ်မြသူဇာ၊ ဦးအောင်တင်-ဒေါ်ခင်မြအေး၊ ဦးဇော်တင်ထွန်း-ဒေါက်တာဒေါ်မာလာစိုးတို့၏ အစ်မ၊ ဦးသန်းထွန်း၏ ချစ်ခင်လေးစားရသောဇနီး၊ မရတနာဆုပုံ၊ မောင်ဥာဏ်လင်းထွန်းတို့၏ ချစ်လှစွာသောမိခင် သည် ၂၈-၇-၂၀၂၀ ရက် နံနက် ၂:၂၀ နာရီတွင် ဘဝတစ်ပါးသို့ပြောင်းရွှေ့သွားပါ၍ ကြွင်းကျန်သော ရုပ်ကလာပ်ကို ၃၀-၇-၂၀၂၀ ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်ခန်းမ ၁(က)သို့ ပို့ဆောင် မီးသင်္ဂြိဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း

ပန်းလှိုင်စီလုံဆေးရုံကြီး၏ Clinical & Ancillary Services Director, Dr. ဥမ္မာရှိန်၏ဖခင်ကြီး ဦးထွန်းရှိန် အသက်(၈၉) နှစ်သည် ၂၄-၇-၂၀၂၀ (သောကြာနေ့)တွင် ကွယ်လွန်ကြောင်း သိရှိရသည့်အတွက် ကျန်ရစ်သူမိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

ပါမောက္ခဦးဝင်းမြင့်နှင့် အထွေထွေခွဲစိတ်ကုသမှုဌာန
Pun Hlaing Siloam Hospitals

ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်



ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

နေပြည်တော် ဇူလိုင် ၂၈

နိုင်ငံတကာ ခရီးသည်တင်လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် ကိုရီးယားသမ္မတနိုင်ငံမှ မြန်မာနိုင်ငံသား ၃၇ ဦးနှင့် အမေရိကန်ပြည်ထောင်စု၊ အီဂျစ်နိုင်ငံ၊ ကနေဒါနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံ၊ အီတလီနိုင်ငံ၊ ဟန်ဂေရီနိုင်ငံ၊ ဆိုက်ပရပ်နိုင်ငံ၊ ဂျပန်နိုင်ငံ၊ ဂျာမနီနိုင်ငံတို့မှ မြန်မာနိုင်ငံသား ၇၇ ဦး စုစုပေါင်း ၁၁၄ ဦးတို့အား အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် (၁၅)ကြိမ်မြောက် ကိုရီးယားလေကြောင်းလိုင်း ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

တာဝန်ယူဆောင်ရွက်

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစစ်ဆေးရေးနှင့် ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ ကယ်ဆယ်ရေးလေယာဉ်များ၊ အထူးလေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်ပေးနိုင်ရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ သက်ဆိုင်ရာနိုင်ငံများရှိ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ပေးခဲ့ရာ ယနေ့အချိန်ထိ မြန်မာနိုင်ငံသားစုစုပေါင်း ၉၁၀၅ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

ကြေးမုံ ယနေ့ ဖတ်စရာ



စင်ကာပူဝန်ကြီးချုပ်အဖြစ် လီရှန်လွန်း ပြန်လည် ရွေးကောက်ခံရမှုအတွက် ဝမ်းမြောက်မိကြောင်း တရုတ်ဝန်ကြီးချုပ် လီခချန်း ပြောကြား

စာမျက်နှာ » ၁၃

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှု မှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

စာမျက်နှာ » ၁၅

ပန်းတိုင်မရောက်ခင် တက်မထောင်စေချင်ပါ

စာမျက်နှာ » ၁၆

ရန်ကုန်တိုင်းဒေသကြီးရှိ ဘုရား၊ စေတီများအား ဇူလိုင် ၃၀ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်သွားမည်

စာမျက်နှာ » ၁၇

လာမည့်နှစ်တွင် ပြည်တွင်းဖူဆယ် ပြိုင်ပွဲများ တိုးမြှင့်ကျင်းပရန်စီစဉ်နေ

စာမျက်နှာ » ၂၂

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ မဲဆန္ဒရှင်စာရင်း ပထမအကြိမ် ကပ်ထားကြေညာ

ရန်ကုန် ဇူလိုင် ၂၈

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းများကို သတ်မှတ်နေရာများ၌ ကြေညာထားပြီးဖြစ်ရာ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စုများတွင် မဲစာရင်းများ ကပ်ထားကြေညာဆောင်ရွက်ထားရှိမှုများကို မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဖွဲဝင်များက ယနေ့နံနက်ပိုင်းမှ စတင်ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းသို့ ကွင်းဆင်းစစ်ဆေးရာတွင် မဲဆန္ဒရှင်စာရင်းများကပ်ထားကြောင်း အသိပေးနှိုးဆော်ထားမှု ရှိ၊ မရှိ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှု ရှိ၊ မရှိ၊ မဲဆန္ဒရှင်များအနေဖြင့် မိမိအမည်မပါရှိခြင်း၊ အချက်အလက်ကွဲလွဲမှုရှိခြင်း၊ ပြင်ဆင်၊ ကန့်ကွက်လိုခြင်းတို့အတွက် သတ်မှတ်ပုံစံများပြည့်စုံစွာထားရှိမှု ရှိ၊ မရှိတို့ကို စစ်ဆေးခဲ့ကြောင်း သိရသည်။ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင် ဆန္ဒမဲပေးခွင့်ရှိသူ ၁၃၅၃၃၇ ဦးရှိပြီး မဲရုံ ၁၆၉ ရုံရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



လယ်ဝေးမြို့၌ အခြေခံလူတန်းစားများအား ထောက်ပံ့ငွေပေးအပ်



နေပြည်တော် ဇူလိုင် ၂၈

နေပြည်တော် လယ်ဝေးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စုများအား နိုင်ငံတော်မှထောက်ပံ့ငွေကျပ် ၂၀၀၀၀ စီ ပေးအပ်သည့်အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရွေးဦးစွာ လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးဇော်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းရွှေက ထောက်ပံ့ငွေများပေးအပ်ပြီး ကျေးရွာများမှ ပြည်သူများထံအရောက် ထောက်ပံ့ပေးနိုင်ရန် ပြောကြားသည်။

လယ်ဝေးမြို့နယ်တွင် ပထမအကြိမ်ထောက်ပံ့သည့် အခြေခံစားကုန်(၅)မျိုးနှင့် ဒုတိယအကြိမ် ထောက်ပံ့ငွေကျပ် ၁၅၀၀၀ ရရှိသော အခြေခံလူတန်းစား အိမ်ထောင်စုအားလုံးကို တတိယအကြိမ် ထောက်ပံ့ငွေကျပ် ၂၀၀၀၀ ပေးအပ်သွားမည်ဖြစ်သည်။ ယခုပေးအပ်သည့်ထောက်ပံ့ငွေများအား လယ်ဝေးမြို့နယ်အတွင်းရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံလူတန်းစား အိမ်ထောင်စု ၅၃၅၄ စုကို တစ်အိမ်ထောင်လျှင် ငွေကျပ် ၂၀၀၀၀ နှုန်းဖြင့် စုစုပေါင်းငွေကျပ် ၁၀၇၀၈၀၀၀၀ အား ပြည်သူများလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

ဧရာဝတီမြစ်ရေ ပခုက္ကူမြို့၌ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

နေပြည်တော် ဇူလိုင် ၂၈

ယနေ့ နံနက် ၁၀ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့၌ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ပခုက္ကူမြို့တွင် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ပခုက္ကူမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**